# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၃ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၅၄)


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝဂ်(ဓမ္မပဒ - ၁၄၆)

# စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ လူမှုစီးပွားဘဝမြင့်မားလာရေး ကြိုးပမ်းဆောင်ရွက် အရည်အသွေးကောင်းသီးနှံများ ရရှိရန်အတွက် မျိုးကောင်းမျိုးသန့် သုံးစွဲရန်လို



တောင်သူလယ်သမားစကားဝိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ဇီးကုန်း ကျေးရွာအုပ်စု ဇီးဖြူကုန်းလမ်းဆုံတွင် ယနေ့နံနက် ၉ နာရီက တောင်သူလယ်သမားစကားဝိုင်းကို ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားများ ရွေးချယ်တင်မြှောက်ထားသည့် တောင်သူလယ်သမားကိုယ်စားလှယ် ဦးသိန်းအောင်၊ ဦးညိုဝင်း၊ ဦးသန်းထွန်း၊ ဦးစိုးအေး၊ ဦးသန်းဝင်းနှင့် ဦးသိန်းဇော်၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ

*စာမျက်နှာ ၃ ကော်လံ ၁* ❏

# ဂျာမနီနိုင်ငံသား ဦးဆောင်သည့်အဖွဲ့ မြန်မာနိုင်ငံအတွင်း လည်ပတ်ပြီး မြဝတီဂိတ်မှ ပြန်လည်ထွက်ခွာ

**မြဝတီ မတ် ၂**

Asian Discovery Travels & Tours Co,Ltd ၏ အစီအစဉ်ဖြင့် ဂျာမနီနိုင်ငံသားဧည့်သည် Mr. Michael Maximilian Kreuzmeir အပါအဝင်အဖွဲ့ဝင် ခုနစ်ဦးတို့သည် ၎င်းတို့၏ ကိုယ်ပိုင် မော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ် ခြောက်စီးတို့ဖြင့် မြန်မာနိုင်ငံအတွင်း လည်ပတ်ပြီး မြဝတီ-မဲဆောက် ဝင်ထွက်ဂိတ်မှ ယနေ့ မတ် ၂ ရက် နံနက် ၁၁ နာရီက မြဝတီမှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။ (ယာပုံ)

*စာမျက်နှာ ၅ ကော်လံ ၁* ✻





**တောင်သူများ အကျိုးအမြတ်ရရှိသည့် မြန်မာ့ပြောင်းဈေးကွက်နှင့် အနာဂတ်အလားအလာ**

ဆောင်းပါး စာ ၆



**တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ၌ ဟမ်းဘိုးပင်ဂွင်းငှက် ခြောက်ကောင်ရောက်ရှိ**

စာ ၁၁



**ငွေကြေးဆိုင်ရာ ဖောင်းပွမှုများ အလွန်အကျွံ မဖြစ်နိုင်ကြောင်း အမေရိကန် အရန်ငွေကြေး ဥက္ကဋ္ဌပြော**

စာ ၁၄




မြန်မာ့အလင်း

# အနာဂတ်အတွက် စားနပ်ရိက္ခာတို့ ဖန်တီးဖြည့်ဆည်းခြင်း

ကမ္ဘာ့လူဦးရေသည် ပစ္စုပ္ပန်ကာလ၌ ၇ ဒသမ ၆ ဘီလီယံရှိရာမှ ၂၀၅၀ ပြည့်နှစ်၌ ၉ ဒသမ ၈ ဘီလီယံထိ ရှိလာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေသည်လည်း ပစ္စုပ္ပန်ကာလ၌ ၅၃ ဒသမ ၈၆ သန်းရှိရာမှ ၂၀၅၀ ပြည့်နှစ်၌ ၆၃ ဒသမ ၅၇ သန်းရှိလာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး၌ ဘေးကင်းလုံခြုံအာဟာရ ပြည့်ဝသော သားငါး၊ တိရစ္ဆာန်ထွက် အစားအစာတို့ လုံလုံလောက်လောက် ရရှိရေးသည် လူသားတို့၏ အသက်ရှင်ရပ်တည်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်လာပါသည်။ ဘေးကင်းလုံခြုံအာဟာရပြည့်ဝသည့် သားငါးနှင့် တိရစ္ဆာန်ထွက် အစားအစာတို့ရရှိနိုင်ရန် စနစ်တကျသုတေသနပြုလုပ်စီမံထုတ်လုပ်ထားသည့် တိရစ္ဆာန်အစားအစာနှင့် အာဟာရတို့ လိုအပ်ပါသည်။

တိရစ္ဆာန်အစားအစာနှင့် အာဟာရတို့ ထုတ်လုပ်ရာ၌ ကမ္ဘာ့ထိပ်တန်း ကုမ္ပဏီကြီးဖြစ်သော ထရောင်းနျူထရေးရှင်း (Trouw Nutrition) သည် မြန်မာနိုင်ငံ၌ ၎င်း၏ပထမဦးဆုံးသော စက်ရုံကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ထရောင်းနျူထရေးရှင်းစက်ရုံကို ရန်ကုန်မြို့ သီလဝါအထူးစီးပွားရေးဇုန်အေ၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ ဤစက်ရုံမှ တစ်နှစ်လျှင် တိရစ္ဆာန်အစားအစာ တန်ချိန် ၅၀၀၀ နှင့် တိရစ္ဆာန်အာဟာရအပါအဝင် ဖြည့်စွက်အစားအစာ တန်ချိန် ၂၀၀၀ ထုတ်လုပ်သွားမည် ဖြစ်ပါသည်။ ဤစက်ရုံအတွက် ထရောင်းနျူထရေးရှင်းကုမ္ပဏီက အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ သန်း ရင်းနှီးမြှုပ်နှံခဲ့သည်ဟု သိရှိရပြီး ဤစက်ရုံမှာ ထရောင်းနျူထရေးရှင်း ကုမ္ပဏီက အာရှဒေသတွင် ဆဋ္ဌမမြောက်စက်ရုံအဖြစ် တည်ဆောက်ခဲ့သော စက်ရုံဖြစ်ပါသည်။ ဓာတ်ခွဲခန်းတစ်ခုကိုလည်း ဤစက်ရုံနှင့်အတူ ပူးတွဲတည်ဆောက်ဖွင့်လှစ်ထားသည်ဖြစ်၍ မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍအတွက် သတင်းကောင်းတစ်ရပ်ဖြစ်ပါသည်။

ထရောင်းနျူထရေးရှင်းကို နယ်သာလန်နိုင်ငံ၌ ၁၉၃၁ ခုနှစ်တွင် မိသားစု စီးပွားရေးလုပ်ငန်းအဖြစ် စတင်ထူထောင်ခဲ့ပါသည်။ ထရောင်းနျူထရေးရှင်းသည် ဝန်ထမ်းတို့၏ အရည်အသွေးမြှင့်တင်ရေးနှင့် သုတေသန စဉ်ဆက်မပြတ်ပြုလုပ်ခြင်းတို့ကို ကုမ္ပဏီ၏ အဓိကဒေါက်တိုင်နှစ်ရပ်အဖြစ် စွဲစွဲမြဲမြဲခံယူကျင့်သုံး ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ထရောင်းနျူထရေးရှင်းကို ကမ္ဘာ့နိုင်ငံပေါင်း ၂၅ နိုင်ငံ၌ ဖွင့်လှစ်ထားရှိပြီး တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဝန်ထမ်းပေါင်း ၅၀၀၀ ခန့် ရှိပါသည်။ ထရောင်းနျူထရေးရှင်းသည် ကမ္ဘာ့မွေးမြူရေးကဏ္ဍ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ကျွမ်းကျင်သူပညာရှင် ၂၅၀ ခန့်ဖြင့် စဉ်ဆက်မပြတ် သုတေသန ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

မကြာသေးမီက ထွက်ပေါ်ခဲ့သော သတင်းတို့အပေါ် အခြေခံသုံးသပ်ကြည့်လျှင်ပင် ထရောင်းနျူထရေးရှင်းကုမ္ပဏီ မြန်မာ့ဈေးကွက်သို့ ဝင်ရောက်ခဲ့ခြင်း၏ အရေးပါပုံကို ခန့်မှန်းနိုင်မည်ဖြစ်ပါသည်။ မကြာသေးမီကာလက အိမ်နီးချင်းနိုင်ငံမှ ဝက်တို့ကို မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းခဲ့သည့်သတင်းတို့ ထွက်ပေါ်ခဲ့ပါသည်။ ဤကဲ့သို့ မြန်မာနိုင်ငံထဲသို့ ဝက်တို့ကို တင်သွင်းခဲ့ရခြင်းမှာ မြန်မာ့ဝက်မွေးမြူရေးလုပ်ငန်းတို့၏ ထုတ်လုပ်မှုစွမ်းရည်နိမ့်ကျမှုကြောင့် ဖြစ်ပါသည်။ မြန်မာ့ဝက်မွေးမြူရေးလုပ်ငန်းတို့၏ ထုတ်လုပ်မှုစွမ်းရည် နိမ့်ကျခြင်း၌ ဝက်မွေးမြူရေးဆိုင်ရာ အစားအစာနှင့် အာဟာရတို့ အဆင့်နိမ့်ကျခြင်းအပါအဝင် နည်းပညာဆိုင်ရာ အသိအမြင်နည်းပါးမှုကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထရောင်းနျူထရေးရှင်းကုမ္ပဏီ၏ မြန်မာ့ဈေးကွက်သို့ ဝင်ရောက်လာခြင်းကို ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မန္တလေး၌ ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဆင်း

**မန္တလေး မတ် ၂**

ဓမ္မစကူးလ်ဖောင်ဒေးရှင်း (၉၂၈) ကြိမ်မြောက် မန္တလေးတိုင်းဒေသကြီး ဓမ္မစကူးလ်ကော်မတီ မူလတန်းအဆင့် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဆင်းပွဲကို မတ် ၂ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၂ လမ်းနှင့် ၆၁ လမ်းကြား ၂၆ လမ်းရှိ မေတ္တာနန္ဒဓမ္မဒူတကျောင်းခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ နိုင်ငံတော်သြဝါဒါ စရိယ တိုင်းဒေသကြီး ဓမ္မစကူးလ်ကော်မတီဥက္ကဋ္ဌ ဖောင်တော်ဦးကျောင်း ဆရာတော်က သင်တန်းဆင်းသြဝါဒကထာ မိန့်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဓမ္မစကူးလ်ကော်မတီလူပုဂ္ဂိုလ်အဖွဲ့ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သန်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဓမ္မစကူးလ်ကော်မတီဥက္ကဋ္ဌ ဖောင်တော်ဦးကျောင်း ဆရာတော်ကြီးက မန္တလေးတိုင်းဒေသကြီး အတွင်းမှ သင်တန်းဆင်း ၅၉ ဦး တို့အား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရန်ကုန်တောင်ပိုင်းခရိုင်၌ တောင်သူလယ်သမားနေ့အခမ်းအနား ကျင်းပ




**ရန်ကုန် မတ် ၂**

ရန်ကုန်တောင်ပိုင်းခရိုင် တောင်သူလယ်သမားအသင်းက ကြီးမှူးကျင်းပသော ၂၀၁၈ ခုနှစ် တောင်သူလယ်သမားနေ့အခမ်းအနားကို မတ် ၂ ရက်က ကျောက်တန်းမြို့နယ်ကံပြောင်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် တောင်သူလယ်သမားအသင်း ဥက္ကဋ္ဌ ဦးထွန်းရွှေက တောင်သူလယ်သမားနေ့ ဖြစ်ပေါ်လာပုံနှင့် တောင်သူဦးကြီးများအတွက် သွင်းအားစု၊ မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေ ရရှိရေး အကူအညီပေးလျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေဘုန်းကုမ္ပဏီက တောင်သူများသို့ လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသော ဒေသခံတောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင် တောင်သူလယ်သမားအသင်းအနေဖြင့် ဒေသခံတောင်သူများ၏ စိုက်ပျိုးစရိတ်ချေးငွေများ အတိုးနှုန်းသက်သာစွာရရှိရေးအတွက် တောင်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

*ထင်သာမြင်သာ ပြုပြင်စရာ*

## နမ့်ခမ်းမြို့လယ် မီးပွိုင့်လမ်းဆုံနေရာ၌ ပေါက်နေသော လမ်းကို အမြန်ပြုပြင်ပေးစေလို



ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့လယ် လမ်းဆုံမီးပွိုင့်အနီး ပြည်ထောင်စုလမ်းမကြီးမှ လျှပ်စစ်ရုံးကွေ့ဝင်သည့် လမ်းထောင့်၌ ရေပြွန်မြောင်းပေါ်ခင်းထားသည့် သံကူကွန်ကရစ်လမ်းမှာ လွန်ခဲ့သော တစ်လကျော်ခန့်ကတည်းက အပေါက်ဖြစ်၍ ပျက်စီးရာမှ တဖြည်းဖြည်းအပေါက်ကျယ်လာပြီး ယခုအခါ သုံးပေကျော်ခန့်ရှိ အပေါက်ကြီး ဖြစ်လာခဲ့သည်။ **(ဓါတ်ပုံ)**

အဆိုပါလမ်းမှ လက်ယာဘက်ကွေ့ဝင် မောင်းနှင်ကြရသော ယာဉ်များမှာ တစ်ဖက်ယာဉ်ကြောကိုယူ၍ မောင်းနှင်သွားလာရသည့်အတွက် သွားလာရ အဆင်မပြေသည့်အပြင် ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လာနိုင်ပြီး ထိုသို့မဖြစ်ပွားစေရေးနှင့် အများပြည်သူများ သွားလာရေးအဆင်ပြေစေရေးအတွက် သက်ဆိုင်ရာမှ ပြုပြင်ဆောင်ရွက်ပေးရန် ပြည်သူများက လိုလားနေကြောင်း သိရသည်။

**၁၁၈**

## မှုခင်းအသိပညာပေး ယာဉ်ဖြင့် လှည့်လည်ဟောပြော

**မန္တလေး မတ် ၂**- မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုအရ မိတ္ထီလာခရိုင် ဒုတိယရဲမှူးကြီး သိန်းကိုကို၏ ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးညွန့်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ နောက်ဆုံးပတ်က တောမကျေးရွာနှင့် ကန်တောင်ကျေးရွာတို့တွင် မှုခင်းအသိပညာပေးပြခန်းယာဉ်ပြသ၍ မှုခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲများတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးညွန့်ထွန်း၊ မြို့နယ်ဒုရဲတပ်ဖွဲ့မှူး ဒုရဲမှူး ကျော်ဦး၊ အမှတ် (၂) ရဲစခန်းမှ စခန်းမှူး ရဲအုပ်ဇော်ဝင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူး မြင့်စိုးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးမှ ဒုရဲမှူး ဝင်းညွန့်တို့က မှုခင်းကျဆင်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းအသိပညာပေးဟောပြောကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်လှိုင် (မိတ္ထီလာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂-၃-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ ·၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ·၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❑ *ရှေ့ဖုံးမှ*

❑ ရှေ့ဖုံးမှ

တောင်သူလယ်သမားများ စုစုပေါင်း ၁၅၀၀၀ ကျော် တက်ရောက်ကြသည်။

အစီအစဉ်အရ တောင်သူလယ်သမား စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် တောင်သူလယ်သမားကိုယ်စားလှယ်များက တစ်ဦးချင်း မိတ်ဆက်စကားနှင့် ဆွေးနွေးချက်အကြောင်းအရာများအလိုက် ဆွေးနွေးတင်ပြကြသည်။

**ရေးဆွဲချမှတ်ထား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် တောင်သူလယ်သမားများ အပါအဝင် လယ်ယာကဏ္ဍတွင် ဆက်နွှယ်ပတ်သက်သူအားလုံး၏ တာဝန်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်ထားပြီး ဖြစ်ပါကြောင်း။

ချမှတ်ထားသည့် မူဝါဒများထဲမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ထုတ်လုပ်မှု စွမ်းအားမြင့်မားလာရေး၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေး၊ ဘေးကင်းပြီး အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာများ ထုတ်လုပ်ရေး၊ လယ်ယာထုတ်ကုန်များ ပြည်ပသို့ တိုးတက်တင်ပို့နိုင်ရေး၊ ကျေးလက်ဒေသ လူမှုစီးပွားဘဝ တိုးတက်စေရေးတို့ ပါဝင်ပါကြောင်း။

**ဥပဒေများရေးဆွဲပြဋ္ဌာန်း**

တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်အရင်းအနှီး အထောက်အကူဖြစ်စေရန်၊ လယ်ယာထွက်ကုန်များ မျှတသည့်ဈေးနှုန်းနှင့် ခိုင်မာသောဈေးကွက်ရရှိစေရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်မှုများကို ကူညီထောက်ပံ့ပေးရန် ရည်ရွယ်ချက်များဖြင့် "တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေနှင့် နည်းဥပဒေ" ကို ရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်ပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ဝန်ကြီးဌာနအနေဖြင့် လုပ်ကွက်ငယ် တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိရာတွင် မူဝါဒ၊ ဥပဒေ၊ လုပ်ငန်းစဉ်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**မျိုးကောင်းမျိုးသန့်သုံးစွဲ**

သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် အရည်အသွေးကောင်း သီးနှံများရရှိရန်အတွက် မျိုးကောင်းမျိုးသန့် သုံးစွဲရန်လိုအပ်ပါကြောင်း၊ လိုအပ်သည့် သီးနှံမျိုးစေ့များ လုံလုံလောက်လောက် ရရှိနိုင်ရန် တောင်သူအစုအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မျိုးစေ့ ထုတ်သမဝါယမအသင်းများနှင့် ဆောင်ရွက်လျက်ရှိရာတွင် ယခုနှစ်အတွင်း စပါးမျိုးစေ့ထုတ်ဧရိယာ ခုနစ်သောင်းခန့် စိုက်ပျိုးပြီး မျိုးစေ့အထွက်တင်း ငါးသန်းကျော် ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ တစ်ဖက်တွင်လည်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် လယ်ယာသီးနှံများ အရည်အသွေးကောင်းမွန်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ထုတ်ပြန်ပညာပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများအနေနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်သွားရန်လည်း တိုက်တွန်းလိုပါကြောင်း။

**ဥပဒေနှင့်အညီအရေးယူ**

တောင်သူလယ်သမားကြီးများ အနေဖြင့်လည်း ဘေးကင်းပြီး အရည်အသွေးကောင်းသည့် သီးနှံများကို ရရှိရန်အတွက် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးစသည့် ဓာတုဆေးဝါးများ အသုံးပြုရာတွင် ဥပဒေနှင့်အညီ စနစ်တကျ မှတ်ပုံတင်ရောင်းချသည့် ဆေးဝါးများကို ပါရှိသည့်အညွှန်းများအတိုင်း လိုက်နာသုံးစွဲကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အန္တရာယ်ရှိသည့်၊ အရည်အသွေးမပြည့်မီသည့် ဓာတုဆေးဝါးများ ရောင်းချဖြန့်ဖြူးမှုများကို ပိုးသတ်ဆေးဥပဒေ၊ မြေသြဇာ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

**သင်တန်းများပို့ချပေး**

လက်ရှိ ရင်ဆိုင်နေကြရသည့် လယ်ယာလုပ်သား ရှားပါးလာမှု၊ လုပ်ခမြင့်တက်လာမှုတွေကြောင့် လယ်ယာလုပ်ငန်းခွင် မထိခိုက်စေရန် စက်ကိရိယာကို ပိုမိုသုံးစွဲရန် ဝန်ကြီးဌာနအနေဖြင့် တွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူများ သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် သုံးနှစ် ခြောက်ရစ်ပြန်ဆပ်သည့်စနစ်နှင့် လယ်ယာသုံး စက်ကရိယာများ ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိရာတွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်အထိ ထွန်စက်ကြီး အစီး၁၃၂၀၊ ရိတ်သိမ်းခြွေလှေ့စက် ၅၇ စီးကို တောင်သူများထံသို့ ရောင်းချပေးခဲ့ပြီး တောင်သူများ စက်ကိရိယာများကို ကိုယ်တိုင်မောင်းနှင် ပြင်ဆင်ထိန်းသိမ်းနိုင်စေရန် သင်တန်းများကိုလည်း ပို့ချပေးလျက်ရှိပါကြောင်း။

**တောင်သူပညာပေးဆောင်ရွက်**

ဒေသအသီးသီးတွင် စိုက်ပျိုးထုတ်လုပ်နေကြသည့် တောင်သူလယ်သမားများအနေနှင့် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုကြောင့် ထိခိုက်ဆုံးရှုံးရမှုများ လျော့နည်းစေရေးအတွက် လိုက်လျောညီထွေဖြစ်မည့် သီးနှံနှင့် သီးနှံပုံစံ၊ စိုက်စနစ်များကို ပြောင်းလဲဆောင်ရွက်သွားနိုင်ရေးအတွက် တောင်သူပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှသည် ပြုပြင်ကြိတ်ခွဲ၊ ထုပ်ပိုးပြီး ဈေးကွက်တွင် ရောင်းချသည်အထိ လုပ်ငန်းစဉ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှ လယ်ယာကဏ္ဍကြီး တိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးစကားပြောကြား**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးစကားပြောကြားသည်။

**ကာကွယ်ရေးဥပဒေပေါ်ပေါက်ရေး တင်ပြဆွေးနွေး**

ဆွေးနွေးစကားဝိုင်းတွင် တောင်သူလယ်သမား ကိုယ်စားလှယ်များက အတိုးနည်း နှစ်ရှည်ချေးငွေရရှိရေးနှင့် လိုအပ်မှုအကြောင်းအရာများကိုလည်းကောင်း၊ စိုက်ပျိုးရေး သွင်းအားစုမြေသြဇာ၊ စက်ယန္တရားများ၏ အရည်အသွေးကို လယ်သမားကိုယ်စားလှယ်များက စစ်ဆေးခွင့်နှင့် ပတ်သက်၍ လည်းကောင်း၊ လယ်ယာမြေ အငြင်းပွားမှုနှင့် မြေလွတ်၊ မြေရိုင်း၊ မြေနု ခွဲဝေခြင်းများကို ဥပဒေနှင့်အညီ လုပ်ဆောင်ပေးခြင်းဆိုင်ရာများကို လည်းကောင်း၊ လယ်သမားများ၏ ကိုယ်စားလှယ်များက တင်ပြလာမှုကို သက်ဆိုင်ရာ အစိုးရမှ အသိအမှတ်ပြုပေးခြင်း ဆိုင်ရာများကို လည်းကောင်း၊ လယ်ယာထွက်ကုန်များကို ပြည်တွင်း ပြည်ပ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်ရရှိရေးနှင့် ပတ်သက်၍ လည်းကောင်း၊ လယ်ယာလုပ်ငန်းခွင် အခက်အခဲများ ဖြေရှင်းပေးနိုင်သည့် ကာကွယ်ရေး ဥပဒေပေါ်ပေါက်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း တင်ပြဆွေးနွေးကြသည်။

**အဆိုတင်သွင်းမှုထောက်ခံ**

ထို့နောက် တောင်သူလယ်သမားစကားဝိုင်း ဆွေးနွေးချက်များကို အဆိုတင်သွင်းရာ အခမ်းအနား တက်ရောက်လာကြသူများက ထောက်ခံခဲ့ကြသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တောင်သူများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည့် ကုမ္ပဏီများမှ ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ကိရိယာများအား လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်သူလယ်သမားနေ့ ဂုဏ်ပြုလမ်းလျှောက်မှုနှင့်အတူ တောင်သူလယ်သမားများ၏ ပီတိစကားသံများ



**တောင်သူ ဆလိုင်းကာလက်**



**တောင်သူ ဦးလှဝင်း**



**တောင်သူ ဦးဌေးလွင်**



**တောင်သူ ဒေါ်ခင်လေးဖြူ**



**ဦးတာနော**



**ဦးသန်းဆွေ**

**ရန်ကုန် မတ် ၂**

မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်သူလယ်သမားများနှင့် အလုပ်သမားများ စုစုပေါင်း လေးထောင်ခန့်သည် ယနေ့နံနက်ပိုင်းက အခမ်းအနား ကျင်းပမည့် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) ဘောလုံးကွင်းသို့ လမ်းလျှောက် ချီတက်ကြသည်။

နံနက် ၇ နာရီခန့်မှ စတင်ကာ လှိုင်သာယာမြို့နယ် နဝဒေးကားမှတ်တိုင်အနီး၌ နယ်မြေဒေသအသီးသီးမှ တောင်သူလယ်သမားများနှင့် အလုပ်သမားများ စတင်စုဝေးရောက်ရှိခဲ့ကြပြီး နံနက် ၈ နာရီတွင် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပမည့် နေရာသို့ ကြွေးကြော်သံများဖြင့် လမ်းလျှောက် ချီတက်ခဲ့ကြခြင်းဖြစ်သည်။

ထို့နောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် အခမ်းအနားကို ကျင်းပရာတွင် ဖျော်ဖြေရေး အစီအစဉ်များအပြင် လယ်ယာသုံးစက်ကိရိယာများနှင့် အထောက်အကူပြုပစ္စည်း၊ စိုက်ပျိုးရေးသုံး ရွက်ဖျန်းဆေး၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး ၊ မျိုးစေ့ပြခန်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများပြခန်းများနှင့် ဒေသထွက်ကုန်များ ရောင်းချသည့် ဆိုင်ခန်းများကို ခင်းကျင်းပြသ၊ ရောင်းချလျက်ရှိရာ တက်ရောက်လာကြသည့် တောင်သူ လယ်သမားများက စိတ်ဝင်တစားဖြင့် ကြည့်ရှုလေ့လာ အားပေးကြသည်။

အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (CTUM)၏ ကဏ္ဍအလိုက် အဖွဲ့ချုပ်တစ်ခုဖြစ်သော မြန်မာနိုင်ငံ တောင်သူလယ်သမားနှင့် စိုက်ပျိုးရေး အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (AFFM) က ပထမဆုံးအကြိမ်အဖြစ် ဦးဆောင်ကျင်းပခြင်းဖြစ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့နှင့်အတူ နယ်မြေဒေသအသီးသီးမှ တက်ရောက်လာကြသည့် တောင်သူလယ်သမားများ၏ အမြင်များကို ကောက်နုတ် ဖော်ပြပေးလိုက်ပါသည်။

**တောင်သူ ဆလိုင်းကာလက်**
**(တောင်တွင်းကြီးမြို့နယ်၊ သဲဖြူကျေးရွာ)**

တောင်သူလယ်သမားနေ့ ဆိုတော့ တောင်သူနဲ့ဆိုင်တဲ့ အသိအမြင်တွေ ရအောင် လာခဲ့တာပါ။ ဒီရောက်လာတော့ လယ်ယာစိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ အများကြီးရပါတယ်၊ ကျွန်တော်တို့ တောင်သူတွေအတွက် အားရစရာပါပဲ၊ တောင်သူတွေရဲ့ အားနည်းချက်တွေကို ဒီပွဲကနေရခဲ့တဲ့ စိုက်ပျိုးမှု နည်းပညာတွေကို အသုံးချပြီး အားသာချက်အဖြစ် ပြောင်းလဲသွားနိုင်လိမ့်မယ်လို့မြင်ပါတယ်၊ လာမယ့်ရှေ့ရေးအတွက် အားတက်စရာပါပဲ။

**တောင်သူ ဦးလှဝင်း**
**(သထုံမြို့နယ်၊ ကျပန်းကျေးရွာ)**

ဒီလို အထိမ်းအမှတ်ပွဲတွေ အများကြီး လုပ်သင့်ပါတယ်၊ ကျွန်တော်တို့ နိုင်ငံဟာ လယ်ယာမြေကို အခြေခံတဲ့ နိုင်ငံဖြစ်တဲ့အတွက် ဒီလိုပွဲတွေအများကြီး လိုအပ်ပါတယ်၊ ဒီပွဲကနေ စိုက်ပျိုးနဲ့ ပတ်သက်တဲ့ အသိပညာတွေ အများကြီး ရပါတယ်၊ တောင်သူလယ်သမားတွေရဲ့ အသံ၊ ရင်တွင်းခံစားချက်တွေကို ဒီနေရာကနေ ဖော်ထုတ်ခွင့်ရသလို ခံစားရပါတယ်၊ အခုကျွန်တော်တို့ နိုင်ငံရဲ့ လယ်သမားထုအနေနဲ့ သွေးစည်းညီညွတ်မှုဟာ အားနည်းနေသေးတယ်လို့ မြင်ပါတယ်၊ ဒီလိုပွဲတွေကို များများလုပ်ပေးခြင်းအားဖြင့် တောင်သူလယ်သမားတွေ သွေးစည်းညီညွတ်မှု ပိုမိုအားကောင်းလာပြီး စိုက်ပျိုးမှု စွမ်းအားတိုးတက်မြင့်မားလာမယ့်အပြင် နိုင်ငံတော်အတွက်လည်း ကောင်းမွန်တဲ့ အကျိုးကျေးဇူးတွေ ရရှိလာနိုင်မှာ ဖြစ်ပါတယ်။

**တောင်သူ ဦးဌေးလွင်**
**(လှည်းကူးမြို့နယ်၊ ကလီထော်ကျေးရွာ အုပ်စု နှုတ်ခမ်းမွေးသိုက်ကျေးရွာ)**

ဒီလိုပွဲတွေ မကျင်းပတာ ကြာခဲ့ပါပြီ၊ ကျွန်တော်တို့ တောင်သူလယ်သမားတွေရဲ့ ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် လယ်သမားတွေရဲ့ အကျိုးစီးပွားကို ဘယ်လိုကာကွယ်စောင့်ရှောက်မလဲဆိုတဲ့ အပေါ် အသိအမြင်တွေရရှိဖို့ အခုလို လာရောက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်၊ AFFM အနေနဲ့ လယ်ယာမြေ ဥပဒေနဲ့ပတ်သက်ပြီး ပြင်ဆင်ရေးလုပ်နေတယ်၊ စိုက်ပျိုးရေး နည်းပညာတွေကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်နေတယ်၊ ဒါတွေကို တောင်သူလယ်သမားတွေအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် သိရအောင်လာခဲ့တာပါ၊ ဒီကိုရောက်တဲ့အခါမှာ ပြခန်းတွေ ကြည့်ရတယ်၊ အဲဒီကနေ အသိပညာတွေ အများကြီးရပါတယ်၊ ရရှိတဲ့ အသိပညာတွေကို လက်တွေ့လုပ်ဆောင်တဲ့နေရာမှာ အသုံးချတတ်ရင် အများကြီးအကျိုးရှိမှာ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အများကြီး အထောက်အကူပြုပါတယ်၊ နိုင်ငံအတွက်လည်း အကျိုးရှိမှာ ဖြစ်ပါတယ်၊ နိုင်ငံတော်အစိုးရ လုပ်နေတဲ့ စီမံကိန်းတွေမှာလည်း တောင်သူလယ်သမား သမဂ္ဂတွေအနေနဲ့ ပါဝင်ဆောင်ရွက်ခွင့်ရစေချင်ပါတယ်။

**တောင်သူ ဒေါ်ခင်လေးဖြူ**
**(ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်၊ သိမ်ကုန်းကျေးရွာအုပ်စု)**

ဒီလိုပွဲတွေ လုပ်ခြင်းအားဖြင့် တောင်သူလယ်သမားတွေရဲ့ စိတ်ဓာတ်ကို မြှင့်တင်ပေးလိုက်သလိုပါပဲ၊ အနယ်နယ်အရပ်ရပ်က တောင်သူလယ်သမားတွေကို တစုတဝေးတည်း တွေ့ရတဲ့အတွက် အချင်းချင်း စကားတွေပြောဖြစ်ကြတယ်၊ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ အသိပညာ၊ ဗဟုသုတတွေ အများကြီး ရခဲ့ပါတယ်၊ ကိုယ်သိရှိခဲ့တာတွေကို ကိုယ့်ရဲ့ ဘဝတူ တောင်သူလယ်သမားတွေထံ ပြန်လည်မျှဝေပေးသွားမှာ ဖြစ်ပါတယ်၊ နောင်နှစ်တွေမှာ အခုလို ပွဲတွေလုပ်ခဲ့ရင်လည်း ရှမ်းပြည်နယ်က ထွက်တဲ့ ဒေသထွက်သီးနှံတွေကို ပြပွဲလေးတွေလုပ်ရင်း ရောင်းချသွားချင်ပါတယ်။

**ဦးတာနော**
**(ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မင်းဇီဂတ်တဲကျေးရွာ)**

ကျွန်တော်တို့ တောင်သူလယ်သမားတွေရဲ့ ဘဝတိုးတက်ရေးနဲ့ လာရောက်ခဲ့တာပါ၊ လက်မှုလယ်ယာကနေ စက်မှုလယ်ယာခေတ်ကို အကောင်းဆုံး ဆောင်ရွက်နိုင်အောင် တစ်ဆင့်ပြီး တစ်ဆင့် လုပ်သွားဖို့ အစီအစဉ်ရှိပါတယ်၊ ကျွန်တော့်ရဲ့ ဦးတည်ချက်ကတော့ တောင်သူလယ်သမား ဘဝတွေ တိုးတက်ဖို့ပါပဲ၊ အခုဒီလိုပွဲတွေ ကျင်းပခြင်းအားဖြင့် တောင်သူလယ်သမားတွေ တစ်ဦးနဲ့တစ်ဦး ပိုပြီး ပွင့်လင်းမြင်သာမှုရှိလာမယ်၊ စိုက်ပျိုးမှုနည်းစနစ်တွေနဲ့ ပတ်သက်ရင်လည်း ပိုမိုကောင်းမွန်တဲ့ နည်းပညာတွေ ရရှိလာမှာ ဖြစ်ပါတယ်၊ တောင်သူလယ်သမားတွေအနေနဲ့ စိုက်ပျိုးရေး နည်းပညာတွေ၊ စိုက်ပျိုးမှုနည်းစနစ်တွေကို ဒီထက်ပိုပြီးလေ့လာသင့်ပါတယ်။

**ဦးသန်းဆွေ**
**(မြန်မာနိုင်ငံတောင်သူလယ်သမားနှင့် စိုက်ပျိုးရေး အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်(AFFM) ဥက္ကဋ္ဌ**

ကျွန်တော်ကတော့ ဥပဒေသမားဆိုတော့ လယ်ယာမြေဥပဒေကို ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်နေပါတယ်၊ လယ်ယာမြေဥပဒေရဲ့ အားနည်းချက်တွေကို ပြည့်စုံကောင်းမွန်သွားအောင် လုပ်ဆောင်နေပါတယ်၊ ဒီပွဲကို ကျင်းပရတာကတော့ အစိုးရနဲ့ လွှတ်တော်က လယ်သမားတွေရဲ့အခက်အခဲနဲ့ ပတ်သက်ပြီး မသိသေးတဲ့ အချက်တွေကို သိသွားအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာပါ၊ ကျွန်တော်တို့နိုင်ငံမှာ လယ်ယာထုတ်ကုန် တိုးတက်လာပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ လယ်ယာမြေဖွံ့ဖြိုးမှုဖြစ်ဖို့ အရေးကြီးပါတယ်။

**တွေ့ဆုံမေးမြန်း - ဇော်ကြီး**
**ဓာတ်ပုံ - ဖေဇော်**

# ကင်းချောင်းတံတားတည်ဆောက်ရေးစီမံကိန်းအတွက် တံတားသံပေါင်ဝယ်ယူရေး စာချုပ်ချုပ်ဆိုပွဲကျင်းပ




**နေပြည်တော် မတ် ၂**
ဆောက်လုပ်ရေးဝန်ကြီးဌာန ကင်းချောင်းတံတားတည်ဆောက်ရေးစီမံကိန်းအတွက် တံတားသံပေါင်ဝယ်ယူရေး စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် ဩစတြီးယားနိုင်ငံ MCE GmbH မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လက်မှတ်ရေးထိုး**

အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ဩစတြီးယားနိုင်ငံ MCE GmbH မှ CEO Dr. Dieter Reitz တို့က အမှာစကားပြောကြားပြီး အမြဲတမ်းအတွင်းဝန်နှင့် Dr. Dieter Reit တို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

**သတင်းစဉ်**

# ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် နိုင်ငံအဆင့် အစီရင်ခံစာပြုစုခြင်းမိတ်ဆက်

**နေပြည်တော် မတ် ၂**
ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် နိုင်ငံအဆင့် အစီရင်ခံစာ ပြုစုခြင်း မိတ်ဆက် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်က နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က အမှာစကားပြောကြားခဲ့ပြီး **(ယာပုံ)** ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဆက်စပ်ဌာန အဖွဲ့အစည်းများ၊ တက္ကသိုလ်များမှ ကိုယ်စားလှယ်များ၊NGO များမှ NBSAP (၂၀၁၅-၂၀၂၀) အကောင်အထည်ဖော်မှု ကြီးကြပ်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ငါးဖွဲ့မှ အဖွဲ့ဝင်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် နိုင်ငံအဆင့် အစီရင်ခံစာကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန် နောက်ဆုံးထား၍ CBD အတွင်းရေးမှူးရုံးသို့ ပေးပို့ရမည်ဖြစ်သည်။ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် NBSAP (၂၀၁၅-၂၀၂၀) အကောင်အထည်ဖော်မှုကို လမ်းညွှန်ကြီးကြပ်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဆက်စပ်ပတ်သက်သည့် ကဏ္ဍများမှ အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် အမျိုးသားအဆင့် ဇီဝ မျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်၍ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် နိုင်ငံအဆင့် အစီရင်ခံစာသည် နိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးရှိစွာ အသုံးပြုခြင်းဆိုင်ရာ ကတိကဝတ်များ၊ ကြိုးပမ်းအားထုတ်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ကမ္ဘာသို့ သိရှိအောင် ဖွင့်လှစ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်သည်။

**ရည်မှန်းချက်များချမှတ်**

မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများ၏ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် စဉ်ဆက်မပြတ်အသုံးပြုခြင်းတို့အတွက် လမ်းညွှန်မှုများ ပံ့ပိုးနိုင်ရန် ကမ္ဘာ့အဆင့် ဇီဝမျိုးစုံမျိုးကွဲမဟာဗျူဟာများကို အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေး (Conference of the Parties -COP) များတွင် ချမှတ်ထားပြီး ၂၀၀၂ ခုနှစ်၊ နယ်သာလန်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၆) ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများအစည်းအဝေး (COP 6) တွင် ၂၀၁၀ ဇီဝမျိုးစုံမျိုးကွဲ ရည်မှန်းချက်များကို ချမှတ်ခဲ့သည်။

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ၂၀၁၀ ပြည့်နှစ်၌ ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက် အစည်းအဝေး(COP10) တွင် ချမှတ်ခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲရည်မှန်းချက်များကို ၂၀၁၁-၂၀၂၀ ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ မဟာဗျူဟာစီမံချက်ဖြင့် အစားထိုးခဲ့ပြီး စီမံချက်တွင် မဟာဗျူဟာ ငါးခု၊ ရည်မှန်းချက် ၂၀ ခုကို အခြေခံထားပြီး အာအိချိ ဇီဝမျိုးစုံမျိုးကွဲရည်မှန်းချက်ဟု လူသိများသည်။

**ပြင်ဆင်ရေးဆွဲခဲ့**

မဟာဗျူဟာစီမံချက်ကို အခြေခံပြီး CBD အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအဆင့် ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များကို ပြင်ဆင်မွမ်းမံကြရပြီး မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုအရ ပေါ်ထွက်လာသော စိန်ခေါ်မှုနှင့် အခွင့်အလမ်းအသစ်တို့ကို ဖြေရှင်းရန်၊ အသုံးပြုရန်နှင့် နိုင်ငံ၏ အာအိချိ ဇီဝမျိုးစုံမျိုးကွဲ ရည်မှန်းချက်များနှင့် ကိုက်ညီရန် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (၂၀၁၅-၂၀၂၀)ကို ပြင်ဆင်ရေးဆွဲခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# (၆၉)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ပွဲတော် လွိုင်ကော်၌ကျင်းပ

**လွိုင်ကော် မတ် ၂**
ကယားပြည်နယ်အတွင်းရှိ ပအိုဝ်း တိုင်းရင်းသားများ၏ (၆၉) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို မတ် ၁ ရက် နံနက် ၈ နာရီက လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု ပဒါးညေးကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း၌ ကျင်းပခဲ့သည်။

**ဖတ်ကြားဆောင်ရွက်**

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအလံအား အလေးပြုခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပေးပို့လာသည့် သဝဏ်လွှာအား ဒေါ်နန်းခမ်းဦးက ဖတ်ကြားခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ ပေးပို့သည့် သဝဏ်လွှာအား ဦးခွန်ဟန်ဆောင်က ဖတ်ကြားခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပေးပို့သော သဝဏ်လွှာအား ဦးခွန်ရွှေထီးက ဖတ်ကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားပြီး ပအိုဝ်းအမျိုးသားခေါင်းဆောင်ကြီး အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဝဏ္ဏကျော်ထင် ဦးအောင်ခမ်းထီနှင့် ပအိုဝ်း အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုမှ ပေးပို့သည့် သဝဏ်လွှာတို့အား ဖတ်ကြားခြင်းများ ဆောင်ရွက်ကြသည်။

**ထောက်ပံ့လှူဒါန်း**

ထို့နောက် ကယားပြည်နယ် ဝန်ကြီးချုပ်မှ ပအိုဝ်းအမျိုးသားနေ့ ကျင်းပရာတွင် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေကျပ် ၁၀ သိန်းကို တာဝန်ရှိသူထံသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်အခြေအနေ

**နေပြည်တော် မတ် ၂**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၃၂ ဒသမ ၇၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၆ ဒသမ ၈၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၃၉ ဒသမ ၆၃ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၄၁ ဒသမ ၅၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၆ ဒသမ ၀၇ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၁၅၅၇ ဒသမ ၆၀ ဖြစ်သည်။သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၉၇ ဒသမ ၂၃ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၁၇ ဒသမ ၉၇ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၁၉၆ ဒသမ ၉၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၁၁ ဒသမ ၂၆ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၄၀၈ ဒသမ ၂၂ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၂၁၃ ဒသမ ၉၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၄၇ ဒသမ ၀၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၀၆၀ ဒသမ ၉၄ သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၁၄၆၉ ဒသမ ၁၆ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၆၅၂ ဒသမ ၇၂ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် မတ် ၂**
စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# မစ္စတာ အီချိရော့ မာရုယာမအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်

**နေပြည်တော် မတ် ၃**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ အီချိရော့ မာရုယာမအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဂျပန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အီချိရော့ မာရုယာမကို ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ၁၉၇၈ ခုနှစ်၊ မတ်လတွင် Chou University စီးပွားရေးဌာနမှ ဘွဲ့ရရှိခဲ့သည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၇၈ ခုနှစ်၊ ဧပြီလတွင် စတင်ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၄ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့တွင် ပထမအတွင်းဝန်အဖြစ် လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ကျိုတိုမြို့ နိုင်ငံတကာရေးရာ မြှင့်တင်ရေးရုံး၊ အထွေထွေရေးရာဗျူရိုတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၌ သံမှူးအဖြစ် လည်းကောင်း၊ ၂၀၀၆ ခုနှစ်၊ မေလတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှနှင့် သမုဒ္ဒရာနိုင်ငံများဆိုင်ရာဗျူရို၊ အနောက်တောင်အာရှနှင့် ပထမအရှေ့တောင်အာရှဌာန၏ အကြီးတန်း ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ် လည်းကောင်း၊၂၀၀၆ ခုနှစ်၊ ဩဂုတ်လတွင် နိုင်ငံခြားရေးမူဝါဒရေးရာ ဗျူရို၊ မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန၊ အကြီးတန်း နိုင်ငံခြားရေး မူဝါဒရေးရာ ညှိနှိုင်းရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် အပြန်အလှန်ဖလှယ်ရေး အစီအစဉ်ဌာန၊ ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံခြားရေး မူဝါဒရေးရာဗျူရို၊ ပင်လယ်ရေကြောင်း လုံခြုံရေး မူဝါဒရေးရာဌာန ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှစတင်၍ လက်ရှိအချိန်အထိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတွင် သံမှူးကြီး၊ သံရုံးဒုတိယအကြီးအကဲအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

**သတင်းစဉ်**

# ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုတွင် ပါဝင်ခဲ့သော်

ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုဟူသည် လူနှစ်ယောက် သို့မဟုတ် နှစ်ယောက်ထက်ပိုသူများက ဥပဒေနှင့်မညီသော ပြုလုပ်မှုကို သော်လည်းကောင်း၊ ဥပဒေနှင့် မညီသောနည်းဖြင့် ဥပဒေနှင့်မညီ မဟုတ်သောပြုလုပ်မှုကိုသော်လည်းကောင်း ပြုရန် သို့တည်းမဟုတ် ပြုစေရန် သဘောတူညီလျှင် ထိုသဘောတူညီချက်ကို ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုဟု ခေါ်သည်။

ဤတွင် ပြစ်မှုကျူးလွန်ရန် သဘောတူညီချက်ဖြစ်ခဲ့ပါမူ သဘောတူညီသည့်အတိုင်း ပြုလုပ်ရန် မလိုပါ။ သဘောတူညီသည်နှင့် ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှု၊ ပြစ်မှုကို ကျူးလွန်ရာရောက်သည်။ (ပုဒ်မ ၁၂၀-က)

**(၁၉-၁-၂၀၁၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများပါ ဆောင်းပါးရှင် မောင်စာဂ၏ ရာဇဝတ်ပြစ်မှု တစ်ခုကျူးလွန်သည်ဆိုရာဝယ် ဆောင်းပါးမှ ကောက်နုတ်ချက်)**

## ရုံးပိတ်ရက်ရှည်ကာလ မန္တလေးမြို့တန်ခိုးကြီးဘုရားများနှင့် အပန်းဖြေစခန်းနေရာများတွင် ခရီးသွားများဖြင့် အထူးစည်ကားနေ

**မန္တလေး မတ် ၂**

မန္တလေးမြို့တွင် ရုံးပိတ်ရက်ရှည်ကာလအတွင်း ကုသိုလ်ပြုဘုရားဖူးရန်နှင့် အပန်းဖြေအနားယူရန် အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းခရီးသွားများ ဝင်ရောက်လာမှုကြောင့် တန်ခိုးကြီးဘုရားများနှင့် အပန်းဖြေစခန်းရှိရာ နေရာများတွင် အထူးစည်ကားလျက်ရှိကြောင်း သိရှိရသည်။

**ကုသိုလ်ပြုလှူဒါန်း**

ရုံးပိတ်ရက်ရှည် ခံစားရရှိသဖြင့် လွတ်လပ်ပေါ့ပါးစွာ ထွက်ခွာလာကြသည့် ပြည်တွင်းခရီးသွားများသည် မန္တလေးမြို့ရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများဖြစ်သော မဟာမုနိ၊ မန္တလေးတောင်၊ ကျောက်တော်ကြီးနှင့် ကုသိုလ်တော်ဘုရားများသို့ အများဆုံး သွားရောက်ဖူးမြော်၍ ကုသိုလ်ပြုလှူဒါန်းမှုများ ပြုလုပ်ကြကြောင်း သိရသည်။

"ကုသိုလ်တော်ဘုရားကို ဘုရားဖူးတွေ ပုံမှန်လာကြပေမယ့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်တဲ့အတွက် နိုင်ငံခြားသားတွေ ပိုပြီး အလာများတယ်၊ ပြီးခဲ့တဲ့လကစပြီး ပိတ်ရက်တွေမှာ ပြည်တွင်း ဘုရားဖူးတွေ ကားကြီး၊ ကားငယ်တွေနဲ့ လာရောက်ကြတာကို တွေ့ရတယ်၊ ပြည်တွင်းက ဘုရားဖူးတွေ အလာများတဲ့အတွက် ကျွန်မတို့ ပန်းတွေ ပိုပြီး ရောင်းကောင်းတယ်" ဟု ကုသိုလ်တော်ဘုရားမှ ကြာပန်းရောင်းသူတစ်ဦးက ပြောသည်။

ယခု ရုံးပိတ်ရက်ရှည်ကာလသည် မန္တလေးမြို့ ဒုဋ္ဌဝတီမြစ်ကမ်းနံဘေးတွင် တပေါင်းလပြည့်နေ့မှ စတင်ကျင်းပနေသည့် သမိုင်းဝင် ရွှေစာရံဘုရားပွဲတော်နှင့် တိုက်ဆိုင်နေသည့်အတွက် ပြည်တွင်းခရီးသွားများ ယင်းပွဲတော်သို့ စိတ်ဝင်တစားသွားရောက်နွှဲပျော်နေကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း အဆိုပါ ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးပြေငြိမ်းက ပြောသည်။

"ရွှေစာရံဘုရားပွဲတော်က တောင်ပေါ်မြေပြန့် တိုင်းရင်းသားပေါင်းစုံ နွှဲပျော်ကြတဲ့ ထူးခြားတဲ့ ပွဲတော်တစ်ခုဖြစ်တာကြောင့် နှစ်စဉ်စည်ကားနေပေမယ့် ဒီနှစ်တော့ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် စုံလို့လားမသိဘူး၊ နေ့ရော၊ ညပါ ကြိတ်ကြိတ်တိုး စည်ကားနေလိုက်တာ လမ်းတွေမှာ ကားတွေ၊ ဆိုင်ကယ်တွေနဲ့ ပြည့်နေတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ဘုရားပွဲတော်သို့ နောင်ချိုမြို့မှ လာရောက်ကြသည့် ကုမ္ပဏီဝန်ထမ်းသူငယ်ချင်းတစ်စုကလည်း "ဒီဘုရားကို တည်ခဲ့တဲ့မင်းသမီး စောမွန်လှ သမိုင်းကြောင်းကို စိတ်ဝင်စားသလို ဘုရားပွဲမှာ ရောင်းချတဲ့ ထန်းရွက်ပုတီးလေးတွေကိုလည်း နှစ်သက်လို့ လာခဲ့ကြတာပါ။ အခုဘုရားဖူးပြီးလို့ အိမ်အပြန် အမှတ်တရအနေနဲ့ ထန်းရွက်ပုတီးလေးတွေ လည်မှာဆွဲပြီး ဦးပိန်တံတားကြီးမှာ သွားရောက်အပန်းဖြေမှာပါရှင့်" ဟု ပြောသည်။

ထို့ပြင် ရန်ကုန်မြို့မှ အပန်းဖြေအနားယူရန် ရည်ရွယ်ချက်ဖြင့် ခရီးထွက်လာကြသည့် သစ်တောဦးစီးဌာနတစ်ခုက ဝန်ထမ်းများကလည်း "ဒီတစ်ခါ ရုံးပိတ်ရက်မှာ လေးရက်တောင်ဆိုတော့ ကျွန်တော်တို့ လုပ်ဖော်ကိုင်ဖက်တွေ တိုင်ပင်ပြီး လွတ်လွတ်လပ်လပ် အပန်းဖြေဖို့ ရောက်လာကြတာပါ၊ အဓိကအနေနဲ့ ရာသီဥတုကောင်းပြီး သဘာဝစိမ့်၊ စမ်းတွေပေါတဲ့ ပြင်ဦးလွင်က အပန်းဖြေစခန်းတွေကိုလှည့်ပြီး လေ့လာအပန်းဖြေခဲ့ပါတယ်"ဟု ပြောသည်။

မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းခရီးသွားများက ယခုလို ရုံးပိတ်ရက်ရှည်ကာလများကို တန်ခိုးကြီးဘုရားများသို့ သွားရောက်ကုသိုလ်ပြု လှူဒါန်းကြခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် အပန်းဖြေစခန်းများသို့ သွားရောက်လေ့လာအနားယူခြင်းဖြင့် အကျိုးရှိစွာ အသုံးချသင့်ကြောင်း အကြံပြုပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



**ရွှေစာရံ ဘုရားပွဲလာရောက်သူများ ဒုဋ္ဌဝတီမြစ်ကမ်းဘေးတွင် ရေကစားခြင်း၊ လှေစီးခြင်းတို့ဖြင့် အပန်းဖြေပျော်ပါးနေသည်ကို တွေ့ရစဉ်။**

## မြေကွက်ရိုက် အိမ်ရာဆောက်လုပ်ထားမှုကြောင့် ပင်လုံမြို့ဘောလုံးကွင်း အင်္ဂါနှင့်အညီ ပြန်လည်ထားရှိရန် ပြည်သူများလိုလား

**ရန်ကုန် မတ် ၂**

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့၏ ကျက်သရေဆောင်နေရာနှစ်ခုမှာ ပင်လုံကျောက်တိုင်(ပန်းခြံ)နှင့် မြို့နယ်ဘောလုံးကွင်းဖြစ်ပြီး ပြည်နယ်လက်ရွေးစင်ဘောလုံးသမားများ မွေးထုတ်ပေးရာ ပင်လုံဘောလုံးကွင်းမှာ ယခုအခါ မူလဘောလုံးကွင်းဧရိယာ၏ မျက်နှာသုံးဖက်တွင် မြေနေရာများ အကွက်ရိုက်ရောင်းချ၍ အိမ်ရာဆောက်လုပ်ထားမှုကြောင့် မြို့နယ်ဘောလုံးကွင်းမှာ ကျဉ်းမြောင်းသွားသည့်အတွက် မြို့ခံပြည်သူတို့ စိတ်အနှောင့်အယှက်ဖြစ်နေကြသည့်အပြင် အားကစားသမားများလည်း စိတ်သောက ကြုံတွေ့နေရကြောင်း သိရသည်။

**အဆောက်အအုံမြေနေရာယူထား**

"ဘောလုံးကွင်းကိစ္စကို မြို့ခံဘယ်သူမှ မကျေနပ်ကြဘူး၊ ဘောလုံးကွင်းလေးဘက်မှ အရှေ့ဘက်မျက်နှာစာပဲ လွတ်တယ်၊ ပတ်လည်သုံးနေရာ အဆောက်အအုံတွေ ဆောက်ထားပြီးပြီ၊ ဒီကွင်းမှာ ဘာသာရေး၊ ပညာရေးနဲ့ အားကစားပွဲတွေ ကျင်းပခဲ့တာကြာပြီ၊ အခုလုပ်လို့ မရတော့ဘူး၊ အရှေ့ဘက်ခြမ်းကလွဲရင် အားလုံး အဆောက်အအုံမြေနေရာတွေ ယူထားပြီးပြီ၊ မြို့ခံတွေ ဘယ်သူ့ကို အားကိုးရမှန်း မသိဘူးဖြစ်နေကြတယ်၊ မကျေနပ်ပေမယ့် မပြောရဲကြဘူး"ဟု အမှတ်(၂)ရပ်ကွက်မှ မြို့ခံဦးစိုင်းခမ်းက ပြောသည်။



ဘောလုံးကွင်းပတ်လည်အား မြို့ခံတို့၏ထည့်ဝင်ငွေဖြင့် အုတ်တံတိုင်းကာရံခဲ့ပြီး အုတ်တံတိုင်းအပြင်ဘက်တွင် တိုက်ခန်းဈေးဆိုင်ခန်းများ ဆောက်လုပ်ရန် မြေနေရာသတ်မှတ်ပြီးနောက် အမှန်တကယ်ဆောက်လုပ်သောအခါ ဘောလုံးကွင်း အုတ်တံတိုင်းအတွင်း ဆောက်လုပ်သည့်အတွက် မြို့ခံပြည်သူများစိတ်အနှောင့်အယှက်ဖြစ်ကြ၍ သုံးကြိမ်တိုင် တင်ပြခဲ့သော်လည်း တစ်နှစ်ကျော်သည့်တိုင် ထူးခြားမှုမရှိကြောင်း သိရသည်။

"ကျွန်တော်တို့ လူငယ်တွေ ဘောလုံးကွင်းမှာ ငယ်ငယ်ကတည်းက ဘောလုံးကစားခဲ့ကြတာ၊ ပွဲလမ်းသဘင်တွေရှိရင်လည်း အဲ့ဒီမှာပဲ လုပ်တယ်၊ ကွင်းကကျဉ်းသွားပြီ၊ လူငယ်အားကစားသမားတွေ ပေါ်ထွန်းအောင် မြို့ခံတွေကြိုးပမ်းခဲ့လို့ ရှမ်းပြည်နယ် လက်ရွေးစင်၊ နိုင်ငံ့လက်ရွေးစင်တွေပေါ်ခဲ့ပြီးပြီ၊ ဘောလုံးကွင်းပိုပြီးလုပကျယ်ဝန်းရမယ့်အစား မြေယာတွေရိုက်ပြီး အိမ်ရာတွေဆောက်နေတာကို ဘယ်သူမှ မကျေနပ်ကြဘူး၊ ဘယ်သူ့ကို အားကိုးရမှန်းလည်း မသိကြဘူး" ဟု လူငယ်လက်ရွေးစင် အားကစားသမားတစ်ဦးကလည်း ရင်ဖွင့်ပြောကြားသည်။

**မြို့ခံများလိုလား**

ပင်လုံမြို့ ဘောလုံးကွင်း အရှေ့ဘက်မျက်နှာမှလွဲ၍ ကျန်မျက်နှာသုံးဘက်တွင် ကွင်းအတွင်းသို့တိုင် မြေယာများယူ၍ အိမ်ရာများ ဆောက်လုပ်ထားမှုကြောင့် မူလအတိုင်း ဘောလုံးကွင်း အင်္ဂါနှင့်အညီ ပြန်လည်ထားရှိပေးရန် မြို့ခံများလိုလားလျက်ရှိကြောင်း သိရသည်။

**(၁၆၄)၊ ခတ်ပုံ-သစ္စာ**

**✲ ရှေ့ဖုံးမှ**

"ကျွန်တော်တို့အဖွဲ့က ဖေဖော်ဝါရီ ၂၁ ရက်က ဒီမြဝတီကနေ ထွက်ခွာခဲ့တာပါ၊ ခရီးစဉ်ကတော့ မြဝတီကနေ ကျိုက်ထို၊ တောင်ငူ၊ အင်းလေး၊ မန္တလေး၊ ပုဂံ၊ ပြည်၊ ပဲခူး၊ ပဲခူးကနေ ဘားအံတို့ကို လည်ပတ်ခဲ့တာပါ၊ ဒီနေ့တော့ မြဝတီရောက်ပြီး ထိုင်းကိုပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်" ဟု Asian Discovery Travels & Tours Co,Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းနိုင်စောက ပြောသည်။

အဆိုပါ အဖွဲ့နှင့်အတူ မြဝတီခရိုင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်ချောကြည်ကြည်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကာ Asian Discovery Travels & Tours Co,Ltd ၏ အုပ်ချုပ်မှု ဒါရိုက်တာ ဦးဝင်းနိုင်စော၊ ကုမ္ပဏီမှ ဧည့်လမ်းညွှန် ဦးရဲရင့်ကျော်လိုက်ပါကာ မြန်မာနိုင်ငံအတွင်း ဖေဖော်ဝါရီ ၂၁ ရက်မှ မတ် ၂ ရက်အထိ ၁၀ ရက်ကြာ လည်ပတ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ချုပ်ဆိုထားသော နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ ဖွင့်လှစ်ထားသည့် မြန်မာ-ထိုင်းနယ်စပ်ဂိတ်များတွင် နိုင်ငံခြားသား လူဝင်၊ လူထွက်နှင့် ပတ်သက်ပြီး လုပ်ငန်းတိုးမြှင့်ဆောင်ရွက်သည့်အနေဖြင့် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပါရှိသည့် ထိုင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများအား ဝင်ရောက်လည်ပတ်ခွင့်ကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှ စတင်ပြီး ခွင့်ပြုပေးခဲ့ခြင်း ဖြစ်သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ ထူးခြားသည့် နေ့အပူချိန်များမှာ အောင်လံမြို့၊ ဆင်ဖြူကျွန်းမြို့၊ ဖြူးမြို့၊ ဘော်လခဲမြို့၊ ဘားအံမြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ သထုံမြို့တွင် ၀ ဒသမ ၃၂ လက်မ ဖြစ်သည်။

**မိုး/ဇလ**

# တောင်သူများအကျိုးအမြတ်ရရှိသည့် မြန်မာ့ပြောင်းဈေးကွက်နှင့် အနာဂတ်အလားအလာ

ရှင်မင်းအုံ့(တန့်ဆည်)

**မြန်မာနိုင်ငံသည် ပို့ကုန်ကဏ္ဍအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံများသို့ အများဆုံးတင်ပို့နေသည့် နိုင်ငံဖြစ်သည့်အလျောက် မြန်မာ့ပြောင်းသည် အဓိကအများဆုံး တင်ပို့လျက်ရှိသည့် လယ်ယာထွက်ပို့ကုန်ပစ္စည်းများတွင် တစ်မျိုးအပါအဝင် ဖြစ်ပါတယ်။ မြန်မာ့ပြောင်းကို ပြည်တွင်း၌ တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုကြရုံမျှမက ပြည်ပနိုင်ငံများသို့လည်း အဓိကပို့ကုန်အဖြစ် တင်ပို့လျက်ရှိပါတယ်။**

ဘဏ္ဍာနှစ်အလိုက် ပြည်ပသို့ ပြောင်းတင်ပို့အခြေအနေများမှာ တစ်နှစ်ထက်တစ်နှစ် နှစ်စဉ်တိုးတက်လျက်ရှိကြောင်း အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

| စဉ် | ဘဏ္ဍာနှစ်အမည် | ရေတွက် | အရေအတွက် | တန်ဖိုး (ဒေါ်လာသန်း) |
|---|---|---|---|---|
| ၁ | ၂၀၁၂-၂၀၁၃ | တန် | ၆၁၀၂၄၄ | ၂၀၁ |
| ၂ | ၂၀၁၃-၂၀၁၄ | တန် | ၉၃၅၃၄၈ | ၂၈၇ |
| ၃ | ၂၀၁၄-၂၀၁၅ | တန် | ၁၃၇၇၆၉၂ | ၃၉၉ |
| ၄ | ၂၀၁၅-၂၀၁၆ | တန် | ၁၁၈၄၃၈ | ၃၀၅ |
| ၅ | ၂၀၁၆-၂၀၁၇ | တန် | ၁၂၉၂၀၇၉ | ၂၅၃ |
| ၆ | ၂၀၁၇-၂၀၁၈ (ဇန်နဝါရီလ ၁၉ ရက်ထိ) | တန် | ၁၂၀၀၀၅၀ | ၂၄၂ |

မြန်မာနိုင်ငံ၏ ပြောင်းတင်ပို့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလ ၁ ရက်နေ့မှ ဇန်နဝါရီလ ၁၉ ရက်နေ့ထိ) ပင်လယ်ရေကြောင်းမှ တန်ချိန် လေးသောင်းခန့်နှင့် နယ်စပ်ကုန်သွယ်မှုမှ တန်ချိန် ၁၂ သိန်းခန့် တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူထက် ပြောင်းတန်ချိန် သုံးသိန်းကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၅၈ သန်း ကျော် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။

ထို့အပြင် ယခုဘဏ္ဍာနှစ်တွင် ပြောင်းတင်ပို့မှုတန်ဖိုးအားလုံး၏ ၉၇ ရာခိုင်နှုန်းသည် နယ်စပ်မှ တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး နယ်စပ်မှတစ်ဆင့်တင်ပို့သည့် ပြောင်းတင်ပို့မှုတန်ဖိုး၏ ၉၉ ရာခိုင်နှုန်းဟာ မြန်မာ-တရုတ်နယ်စပ်မှ အများဆုံး တင်ပို့လျက်ရှိတာကို သိရှိရပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြောင်းအများဆုံး တင်ပို့လျက်ရှိသည့် နိုင်ငံလေးခုမှာ တရုတ်နိုင်ငံ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့ ဖြစ်ပါတယ်။

### ပြောင်းဈေးနှုန်း ပိုမိုရရှိ

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၊ ပဲ၊ ပြောင်း၊နှမ်း ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်လျက်ရှိသော ပြောင်းဈေးနှုန်းအခြေအနေမှာ ယခင်လအတွင်းက ပြောင်း (50 kg) တစ်အိတ်လျှင် (၇၈ ယွမ်မှ ၈၀ ယွမ်) အထိသာ ဈေးနှုန်းရရှိခဲ့သော်လည်း ယခုလအတွင်း လက်ရှိဖြစ်ပေါ်လျက်ရှိသော တစ်ဖက်နိုင်ငံ ရွှေလီမြို့သို့ ရောင်းချရရှိသည့်ဈေးမှာ အမြင့်ဆုံး ၁၀၂ ယွမ်အထိ ရရှိတဲ့အတွက် ပြောင်းဈေးနှုန်း ပိုမိုရရှိလာတာကို တွေ့ရှိပါတယ်။

မြန်မာ-တရုတ် ငွေလဲနှုန်းအနေဖြင့် ယခင်လတွင် တစ်ယွမ်လျှင် မြန်မာငွေ ၂၀၂ ကျပ်ရှိခဲ့ရာမှ ယခုလတွင် တစ်လလျှင် ၂၀၆ ကျပ်အထိ တိုးမြင့်ရရှိသည့်အတွက် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် တရုတ်ငွေအား မြန်မာငွေဖြင့်လဲလှယ်ရာတွင် ငွေလဲလှယ်သည့် နှုန်းထားပေါ်တွင် အသာစီးရရှိသည့်အတွက် ပြောင်းတင်ပို့သူ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့်လည်း ပို၍ အကျိုးအမြတ်ဖြစ်ထွန်းရရှိသည်ကို တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံ၏ ပြည်တွင်းပြောင်းဈေးနှုန်းသည် ထွက်ရှိရာဒေသနှင့် တင်ပို့ရောင်းချရသည့်ဒေသ၏ သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်ပေါ်တွင် မူတည်နေကြောင်း တွေ့ရှိရပါတယ်။ ပြည်တွင်းဈေးကွက်အနေဖြင့်လည်း လားရှိုးကုန်စည်ဒိုင်ဈေးနှုန်းမှာ



ယခင်လမှ တစ်ပိဿာလျှင် ပြောင်းဈေးနှုန်း ၄၅၀ ကျပ်မှ ၅၀၀ ကျပ်ထိ ရှိခဲ့ပြီး ယခုလတွင် တစ်ပိဿာလျှင် ၅၄၀ ကျပ်အထိ မြင့်တက်လာကြောင်း သိရှိရပါတယ်။ ယခင်ဘဏ္ဍာနှစ် အလားတူကာလများတွင် ပြောင်းဈေးနှုန်းသည် တစ်ပိဿာလျှင် ၃၀၀ ကျပ်ဝန်းကျင်သာ ရှိခဲ့သည့်အတွက် ယခုနှစ်တွင် နှစ်ဆနီးပါး တိုးတက်လာတာကို တွေ့ရှိရပါတယ်။ အလားတူ တစ်ဖက်နိုင်ငံသို့ ရောင်းချရရှိသည့် ဈေးနှုန်းမှာလည်း ယခင်လထက် ဈေးပိုမိုရရှိသောကြောင့် ပြောင်းတင်ပို့သူ လုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ အကျိုးပိုမိုဖြစ်ထွန်းကြောင်း တွေ့ရှိရပါတယ်။

### ပြောင်းစိုက်ပျိုးထွက်ရှိမှုနှင့် တင်ပို့မှုမှာပိုမိုမြင့်မားလာ

ထို့အပြင် ပြောင်းစိုက်ပျိုးသူ တောင်သူများအနေဖြင့်လည်း ပြောင်းစိုက်ပျိုးထုတ်လုပ်သည်မှ ပို့ကုန်တင်ပို့သည်အထိ Supply Chain တစ်လျှောက် ရရှိသည့်အကျိုးအမြတ်သည် တစ်နှစ်ထက်တစ်နှစ် အားကောင်းလာမှုကြောင့် နှစ်အလိုက် ပြောင်းစိုက်ပျိုးထွက်ရှိမှုနှင့် တင်ပို့မှုမှာ ပိုမိုမြင့်မားလာတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင် ပြောင်းစိုက်ပျိုးရာဒေသများမှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရောဝတီတိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့ ဖြစ်ပါတယ်။

ထိုကဲ့သို့ ပြောင်းတင်ပို့မှုများတိုးတက်လာရခြင်းမှာ ယခုကာလသည် ပွင့်လင်းရာသီဖြစ်သည့်အပြင် ယခုဘဏ္ဍာနှစ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်၌ ကျင်းပပြုလုပ်ခဲ့သော(၁၂)ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုပူးပေါင်းညှိနှိုင်းရေးကော်မတီ (JBTCCC) အစည်းအဝေးတွင် မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကုန်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ၊ ရေထွက်ပစ္စည်းကဏ္ဍ၊ သစ်တောကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ရောဂါကာကွယ်ရေးကဏ္ဍ၊ လူဝင်၊ လူထွက်နှင့် မော်တော်ယာဉ်ဝင်၊ ထွက်ရေးကဏ္ဍ၊ မြန်မာနိုင်ငံသား အလုပ်သမားများ ကဏ္ဍ၊ ကုန်စည်စစ်ဆေးမှုပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ စသည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အဆိုပါအစည်းအဝေး၏ ဆွေးနွေးမှုရလဒ်များကြောင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများအား တရုတ်ပြည်သို့ တင်ပို့ရာ၌ ပိုမိုအဆင်ပြေ ချောမွေ့လွယ်ကူမှုရရှိလာသည့်အတွက် ပြောင်းဈေးနှုန်း ပိုမိုတိုးတက်ရရှိသည့်နည်းတူ ပြောင်းတင်ပို့မှုလည်း ပိုမိုမြင့်တက်လာကြောင်း တွေ့ရှိရပါတယ်။

### ပြောင်းစိုက်တောင်သူများ တွက်ခြေကိုက်

ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုအပိုင်းတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးထုတ်လုပ်သည့် ထွက်ကုန်များကို မိမိတို့ကိုယ်တိုင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ကုမ္ပဏီထောင်ရန်မလိုဘဲ သက်ဆိုင်ရာ ကုန်သွယ်ရေးစခန်းတွင် တစ်ဦးချင်း ကုန်သွယ်မှုမှတ်ပုံတင်ကတ် Individual Trading Card (ITC) များကို ခွင့်ပြုထုတ်ပေး၍ တင်ပို့ခွင့်ပြုထားသည့်အတွက် ပြောင်းစိုက်ပျိုးသူ တောင်သူများ ကုန်သည်ပွဲစားမခံဘဲ ပြည်ပသို့ တိုက်ရိုက်ရောင်းဝယ်ခွင့်ရရှိရေး အခွင့်အလမ်းများ ပိုမိုရရှိစေသဖြင့် ပြောင်းစိုက်တောင်သူများအနေဖြင့် တွက်ခြေကိုက်နေကြောင်း သိရှိရပါတယ်။

ကမ္ဘာပေါ်တွင် ပြောင်းသည် ဂျုံနှင့်ဆန်ပြီးလျှင် တတိယအများဆုံး စိုက်ပျိုးသည့် သီးနှံဖြစ်ပါတယ်။ ပြောင်းကို အမေရိကန်၊ တရုတ်၊ ဘရာဇီး၊ အာဂျင်တီးနား၊ အိန္ဒိယ၊ မက္ကဆီကိုနှင့် ပြင်သစ်တို့သည် အဓိက စိုက်ပျိုးထုတ်လုပ်သော နိုင်ငံများဖြစ်ပြီး အဓိက ပြောင်းစားသုံး အသုံးပြုသော နိုင်ငံများလည်းဖြစ်ကြောင်း သိရှိရပါတယ်။ USDA Market News စာရင်းများအရ တစ်ကမ္ဘာလုံးရှိ ပြောင်းဈေးကွက် ရှယ်ယာ၏ ၆၅ ရာခိုင်နှုန်းကို အမေရိကန်မှ ရရှိထားကြောင်း သိရှိရပြီး ကမ္ဘာ့ပြောင်းဈေးအနေဖြင့်လည်း ပြောင်းတစ်တန်လျှင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ ၁၄၈ ဒသမ ၇ ၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ၁၄၈ ဒသမ ၉၈ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ဖော်ပြထားရှိချက်အရ ပြောင်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၆၈ အထိ တိုးတက်လာသည်ကို တွေ့ရှိရပါတယ်။

ယခုအခြေအနေတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့ရာတွင် FOB ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၀ မှ ၃၂၀ ခန့်ရရှိသဖြင့် မြန်မာ့ပြောင်း ပြည်ပသို့တင်ပို့မှုမှရရှိသည့်ဈေးနှုန်းသည် ကမ္ဘာ့ပြောင်းဈေးထက် ပိုမိုရရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထို့ကြောင့် အဓိက တင်ပို့သည့်နိုင်ငံဖြစ်သောတရုတ်နိုင်ငံသို့ နှစ်အလိုက် ပြောင်းတင်ပို့မှုမှာ နှစ်စဉ် တိုးတက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

သို့သော်လည်း မြန်မာနိုင်ငံ၏ ပြည်ပသို့ ပြောင်းတင်ပို့မှု အနေအထားဟာ ကမ္ဘာ့ပြောင်းတင်ပို့မှု၏ ဝ ဒသမ ၁ ရာခိုင်နှုန်းသာ ပြည်ပသို့ တင်ပို့နိုင်သည်ကို တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ပြောင်းတင်ပို့မှုနှင့် ပတ်သက်၍ နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်ထိုးဖောက်နိုင်ရေးအတွက် အရည်အသွေးပိုင်း၊ နည်းပညာပိုင်းလိုအပ်ချက်များ ရှိနေသေးကြောင်း လေ့လာတွေ့ရှိရပါတယ်။

### ပြောင်းသီးနှံ ပိုမိုစိုက်ပျိုးသင့်

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုအား ရုတ်တရက်ကန့်သတ်လိုက်သည့်အတွက် ပြည်တွင်းတွင်ပဲတင်ပို့မှုနှင့်ပတ်သက်၍ ပဲကုန်သည်များအနေဖြင့် အခက်အခဲများကြုံတွေ့ရပြီး မိမိနိုင်ငံအနေဖြင့် ပဲအစားထိုးဈေးကွက်ဝင် အစားထိုးသီးနှံစိုက်ပျိုးရေးကို ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ယခုအခြေအနေတွင် မြန်မာနိုင်ငံအနေဖြင့် ပဲအစားဈေးကွက်ပိုမိုရရှိနေသာ ပြောင်းသီးနှံအား ပိုမိုစိုက်ပျိုးသင့်ကြောင်း ဖော်ထုတ်တွေ့ရှိရပါတယ်။

အချုပ်အားဖြင့် မြန်မာ့ပြောင်းသည် နိုင်ငံတကာပြောင်းဈေးကွက်အား အရှိန်အဟုန်ဖြင့် ထိုးဖောက်နိုင်ရေးအတွက် အရည်အသွေးပြည့်မီ၍ အထွက်နှုန်းပိုမိုမြင့်မားစွာ ထွက်ရှိနိုင်စေရေး စိုက်ပျိုးနိုင်ရန်မှာ လွန်စွာအရေးကြီးလှသည်ဖြစ်ရာ အရည်အသွေးမျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲသည့် နည်းလမ်းများကို အသုံးပြု၍ မိမိနိုင်ငံရာသီဥတုနှင့် ကိုက်ညီသည့်အထွက်နှုန်းကောင်းသော ပြောင်းမျိုးစေ့များကို ရွေးချယ်စိုက်ပျိုးပြီး ပြောင်းစိုက်တောင်သူများအား မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်သွင်းအားစုများစိုက်ထုတ်နိုင်ရန် ငွေအရင်းအနှီးများ ထောက်ပံ့ရန်၊ ခေတ်မီနည်းပညာများနှင့် စက်ကိရိယာများ ပံ့ပိုးကူညီရန် လိုအပ်လျက်ရှိပါတယ်။

ထို့အပြင် ကုန်ကြမ်းတင်ပို့ရောင်းချခြင်းထက် ပြောင်းကို Value Added Product များ ထုတ်လုပ်တင်ပို့ ရောင်းချနိုင်ပါက ပိုမို၍ဈေးကောင်းရရှိမည်ဖြစ်ရာ ထိုသို့ ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် လိုအပ်သော ခေတ်မီနည်းပညာ၊ ခေတ်မီစက်ကိရိယာများအားလည်း ပံ့ပိုးဖြည့်တင်းပေးရန် လိုအပ်လျက်ရှိပါတယ်။ မည်သို့ပင်စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရသော်လည်း အစိုးရ၊ ပုဂ္ဂလိကနှင့် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ လက်တွဲညီညီဖြင့် ပူးပေါင်းဆောင်ရွက်၍ မြန်မာ့ပို့ကုန် ပြောင်းကဏ္ဍတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

> " မြန်မာ့ပြောင်းသည် နိုင်ငံတကာ ပြောင်းဈေးကွက်အား အရှိန်အဟုန်ဖြင့် ထိုးဖောက်နိုင်ရေးအတွက် အရည်အသွေးပြည့်မီ၍ အထွက်နှုန်းပိုမိုမြင့်မားစွာ ထွက်ရှိနိုင်စေရေး စိုက်ပျိုးနိုင်ရန်မှာ လွန်စွာ အရေးကြီးလှသည်ဖြစ်ရာ အရည်အသွေး မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲသည့် နည်းလမ်းများကို အသုံးပြု၍ မိမိနိုင်ငံ ရာသီဥတုနှင့် ကိုက်ညီသည့် အထွက်နှုန်းကောင်းသော ပြောင်းမျိုးစေ့များကို ရွေးချယ်စိုက်ပျိုးပြီး ပြောင်းစိုက်တောင်သူများအား မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့် သွင်းအားစုများ စိုက်ထုတ်နိုင်ရန် ငွေအရင်းအနှီးများ ထောက်ပံ့ရန်၊ ခေတ်မီနည်းပညာများနှင့် စက်ကိရိယာများ ပံ့ပိုးကူညီရန် လိုအပ် "

## ရှားတောမြို့တွင်း နမ့်မာချောင်းပေါ်၌ သံကူကွန်ကရစ်တံတားတည်ဆောက်

ရှားတော မတ် ၂

ကယားပြည်နယ် ရှားတောမြို့အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် နမ့်မာချောင်းပေါ်တွင် ၂၀၁၇ခုနှစ် နိုဝင်ဘာလဆန်းပိုင်းမှ စတင်၍ နမ့်မာချောင်းသံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ သံကူကွန်ကရစ်တံတား တည်ဆောက်မှုလုပ်ငန်း ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ရှားတောမြို့နယ် လမ်းဦးစီးဌာနမှသိရသည်။

အဆိုပါ နမ့်မာချောင်းသံကူကွန်ကရစ်တံတားကို ရှားတောမြို့လယ်မှ ဖြတ်သန်းဖော်လုပ်ထားသည့် လွိုင်ကော်-ပွန်ချောင်း-ရှားတော- တာတမော့ လမ်းပေါ်တွင် တည်ဆောက်ခြင်းဖြစ်ပြီး အရှည် ပေ ၄၀၊ အကျယ် ၂၇ ပေဖြစ်ကြောင်းနှင့် မတ်လကုန်တွင် တံတားတည်ဆောက်ရေးလုပ်ငန်းများပြီးစီးရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

# စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ထွက်လာသည်ထိ အစွမ်းကုန်ကြိုးပမ်းမည်

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ထွက်လာသည်အထိ အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မွန်ပြည်သစ်ပါတီ (MNSP) ဥက္ကဋ္ဌ နိုင်ထောမွန်က ပြောသည်။

ကမာဝက်မြို့အသင်း (ရန်ကုန်) တစ်နှစ်ပြည့်နှင့် ကမာဝက်မြို့ ဂုဏ်ထူးဆောင်ဆရာတော်များ၊ လူပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက M 3 food Centre ၌ ကျင်းပစဉ် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌက အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။

**မွန်တစ်မျိုးသားလုံးဝိုင်းဝန်းကူညီ**

"ညီညွတ်တဲ့ အမျိုးသားရေးတာဝန်ကို အလေးအနက်ထားပြီးတော့ ကြိုးစားပြီး ဆောင်ရွက်ကြဖို့ တိုက်တွန်းချင်ပါတယ်၊ တစ်ဖက်ကလည်း ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံရေးတည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်နေတဲ့ကာလမှာ ပြည်သူလူထုအပါအဝင် မွန်တစ်မျိုးသားလုံးဝိုင်းဝန်းကူညီပေးကြဖို့၊ စစ်မှန်တဲ့ ငြိမ်းချမ်းရေးဖြစ်ပေါ်လာဖို့ တိုက်တွန်းပါတယ်"ဟု နိုင်ထောမွန်က ပြောသည်။

**ငြိမ်းချမ်းရေးပေါ်ထွက်လာရေးကြိုးပမ်း**

မွန်ပြည်သစ်ပါတီသည် မကြာသေးမီက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)ကို အစိုးရနှင့် လက်မှတ်ရေးထိုးလိုက်သော အဖွဲ့အစည်းဖြစ်ပြီး စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ထွက်လာရေး ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်သည် မုဒုံမြို့အထက ၁ မှ ၁၀ တန်းအောင်မြင်ခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် မွန်ပြည်သစ်ပါတီ သို့ဝင်ရောက်ခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်မှ ယနေ့အထိ မွန်ပြည်သစ်ပါတီ၏ ဗဟိုကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ မွန်ပြည်သစ်ပါတီ၏ စတုတ္ထမြောက်ဥက္ကဋ္ဌ ဖြစ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်နှင့်အတူ ကမာဝက်မြို့



ခေတ်တော်ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစက ဦး ပါလိတ နှင့် ကမာဝက်မြို့ ခြသေ့်ကျောင်းမှ ဆရာတော် ဘဒ္ဒန္တ စန္ဒကုမာရ (ဓမ္မာစရိယ)တို့အား ကမာဝက်မြို့အသင်း (ရန်ကုန်)မှ မွန်တိုင်းရင်းသားများက ဂုဏ်ပြုပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**မြင့်မောင်၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



## ပဲခူး၌ တိုင်းရင်းဆေးသမားတော်များနေ့ ကျင်းပ

**ပဲခူး မတ် ၂**

ပဲခူးတိုင်းဒေသကြီး တိုင်းရင်းဆေးသမားတော်များနေ့ (တပေါင်းလပြည့်)အခမ်းအနားကို မတ် ၁ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဦးအေးရွှေက အမှာစကားပြောကြားပြီး ရှေးဆရာကြီးများ၏ ပညာရှင်ရှေးသမား ကျေးဇူးတရား မမေ့ဪ ဂုဏ်ကျေးဇူးများအကြောင်း ဟောပြောသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌက ပေးပို့သော တိုင်းရင်းဆေးသမားတော်များနေ့ သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးမိုးက ဖတ်ကြားသည်။

ထို့နောက် ရှေးသမားတော်ကြီးများအား ရည်စူး၍ သံဃာတော်များအား ဆွမ်း၊ လှူဖွယ်ပစ္စည်းများ လှူဒါန်းရေစက်ချအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**နောင်ထွန်း**

## ဇာတိမာန်လူငယ်စာဖတ်အသင်း နွေရာသီ အခမဲ့ ဘောလုံးသင်တန်းဖွင့်

**မန္တလေး မတ် ၂**

ရတနာပုံ FC ဘောလုံးအသင်းက ကြီးမှူး၍ ဇာတိမာန်လူငယ်စာဖတ်အသင်းက စီစဉ်သည့် နွေရာသီအခမဲ့ ဘောလုံးသင်တန်းဖွင့်ပွဲကို မတ် ၁ ရက်က မန္တလေး အောင်မြေသာစံမြို့နယ် ၂၂ လမ်း ၈၉ လမ်းနှင့် လမ်း ၉၀ ကြားရှိ အောင်မြေမန္တလာ ဘောလုံးကွင်းတွင် ကျင်းပခဲ့သည်။

သင်တန်းကို ဧပြီ ၁၀ ရက်အထိ နေ့စဉ် နံနက် ၆နာရီခွဲမှ ၈နာရီအထိ ရက်ပေါင်း ၄၀ ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ထူးချွန်ထက်မြက်သည့် ကလေးငယ် ၃၀ ကို ရွေးချယ်ကာ ဧပြီ ၁၈ ရက်တွင် အဆင့်မြင့်ဘောလုံးသင်တန်း ဆက်လက်ဖွင့်လှစ်ပြီး ပြိုင်ပွဲဝင်အဆင့် ရောက်ရှိအောင် လေ့ကျင့်သင်ကြားပေးမည် ဖြစ်ကြောင်း၊ သင်တန်းသို့ ကလေးငယ် ၂၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ နေရာတွင် တပေါင်းလပြည့်သမားတော်နေ့ ကျင်းပ

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)၏ စတုတ္ထအကြိမ်မြောက် တပေါင်းလပြည့် တိုင်းရင်းဆေးသမားတော်များနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဝက်စ်တင်း ပတ်ခ်ဟိုတယ်၌ ကျင်းပရာ တိုင်းရင်းဆေး သမားတော်ကြီးများ၊ တိုင်းရင်းဆေးဆရာများ၊ တိုင်းဒေသကြီးအဆင့် တိုင်းရင်းဆေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ တက်ရောက်ကြသည်။



ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မြန်မာတိုင်းရင်းဆေးဆရာအသင်း ရန်ကုန်တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးကြည်မောင်က အမှာစကားပြောကြားကာ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို)ဥက္ကဋ္ဌက တပေါင်းလပြည့်နေ့ သမားတော်များနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဆရာဦးသန်းညွန့်က ဖတ်ကြားသည်။

ယင်းနောက် ကန်တော့ခံ ဆရာကြီးနှစ်ဦးဖြစ်သော ဆရာကြီးဦးဉာဏ်လွင်နှင့် ဆရာကြီး ဦးမောင်ဉာဏ်တို့က တိုင်းရင်းဆေးနှင့်ပတ်သက်သော ဗဟုသုတဖြစ်ဖွယ်ရာများကို ပြောကြားသည်။

ထို့နောက် နိုင်ငံကျော်အဆိုတော် နှင်းရည်သန့်က ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဒုတိယဥက္ကဋ္ဌ ဆရာကြီး ရေးသားပူဇော်သော တိုင်းရင်းဆေး သမားတော်များနေ့ ပူဇော်ကန်တော့ပွဲ ပိုဒ်စုံရတုဖြင့် သီဆိုပူဇော်သည်။ ယင်းနောက် သမားတော်ကြီးများအား ပူဇော်ကန်တော့ပြီး ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအဖွဲ့ဗဟို ဘဏ္ဍာရေးမှူး ဦးမောင်မောင်ဦးကလည်း တပေါင်းလပြည့် တိုင်းရင်းဆေးသမားတော်နေ့ ဖြစ်ပေါ်လာပုံနှင့် လွန်ခဲ့သော ငါးနှစ်က သမားတော်နေ့ ကျင်းပရန်ကြိုးစားခဲ့ရာမှ ယခုနှစ်တွင် စတုတ္ထအကြိမ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ တိုင်းရင်းဆေးနှင့် ပတ်သက်သော အဖွဲ့အစည်း ငါးခုအထိ ရှိလာကြောင်း၊ ၎င်းတို့မှာ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဟူ၍ သုံးဖွဲ့သာရှိခဲ့ရာမှ ယခုအခါ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ (TAG) နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများအသင်းတို့ ထပ်မံပေါ်ပေါက်လာပြီဖြစ်၍ တိုင်းရင်းဆေးနှင့် ပတ်သက်သော အဖွဲ့အစည်း ငါးခုအထိ ရှိလာပြီး မြန်မာ့တိုင်းရင်းဆေးလောကကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

တပေါင်းလပြည့် တိုင်းရင်းဆေးသမားတော်များနေ့ကို ယခင်အကြိမ်များက ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ၌သာ ကျင်းပခဲ့ရာမှ ယခုနှစ် စတုတ္ထအကြိမ်မြောက်မှစတင်ကာ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ နေရာတွင် တစ်ပြိုင်တည်း စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းကျင်းပခဲ့ကြောင်း၊ တိုင်းရင်းဆေးဆရာများ၏ စည်းလုံးညီညွတ်စွာ ကြိုးပမ်းအားထုတ်မှုများကြောင့် တိုင်းရင်းဆေးပညာရပ်သည် ရှေးပဝေသဏီကပင် နန်းတွင်းသုံးဖြစ်ခဲ့ပြီး ယခုအခါ နိုင်ငံတစ်ဝန်း တိုင်းရင်းဆေးရုံ ဆေးခန်းများအပြင် တိုင်းရင်းဆေးတက္ကသိုလ်များပင် ပေါ်ပေါက်ခဲ့ပြီဖြစ်၍ မြန်မာ့တိုင်းရင်းဆေးလောက ပိုမိုတိုးတက်လာတော့မည် ဖြစ်ကြောင်း မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဗဟို ဒုတိယဥက္ကဋ္ဌ ဦးပေါ်ငြိမ်းက နိဂုံးချုပ်စကားတွင် ထည့်သွင်းပြောကြားသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

❖ ကျော့ဖုံးမှ

အခု ကျွန်မတို့ တော်တော်အခက်အခဲဖြစ်တယ်၊ အမျိုးသားတွေက ကားပေါ်မှာအိပ်လို့ရတယ်၊ ကျွန်မတို့ မိန်းကလေးတွေကျတော့ မသင့်တော်ဘူးလေ၊ ပုဂံမှာ ဘုရားဖူးရတာတော့ စိတ်ထဲမှာ ကြည်နူးပျော်ရွှင်မိတယ်၊ ဒါဟာ ကျွန်မတို့ အတွက် အဆိုးထဲကအကောင်းပါပဲ"ဟု ရန်ကုန်မြို့မှ ဘုရားဖူးလာရောက်သည့် ဧည့်သည်တစ်ဦးက ၎င်း၏ အခက်အခဲကို ပြောပြသည်။

ယင်းသို့ ပြည်တွင်းဘုရားဖူး ဧည့်သည်အများအပြား လာရောက်မှုကြောင့် ညောင်ဦးနှင့် ပုဂံမြို့ပေါ်ရှိ စားသောက်ဆိုင်များ၊ မြန်မာမှုအနုပညာလက်ရာပစ္စည်းရောင်းချသူများ၊ အမှတ်တရပစ္စည်းရောင်းချသည့် ဆိုင်များ၊ ရိုးရာအဝတ်အထည်ဆိုင်များ ရောင်းအားကောင်းလျက်ရှိပြီး ဒေသတွင်း ခရီးသွားအနေးယာဉ်၊ အမြန်ယာဉ် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများ၊ စက်ဘီးနှင့် လျှပ်စစ်စက်ဘီး ငှားရမ်းကြသူများ၊ လက်အလုပန်းချီ ရေးဆွဲကြသူများ၊ မြန်မာခရီးသွား ဧည့်လမ်းညွှန်များ လုပ်ငန်း တွင်ကျယ်လျက်ရှိကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# သမိုင်းဝင် အညာသီဟတော မြတ်စွာဘုရား ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တက်ရောက် ကြည်ညို



**ရွှေဘို မတ် ၂**
အညာသီဟတော မြတ်စွာဘုရားသည် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်မှ အရှေ့ဘက် ၃၂ မိုင်အကွာ ရွှေဘိုမြို့မှ မြောက်-အရှေ့မြောက် မိုင် ၄၀ အကွာ သီဟတောကျေးရွာအနီး ရောဝတီမြစ် အတွင်းရှိ သီဟဇေယျဘုမ္မိကျွန်းခေါ် ကျောက်တောင်ကျွန်းပေါ်တွင် တည်ရှိသော စေတီတစ်ဆူဖြစ်သည်။

စေတီတော်၏ မူလဒါယကာမှာ သီရိဓမ္မာသောကမင်းကြီးဖြစ်ပြီး ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၁၁ ရက်မှ လပြည့်နေ့ထိ ငါးရက်တိုင်တိုင် ကျင်းပမြဲဖြစ်သည်။

တပေါင်းလဆန်း ၁၄ ရက်နေ့တွင် စေတီတော်မြတ်ကြီးအား ပူဇော်ဝတ္ထု အစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ဦးစီးသောအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ နံနက် ၁၀ နာရီခန့်က ရောက်ရှိကြပြီး စေတီတော်မြတ်ကြီးအား ကြည်ညိုပူဇော်ကြသည်။ နံနက် ၁၁ နာရီတွင် ပင့်သံဃာ အပါး ၁၀၀ အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရွှေဘို၊ ခင်ဦး၊ ဝက်လက်၊ ရေဦး၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်း မြို့နယ်တို့မှ အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲများ လှူဒါန်းပူဇော်ကြသည်။

ဗုဒ္ဓပူဇနီယပွဲတော်သို့ ကြွရောက်လာကြသော သံဃာတော်များအား အရုဏ်ဆွမ်းကို သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးကော်မတီက လည်းကောင်း၊ နေ့ဆွမ်းကို ခင်ဦးမြို့နယ် သစ်တောဦးစီးဌာနက လည်းကောင်း၊ အလှူရှင် ပရိသတ်များအား ခင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကလည်းကောင်း ကုသိုလ်ပြုလှူဒါန်း ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**ကျော်ဇော(လှသိပ္ပံ၊ ရွှေဘို)**

# ဝေရောစနကျောက်စိမ်းစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်

**မန္တလေး မတ် ၂**
ဝေရောစန ကျောက်စိမ်းစေတီတော် မြတ်၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ရိုးရာခြင်းလုံးပြိုင်ပွဲ နှင့်မြန်မာ့ရိုးရာ နွားအလှ နွားလှည်း ပြိုင်ပွဲ ဗိုလ်လုပွဲများကို အမရပူရ မြို့နယ် ဆင်ရွာမြင်းမှုးရွာ ကျောက်စိမ်း စေတီတော် အားကစားကွင်းများ၌ ကျင်းပခဲ့သည်။

သုံးယောက်တွဲ အမျိုးသားပြိုင်ပွဲတွင် UPK အသင်းက ကာကွယ်ရေး (က)အသင်းကို နှစ်ပွဲပြတ်ဖြင့် နိုင်ကာ ပထမဗိုလ်စွဲခဲ့သည်။ နှစ်ယောက်တွဲ အလွတ်တန်း အမျိုးသမီးပြိုင်ပွဲတွင် ပြည်ထဲရေး(က)အသင်းက ပြည်ထဲရေး (ခ)အသင်းကိုနှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့သည်။ ၁၀ ပေါက်တန်းဝိုင်းဖွဲ့ခြင်းလုံးခတ် ပြိုင်ပွဲတွင် ခေတ်ဆန်းမောင် (မန္တလေး) အသင်းက ပထမ၊ ဝမ်းတူးတူးဝမ်း (မန္တလေး)အသင်းက ဒုတိယ၊ ချမ်းမြရွှေစင် (မန္တလေး)အသင်းက တတိယ နှင့် ရွှေမန်းသား (မန္တလေး)အသင်းက နှစ်သိမ့်ဆု၊ ခြောက်ပေါက်တန်း ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲတွင် မကွေးတိုင်း ဒေသကြီးအသင်းက ပထမ၊ စီမံ၊ ဘဏ္ဍာ အသင်းက ဒုတိယ၊ အောင်မြေခြင်းရုံ အသင်းက တတိယနှင့် စစ်ကိုင်းတိုင်း ဒေသကြီးအသင်းက နှစ်သိမ့်ဆု ရရှိခဲ့ကြသည်။



ထို့နောက် မြန်မာ့ရိုးရာနွားခြေ အလှအကြော့မောင်းအငယ်တန်းပြိုင်ပွဲတွင် မြောင်မြို့နယ်မှ ဂျော်ကီဦးဘို၏ ရွှေဘိုစိန်နှင့်မြင်းမူနွား လှည်းတို့က ပထမ၊ ရန်ကုန်မှ ဂျော်ကီကိုသက်၏နွား ပြည်တော်ချစ်က ဒုတိယ၊ ကြာပင်အိုင်မှ ဂျော်ကီကိုသိန်းတန်၏ ကမ္ဘာမိုး ကြာပင်အိုင်နွားက တတိယနှင့် ညောင်တုန်းမှ ဂျော်ကီသန်းထွန်း၏နွား ဟိန်းထွန်းအောင်က စတုတ္ထ၊ နွားခြေအလှအကြော့မောင်း အကြီးတန်းပြိုင်ပွဲတွင် သာစည်မှ ဂျော်ကီကြည်ဝင်း အသည်းလေးနွားက ပထမ၊ ရန်ကုန်မှ ဂျော်ကီကိုသက်၏ ပြည်တော်ချစ်နွားက ဒုတိယ၊ အုန်းချောမှ ဂျော်ကီကြုံတိုင်း၏ အာကာဗိုလ်နွားက တတိယနှင့် တဘက်ဆွဲမှ ဂျော်ကီကျော်ထွန်း၏ ဟိန်းထက်အောင်နွားက စတုတ္ထ၊ နွားလှည်းဒုန်းအငယ်တန်းပြိုင်ပွဲတွင် ရန်ကုန်မှကိုသက်၏ မာနလေးနှင့် ဇွဲနိုင်တို့က ပထမ၊ ရွာဝေမှ ဂျော်ကီလွင်မိုး၏ မိုက်မိုက်နှင့် စိုင်းနေအောင် နွားအတွဲက ဒုတိယ၊ လက်ပန်မှဂျော်ကီကိုပု၏ မာဒီပနှင့် ခလုပ်တို့က တတိယနှင့် ဘုန်းအိုးအမရပူရမှ ဂျော်ကီဂျွန်နိုက်၏ နံကိုးနှင့် ပျံလွှားနွားတို့က စတုတ္ထ၊ နွားလှည်းဒုန်း အကြီးတန်းပြိုင်ပွဲတွင် အမရပူရတောင်မြင့်မှ ဂျော်ကီဝင်းနိုင်၏ မှုံကြီးနှင့် နေတိုးနွားအတွဲတို့က ပထမ၊ ရန်ကုန်မှ ဂျော်ကီကိုသက်၏ ဒုန်းလေးနှင့်ချွန် နွားအတွဲက ဒုတိယ၊ လက်ပန်မှ ဂျော်ကီကိုစိုး၏ အာကာသိန်းနှင့် စနေအောင် နွားအတွဲက တတိယနှင့် နွားတစ်ယောက်စီးပြိုင်ပွဲတွင် စစ်ကိုင်းမှ ဂျော်ကီဖိုးသူတော်၏ ကောင်းကျော်နွားနှင့် သာစည်မှ ဂျော်ကီဖိုးထူး၏ ပွဲတိုင်းကျော်နွားတို့က ဆုရရှိကြပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုရရှိသူများကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ တိုင်းဒေသကြီးအစိုးရ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းတို့က ချီးမြှင့်ကြပြီး မြန်မာနိုင်ငံခြင်းလုံး ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အာရှအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် တာဝန်ရှိသူများ၊ အား/ကာမှ တာဝန်ရှိသူများက နွားပြိုင်ပွဲဆုများ၊ ပိုက်ကျော်ခြင်းတစ်ဦးချင်း ဆုများ၊ ဆုငွေများ၊ ရိုးရာခြင်းဝိုင်းခတ်ပြိုင်ပွဲဆုရရှိသူများ၊ ပြိုင်ပွဲကူညီသူများ၊ ဒိုင်အဖွဲ့အား ဆုငွေများ၊ ဆုတံဆိပ်များ အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ကြေးသွန်းဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် ခရမ်းမြို့နယ်လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူ

**ခရမ်း မတ် ၂**
ခရမ်းမြို့ သကျမာရဇိန်ကြေးသွန်းဘုရားကြီး (၉၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မြို့နယ်လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲကို ကြေးသွန်းဘုရားကြီးတန်ဆောင်းအတွင်း၌ ဖေဖော်ဝါရီ ၂၈ ရက်က ပြုလုပ်သည်။

ဆွမ်းဆန်တော်များ မလောင်းမီ ရှေးဦးစွာ ဘုရားတန်ဆောင်းအတွင်းရှိ ဓမ္မာရုံတော်ကြီး၌ ပွဲတော်ရက်အတွင်း စတုဒိသာကျွေးမွေး လှူဒါန်းခဲ့ကြသူ အလှူရှင်များ၊ နေ့စဉ်ဘုရားကြီးအတွက် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းခဲ့ကြသည့် အလှူရှင်များနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲတွင် ပါဝင်လောင်းလှူကြမည့် အလှူရှင်များ ပါဝင်ပြီး ရေစက်ချတရားတော်များ နာယူကြသည်။

မွန်းလွဲ ၁ နာရီခွဲတွင် ဘုရားအမှူးရှိသောသံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူပွဲကြီးကို ဘုရားကြီးတန်ဆောင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထို့အတူ ဘုရားပွဲတော် ဓမ္မပူဇာတရားပွဲများကို မတ် ၂၊ ၃၊ ၄ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# မြန်မာယူ-၁၅ အသင်း ဖွဲ့စည်းရန် လူရွေးပွဲဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၂**
နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၅ အသင်းကို ပဏာမကစားသမား ၇၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး ယနေ့ ညနေပိုင်းတွင် သုဝဏ္ဏမြက်ခင်းတုကွင်း၌ လူရွေးပွဲ ပြုလုပ်ခဲ့သည်။ မြန်မာ ယူ-၁၅ အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တည်ထောင်ထားသည့် ဘောလုံးအကယ်ဒမီ သုံးခုနှင့် တပ်မတော်ဘောလုံး အကယ်ဒမီတို့မှ ကစားသမားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၅ ပြိုင်ပွဲမှ ရွေးချယ်ထားသော ထူးချွန်ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ယနေ့ပြုလုပ်သည့် လူရွေးချယ်ပွဲတွင် အဋ္ဌမတန်းစာမေးပွဲ ဖြေဆိုပြီးသော ကစားသမားများအပါအဝင် စုစုပေါင်း ကစားသမား ၄၇ ဦး လာရောက် အရွေးချယ်ခံခဲ့သည်။ လူရွေးချယ်ရေး အစီအစဉ်များကို မတ် ၃ ရက် **(ယနေ့)**တွင် ဆက်လက်ပြုလုပ်မည်ဖြစ်ပြီး လူရွေးပွဲများ ပြီးဆုံးပါက ပဏာမကစားသမား ၃၀ ဝန်းကျင်ဖြင့် ပဏာမ မြန်မာ ယူ-၁၅ အသင်းကို ဖွဲ့စည်းမည်ဖြစ်သည်။ ယင်းအသင်းကို ဂျပန်နိုင်ငံသားနည်းပြ တာကူမာက ကိုင်တွယ်လျက်ရှိပြီး ယခုနှစ်အတွင်း ကျင်းပမည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

မြန်မာ ယူ-၁၅ အသင်းသည် ပထမဆုံး နိုင်ငံတကာ ပြိုင်ပွဲအဖြစ် မတ် ၂၃ ရက်တွင် ကျင်းပမည့် ဟောင်ကောင်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ Jockey Club International Tournament သို့ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ မြန်မာယူ-၁၅ အသင်းသည် လူရွေးပွဲပြီးဆုံးပါက ပဏာမလက်ရွေးစင် ကစားသမားများဖြင့် လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ညီမြတ်သော်တာ**

# မြန်မာ ယူ-၁၉ အမျိုးသားအသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းအား စာချုပ်ချုပ်ဆို

**ရန်ကုန် မတ် ၂**
မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာယူ - ၁၉ အမျိုးသားအသင်း နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းအား အပြီးသတ် စာချုပ်ချုပ်ဆိုခဲ့ပြီး ၂၀၁၉ ခုနှစ်အထိ တာဝန်ယူ ကိုင်တွယ်မည်ဖြစ်သည်။ မြန်မာယူ-၁၉ အသင်း နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းနှင့် စာချုပ်ချုပ်ဆိုပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စီအီးအို ဦးဘုန်းနိုင်ဇော်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်မြင့်အောင်တို့ တက်ရောက်၍ လက်မှတ်ရေးထိုးခဲ့ပြီး အပြီးသတ် စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် လက်ရွေးစင်နှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ၏ နည်းပြများအား ပြန်လည်တာဝန်ပေးအပ်ခဲ့ပြီး ပြည်တွင်းနည်းပြများသာ ခန့်အပ်ခဲ့သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လက်ရှိဖွဲ့စည်းထားသည့် လက်ရွေးစင်အသင်းများအနက် အသင်းအများစုအား ပြည်တွင်းနည်းပြများကို တာဝန်ပေးအပ်ခဲ့ပြီး ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဦးမျိုးလှိုင်ဝင်းအား မြန်မာ ယူ-၁၉ အသင်း နည်းပြချုပ်အဖြစ် တာဝန်ပေးအပ်ကာ စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ဦးမျိုးလှိုင်ဝင်း ကိုင်တွယ်မည့် မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်အတွင်း ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ဇူလိုင် ၂ ရက်မှ ၁၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည့် ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အောင်မြင်မှုရရန် အချိန်ယူပြင်ဆင်မည် ဖြစ်သည်။ နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းသည် ကစားသမားများ ရွေးချယ်ရန် လူငယ်လိဂ်ပွဲများအား လိုက်လံကြည့်ရှုလျက်ရှိပြီး မေလဆန်းတွင် စခန်းဝင်လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်သည်။




ဦးမျိုးလှိုင်ဝင်းသည် မြန်မာ ယူ-၁၉ အသင်းနည်းပြချုပ်အဖြစ် ဒုတိယအကြိမ် တာဝန်ယူ ကိုင်တွယ်ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ပထမအကြိမ် ကိုင်တွယ်ခဲ့ဖူးကြောင်း သိရသည်။ ၎င်းသည် ကလပ်အသင်းများကို ကိုင်တွယ်ခဲ့ဖူးသည့် အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ပြီး ယခင်က Air Bagan၊ ရန်ကုန်ယူနိုက်တက်နှင့် နေပြည်တော်အသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးကာ ထိုက်သင့်သည့်အောင်မြင်မှုများ ရယူနိုင်ခဲ့သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ- MFF**



## ရုံးပိတ်ရက်များတွင် မုံရွာမြို့နယ်အတွင်းရှိ အထင်ကရနေရာများ၌ စည်ကားလျက်ရှိ

**မုံရွာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ အထင်ကရနေရာများဖြစ်သော စေတီပုထိုးများ၊ ဘုရားများနှင့် အပန်းဖြေနေရာများတွင် ရုံးပိတ်ရက်ရှည်နေ့များ၏ နေ့လယ်ပိုင်းနှင့် ညပိုင်းများတွင် မိသားစုလိုက်ဖြင့် လည်းကောင်း၊ တစ်ဦးချင်းဖြင့် လည်းကောင်း၊ ဆွေမျိုး၊ မိတ်ဆွေများဖြင့် လည်းကောင်း၊ ဘုရားဖူး၊ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်အတွင်းရှိ ဖောဓိတထောင်၊ မိုးညှင်းသမ္ဗုဒ္ဓေ၊ ကျောက္ကာရွှေကူနီ၊ ရွှေစည်းခုံမြတ်စွာဘုရား၊ ဆုတောင်းပြည့် မြတ်စွာဘုရားကြီး၊ လယ်တီကျောက်စာတိုက်၊ ရွှေတောင်ဦး၊ ကျောက္ကာရေတံခွန်အပန်းဖြေစခန်းတို့တွင် ဘုရားဖူးမြော်သူများ၊ အပန်းဖြေသူများ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

"ရုံးပိတ်ရက်ကလည်း လေးရက်ဆိုတော့ မိသားစုလိုက် ဘုရားဖူးရင်း၊ စိတ်အပန်းဖြေတဲ့အနေနဲ့ လာတာပါ၊ နေရာသစ်တွေကို လေ့လာလို့ရသလို အမြင်သစ်တွေလည်းရတယ်၊ ကုသိုလ်ဖြစ်ဖို့အတွက်လည်း ကိုယ်တတ်နိုင်တဲ့ လှူဒါန်းမှုတွေလည်း လုပ်နိုင်တဲ့အတွက် ပျော်လည်းပျော်တယ်၊ စိတ်လည်းကြည်နူးပါတယ်"ဟု မုံရွာမြို့နယ် ကျောက္ကာကျေးရွာရှိ သမိုင်းဝင် ဆုတောင်းပြည့် ရွှေဂူနီစေတီဘုရားသို့ ရန်ကုန်မြို့မှ လာရောက်ဖူးမြော်သူ ဒေါ်ဝေမာထွေးက ပြောသည်။

တစ်ပေါင်းလပြည့်၊ တောင်သူလယ်သမားနေ့၊ စနေ၊ တနင်္ဂနွေ စသည့်ရုံးပိတ်ရက် လေးရက်ပါဝင်သည့် ယခုရုံးပိတ်ရက်များတွင် မုံရွာမြို့နယ်အတွင်း စေတီပုထိုးများ၊ ဘုရားများနှင့် အပန်းဖြေနေရာများတွင် ဘုရားဖူးသူများ၊ အပန်းဖြေသူများ၊ ပျော်ပွဲစား ထွက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ပြည်သူများ လာရောက်အပန်းဖြေနိုင်ရန် ဇွဲကပင် သဘာဝအပန်းဖြေဥယျာဉ် ဖွင့်လှစ်ပြသ

ဘားအံ မတ် ၂

**ကရင်ပြည်နယ် ဘားအံမြို့နယ် ရဲသာကျေးရွာအုပ်စု ကမော့ကစင်ကျေးရွာအနီး ဇွဲကပင်တောင်ခြေတွင် ပြည်သူများ လာရောက်အပန်းဖြေနိုင်ရန်အတွက် ဇွဲကပင် သဘာဝဟိုတယ်ဝင်းအတွင်း၌ တိရစ္ဆာန်ဥယျာဉ်ရုံ ဖွင့်လှစ်ပြသထားလျက်ရှိကြောင်း သိရသည်။**

"ဒီဇွဲကပင် သဘာဝဟိုတယ်ဝင်း အတွင်းမှာ ဖွင့်လှစ်ထားတဲ့ တိရစ္ဆာန်ရုံမှာဆိုရင် ဆင်၊ ကြပ်သေ၊ မျောက်၊ ဝက်ဝံ မိကျောင်း၊ ဆတ်၊ လိပ်၊ ရောင်စုံ သားငှက် တိရစ္ဆာန်တွေထားပြီးတော့ အများပြည်သူ လာရောက်ကြည့်ရှုနိုင်ရန်အတွက် ပြသထားသလို ဟိုတယ်ဝင်းအတွင်း၌ လည်း လိုက်လံကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါတယ်"ဟု ဇွဲကပင် သဘာဝဟိုတယ်ပိုင်ရှင် ဒေါ်နန်းရင်ရင်ထွေးက ပြောသည်။

ဝင်ကြေးအနေဖြင့် ကလေး လူကြီးများကို ငွေကျပ် ၁၀၀၀ ကောက်ယူပြီး နို့တိုက်အရွယ်ကလေးကစပြီး မူကြိုကလေးငယ်များနှင့် ရဟန်းသံဃာ၊ မယ်သီလရှင်၊ ဓမ္မစကူးကျောင်းသား ကျောင်းသူများကို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ရန် ခွင့်ပြုထားကြောင်း သိရသည်။

လက်ရှိအနေအထားအရ ကျောင်းပိတ်ရက် ဖြစ်သည့်အတွက်ကြောင့် ကလေးတွေ လာရောက်ကြည့်ရှုရန်အတွက် ယာယီဖွင့်လှစ်ပေးထားပါကြောင်း၊ အဆင်သင့်တော့ မဖြစ်သေးကြောင်း၊ ဆက်ပြီးတော့ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေကို ထပ်မံတိုးချဲ့လုပ်ဆောင်နေပြီး ဒီဟိုတယ်နှင့် တိရစ္ဆာန်ရုံကိုတော့ သီတင်းကျွတ်လောက် ဖွင့်လှစ်ရန် ခန့်မှန်းထားပါကြောင်း ပြောသည်။

ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ပခရီးသွားဧည့်သည်များ၊ ပြည်နယ်အတွင်းရှိ ပြည်သူများအနေဖြင့် အခြားသော နေပြည်တော်၊ ရန်ကုန်မြို့များသို့သွားရောက်ပြီး တိရစ္ဆာန်ရုံကို မကြည့်ရှုနိုင်ခြင်းမရှိသည့်အတွက်ကြောင့် မိမိပြည်နယ်အတွင်း၌သာ လာရောက်ပြီး တိရစ္ဆာန်များကို ကြည့်ရှုနိုင်စေရန်အတွက် ရည်ရွယ်ပြီး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလို တိရစ္ဆာန်ရုံ ဖွင့်ပေးထားတော့ အလွန်အဆင်ပြေတာပါ။ တခြားမြို့ကို သွားပြီးကြည့်ဖို့ဆိုတာ မလွယ်ဘူး၊ သွားရင် ငွေကုန်ကြေးကျများမယ်၊ ကိုယ့်ဒေသမှာပဲ အခုလို တိရစ္ဆာန်တွေ အစုံတွေ့ရတော့ ဝမ်းသာတယ်၊ အနားယူဖို့အတွက်လည်း ထိုင်ခုံလေးတွေ လုပ်ထားပေးတော့ မိသားစုနဲ့လာပြီး အနားယူရတာ အဆင်ပြေတယ်၊ ဒီထက်တိရစ္ဆာန်တွေ ပိုပြီးစုံလင်အောင် ထားပေးနိုင်ရင်တော့ ပိုပြီးကောင်းလိမ့်မယ်လို ယင်းတိရစ္ဆာန်ဥယျာဉ်သို့ လာရောက်ကြည့်ရှုသူ တစ်ဦးက ပြောပြသည်။

ယင်းတိရစ္ဆာန်ရုံကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ လာရောက်ကြည့်ရှုနိုင်ကြောင်း ကရင်ပြည်နယ်တွင် ယခုဖွင့်လှစ်ပြသသော တိရစ္ဆာန်ရုံသည် အများပြည်များ လာရာက်အပန်းဖြေနိုင်ရန်အတွက် ပထမဆုံး ဖွင့်လှစ်ပြသသော နေရာတစ်ခုဖြစ်ကာ တစ်နေ့ထက် တစ်နေ့ လာရောက်ကြည့်ရှုသူများလည်း များပြားလာကြောင်း သိရသည်။

**မင်းထွန်းဇော်**

# ရုံးပိတ်ရက်ရှည် အပန်းဖြေခရီးသွားလာကြသူများ၏ ပျော်ရွှင်ခံစား ရင်တွင်းစကားသံများ



ဒေါ်နုဝါလှိုင်



ဒေါ်တင်တင်ထွေး



ဒေါ်ခင်အေးမြင့်



မဝါဝါလွင်



မနုနုအောင်



ဦးမင်းစိုး

**တပေါင်းလပြည့်နေ့မှစပြီး ရုံးပိတ်ရက်လေးရက်ရသည့်အတွက် မိသားစုအလိုက် သော်လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်း အုပ်စုအလိုက် သော်လည်းကောင်း ပြည်ပသို့ သွားရောက်အပန်းဖြေမှုများနှင့် တစ်နိုင်ငံလုံးရှိ အပန်းဖြေရာနေရာ အသီးသီးသို့ သွားရောက်အပန်းဖြေနေကြသည့် သတင်း၊ ဓာတ်ပုံများကို သတင်းမီဒီယာများတွင် ယခုရက်များအတွင်း ဆက်တိုက်နီးပါး တွေ့မြင်နေရသည်။**

နေပြည်တော်မှ အဝေးသို့ သွားရောက်လည်ပတ် အပန်းဖြေကြသူများရှိသလို မိမိနေထိုင်ရာ အနီးဝန်ကျင်း၌ အပန်းဖြေသူများဖြင့်လည်း နေပြည်တော် ဗုဒ္ဓဂယာ၊ ဥပ္ပါတသန္တိစေတီတော်၊ ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ငလိုက်အပန်းဖြေစခန်း၊ ငလိုက်စခန်းသာဆင်စခန်းတို့ အပါအဝင် အပန်းဖြေရာနေရာများတွင် ကုသိုလ်ယူသူ၊ အပန်းဖြေအနားယူသူများကို မြင်တွေ့နေရသည်။

ပိတ်ရက်များ ဆက်တိုက်ရသည့်အတွက် စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းမှုများ ပြေပျောက်စေရန်အတွက် အပန်းဖြေကြသူများ၏ ပျော်ရွှင်ဖွယ် ရင်တွင်းစကားသံများကို ပြန်လည်ဖော်ပြအပ်ပါသည်။

**ဒေါ်နုဝါလှိုင်**

**ခရေအိမ်ရာ၊ နေပြည်တော်**

ကျွန်မတို့က နေပြည်တော်မှာ နေတာပါ။ အဒေါ်တွေက ရန်ကုန်ကနေ ရောက်နေကြတော့ သူတို့လည်း ဒီငလိုက်ဆင်စခန်းကို ရောက်ဖူးချင်ကြတယ်လေ၊ ဒါကြောင့် သူတို့ကို လိုက်ပို့ရင်းနဲ့ ရောက်ဖြစ်တာပါ။ တစ်ခါမှ မရောက်ဖူးပါဘူး။ ရုပ်မြင်သံကြားမှာတော့ ကြည့်ဖူးပါတယ်။ ဒီဆင်စခန်းကိုရောက်တော့ တောလမ်းသဘာဝလေးအတိုင်း ဝင်လာရတော့ စိတ်ထဲမှာ အေးချမ်းသွားတယ်။ အမေနဲ့ သားလည်းပါတဲ့အတွက် အလွန်ပျော်မိတယ်။ ကျွန်မတို့လို မိသားစုရှိတဲ့သူတွေ သားသမီးတွေရဲ့ ကျောင်းပိတ်ရက်တွေမှာ ဒီကို လာရောက်လည်ပတ်စေချင်တယ်။ ပျော်ရွှင်အေးချမ်းမှုရမယ်လို့ ပြောချင်ပါတယ်။

**ဒေါ်တင်တင်ထွေး**

**အငြိမ်းစားကျောင်းဆရာမ ၊ အင်းစိန်မြို့နယ်**

အန်တီ့ညီမက ပုဗ္ဗသီရိမြို့နယ်မှာ နေတာပါ။ သူက ငလိုက်ဆင်စခန်းကို တီဗွီကနေကြည့်ပြီးတော့ သာယာတယ်ဆိုပြီး အန်တီ့ကို အတင်းခေါ်တာပါ။ သူငယ်ချင်းလည်းရှိတော့ အန်တီလည်း ဒီကိုလာဖြစ်သွားတာပါ။ အန်တီတို့က နှစ် ၃၀ လုံးလုံး နိုင်ငံ့ဝန်ထမ်းလုပ်ခဲ့တာပါ။ တခြားသူငယ်ချင်းတွေကို ပြောခဲ့တယ်။ ငါရှေ့ပြေးသွားလိုက်မယ်လို့ပြောပြီး ရောက်လာတာပါ။ တခြားသူငယ်ချင်းတွေက နေပြည်တော်မှာ လည်စရာ သိပ်မရှိဘူးလို့ ထင်ကြတယ်။ အန်တီကတော့ ဆင်စခန်းအပြင် ဘုရားတွေ အများကြီးလည်း ဖူးပြီးပြီ။ နောက်တစ်ခါ သူငယ်ချင်းတွေကို ခေါ်ပြီး ထပ်လာဦးမှာပါ။

**ဒေါ်ခင်အေးမြင့်**

**ပုဗ္ဗသီရိမြို့နယ်**

ဒီငလိုက်သာဆင်စခန်းကို နယ်ကသူငယ်ချင်းတွေရောက်လာတော့ သွားပြီးလေ့လာအပန်းဖြေကြမယ်ဆိုပြီး ရောက်လာတာပါ။ တစ်ခါမှလည်း မရောက်ဖူးပါဘူး။ ဒီရောက်တော့ သာယာတာတွေ့တော့ ကျန်တဲ့သူငယ်ချင်းတွေကို ဖုန်းဆက်ပြီး လာဖို့ လှမ်းပြောနေတာပါ။ ဒီမှာ တောရိပ်တောင်ရိပ်တွေနဲ့ဆိုတော့ တော်တော်သာယာတယ်။ ကမ်းခြေလေး လည်းရှိတော့ အပန်းဖြေရတာ တော်တော်လေး စိတ်ချမ်းသာမှုရပါတယ်။ အခြားသူတွေကိုလည်း လာရောက်အပန်းဖြေကြဖို့ သတင်းစကားပါးဖြစ်မှာပါ။

**မဝါဝါလွင်**

**ဝန်ထမ်း**

သမီးဇာတိက မုံရွာကပါ။ နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေပါတယ်။ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြစ်ပါတယ်။ ရုံးပိတ်ရက် ရက်ရှည်ဆိုပေမယ့် အိမ်မပြန်ဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အရင်ကတည်းက ဒီဆင်စခန်းကို လာမယ်ဆိုပြီး အားခဲထားတာရှိတယ်။ တစ်ခေါက်မှလည်း မရောက်ဖူးဘူးလေ။ ဒီရောက်တော့ အလွန်ပျော်သွားတယ်။ ဆင်လည်းစီးတယ်။ ဆင်တွေကိုလည်း အစာကျွေးတယ်။ ဒီရောက်တော့ သူငယ်ချင်းတွေကို ဖုန်းဆက်ပြီး လာလည်ကြဖို့ ပြောလိုက်တယ်။ နေပြည်တော်မှာ လည်စရာတွေအများကြီးရှိတယ်။ လာကြပါလို့လည်း ဖိတ်ခေါ် ချင်ပါတယ်။

**မနုနုအောင်**

**တောင်ငူ**

သမီးက ပထမ ဘားအံကို သွားဖို့ပါ။ နောက်တော့ အလုပ်ကိစ္စလေးရှိတာကြောင့် မသွားဖြစ်တော့ဘူးလေ။ အစက နေပြည်တော် ငလိုက်ဆင်စခန်းမှာ ဒီလောက် ပျော်စရာကောင်းပြီး သာယာမယ်လို့မထင်ဘူး။ ဒီရောက်တော့ အတော်ပျော်သွားတယ်။ လာလည်ဖြစ်တာ မှန်သွားတယ်လို့ ပြောလို့ရပါတယ်။ ပိတ်ရက်ရှည်တွေ ရောက်တိုင်း လည်ပတ်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်ခေါက်ကဆိုရင် ပြင်ဦးလွင်ရောက်ပါတယ်။ ဒီတစ်ခေါက် ဆင်စခန်းရောက်တာပါ။

**ဦးမင်းစိုး၊ ယာဉ်မောင်း-၄**

**နေပြည်တော်တောင်ပိုင်း သစ်ထုတ်လုပ်ရေးဒေသ ငလိုက်ဆင်စခန်း**

ဒီဆင်စခန်းကို လာတဲ့သူတွေကို တစ်ယောက်ကို ဝင်ကြေး ငွေကျပ် ၁၀၀၀ ကောက်ခံပါတယ်။ ကားပါကင်ကြေးရယ်လို့တော့ ကောက်ခံတာ မရှိပါဘူး။ ဆင်စခန်းကိုရောက်ရင် အမောပြေ၊ အပန်းပြေအနေနဲ့ ဆင်စီးလို့ရပါတယ်။ ဆင်စီးတာကိုတော့ တစ်ယောက်ကို ငွေကျပ် ၃၀၀၀ ယူပါတယ်။ တောထဲ တစ်ပတ် ပတ်ပေးပါတယ်။ ဒီနေ့ဆိုရင် တောင်သူလယ်သမားနေ့ ဖြစ်လို့ လူဝင်များပါတယ်။ မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း နဲ့ လာရောက်အပန်းဖြေသူ များပါတယ်။ ကြားရက်တွေမှာတော့ လူဝင်နည်းပါတယ်။ ဆင်စခန်းကို နံနက် ၆ နာရီကနေ ညနေ ၆ နာရီအထိတော့ ဖွင့်ပေးထားပါတယ်။ နံနက် ၆ နာရီဆိုရင် ဆင်တွေကို ကောက်တယ်။ လာတဲ့သူတွေက ဆင်စာကျွေးကြတယ်။ အပန်းဖြေတဲ့သူတွေ စားသောက်လို့ရအောင် စားသောက်ဆိုင်လေးလည်း ဖွင့်ပေးထားပါတယ်။ ငလိုက်အပန်းဖြေဟိုတယ်နဲ့ ဆင်စခန်းနဲ့က ရွေခြားနေပါတယ်။ ဟိုတယ်မှာတည်းတဲ့သူတွေလည်း စက်လှေစီးပြီးတော့ ဒီဆင်စခန်းကို လာရောက်လည်ပတ်ကြပါတယ်။ အနယ်နယ်အရပ်ရပ်က လူတွေလည်း ဒီဆင်စခန်းကို လာရောက်လည်ပတ်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**သတင်း-မိမိဖြိုး၊ ဓာတ်ပုံ-အေးသန်း**

# အများပြည်သူရုံးပိတ်ရက်တွင် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ဘုရားဖူးပြည်သူများ လာရောက်လည်ပတ်လျက်ရှိ

**မြောက်ဦး မတ် ၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဘုရား၊ ပုထိုး၊ စေတီတော်များနှင့် ရှေးဟောင်းအနုပညာ ဗိသုကာလက်ရာများ၊ ရှေးခေတ်အသုံးအဆောင်ပစ္စည်းများ၊ ကျောက်စာများ၊ ကြွေထည်လက်မှုပစ္စည်းများ၊ ရှေးဟောင်းငွေဒင်္ဂါးပြားများ၊ ခေတ်လေးခေတ်၌ သွန်းလုပ်ခဲ့သော ဗုဒ္ဓဆင်းတုတော်အား အများပြည်သူရုံးပိတ်ရက်များ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ လည်ပတ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘုရားဖူးခရီးသွားဧည့်သည်များသည် မြောက်ဦးမြို့ရှိ မာရ်ငါးပါးဖြစ်သော ရတနာ့မာရ်အောင်၊ သကျမာရ်အောင်၊ ဇိနမာရ်အောင်၊ မင်္ဂလမာရ်အောင်၊ လောကမာရ်အောင်ဘုရားများကို သွားရောက်ဖူးမြော်ကြသည်။ ဆက်လက်၍ လက်ဆည်ကန်၊ အနူမကန်၊ နန်းတော်ရာကုန်းနှင့် ရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်လေ့လာကြပြီး သျှစ်သောင်းပုထိုးတော်ကြီး လိုဏ်ပတ်အတွင်းရှိ ၅၅၀ ဇာတ်နိပါတ်တော်များ၊ ထုက္ကန်သိမ် ပုထိုးတော်ကြီး လိုဏ်ပတ်အတွင်းရှိ ရှေးခေတ်ဆံထုံးတော် ဆင်ယင်ထုံးဖွဲ့ပုံ အဆင့်ဆင့်အား ကျောက်ဆစ်လက်ရာများဖြင့် ထုဆစ်ထားသည့် နံရံထွင်းကျောက်ထွင်း ရုပ်လုံးရုပ်ကြွများကို လေ့လာကြည့်ရှုကြသည်။ ထို့နောက် ဘုရားဖူးလာရောက်သော ဦးအောင်ထွန်းက ယခုလို ရှေးဟောင်းအနုပညာလက်ရာများနှင့် ယဉ်ကျေးမှုအမွေအနှစ်လက်ရာများကို လာရောက်လေ့လာခွင့်ရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးဧည့်သည်များသည် နှစ်စဉ်နှစ်တိုင်း အများပြည်သူရုံးပိတ်ရက်များတွင် မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရနေရာများအား လာရောက်လေ့လာဖူးမြော်နိုင်ရန်အတွက် မော်တော်ယာဉ်၊ ရေယာဉ်များဖြင့် လာရောက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# ရုံးပိတ်ရက်ရှည်ကြောင့် ငပလီကမ်းခြေ အပန်းဖြေသူများဖြင့် စည်ကားနေ

**သံတွဲ မတ် ၂**

တပေါင်းလပြည့်နေ့၊ တောင်သူလယ်သမားနေ့နှင့် စနေ၊ တနင်္ဂနွေနေ့များသည် အစိုးရရုံးပိတ်ရက် ကာလများဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်မှ အပန်းဖြေခရီးသွားသူများ ခရီးသွား ကားကြီး ကားငယ်များဖြင့် လာရောက်အပန်းဖြေသဖြင့် ငပလီကမ်းခြေတွင် မတ် ၂ ရက်အထိ ယခင်နှစ်ကထက် ပိုမိုစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ခရီးသွားပြည်သူများကို အဖွဲ့လိုက် အစုလိုက်အနေဖြင့် တွေ့မြင်ကြရပြီး အများစုမှာ ဝန်ထမ်းများဖြစ်တာလအကုန် လစာထုတ်ပြီးရက်များဖြစ်သဖြင့် ခရီးသွားရသည်မှာ ပိုမိုအဆင်ပြေကြောင်း ခရီးသွားဝန်ထမ်းတစ်ဦးက ပြောသည်။

ဌာနဆိုင်ရာ ဝန်ထမ်းတစ်ဦးဖြစ်သူ မိသားစုလေးဦးဖြင့် လာရောက်အပန်းဖြေသည့် ကိုဇော်မင်းထွန်းက အရင်ကပင် ဒီကမ္ဘာကျော် ငပလီကမ်းခြေကို လာရောက်လည်ပတ်ချင်ပါကြောင်း၊ ဝန်ထမ်းဖြစ်သဖြင့် အခုလို အခါအခွင့်သင့်သည့် ပိတ်ရက်ရှည်ရရှိသည့် ကာလနှင့် တိုက်ဆိုင်သဖြင့် ဆန္ဒတွေပြည့်မြောက်သွားသဖြင့် အတိုင်းမသိ ဝမ်းသာအားရဖြစ်မိပါကြောင်း ပြောကြားသည်။

ထို့နောက် မဇာဇာအောင်က "ယခုလို ဖြူလွှလွှ သဲသောင်ပြင်ကြီးရယ်၊ ပြာလဲ့လဲ့ ကြည်လင်တောက်ပနေတဲ့ ပင်လယ်ပြင်ကြီးရယ် စိမ်းလန်းစိုပြည်နေတဲ့ အုန်းတောကြီးတွေနဲ့ အလွန်တရာ သာယာလှပတဲ့ ငပလီကမ်းခြေမှာ သန့်ရှင်းလတ်ဆတ်တဲ့ သဘာဝပင်လယ်လေကို တစ်ဝကြီး ရှူရှိုက်အပန်းဖြေရကူးရင်း လတ်ဆတ်တဲ့ ပင်လယ်စာတွေကို ဈေးနှုန်းချိုသာစွာနဲ့ စားသောက်ရတဲ့အတွက် များစွာ အားရကျေနပ်မိပါတယ်၊ နောက်နှစ်များမှာလည်း ယခုလိုပိတ်ရက်များနဲ့ တိုက်ဆိုင်ပါက ရောက်အောင်လာခဲ့ပါမယ်"ဟု ဖြေကြားပေးခဲ့သည်။

ငပလီကမ်းခြေတွင် အပန်းဖြေအနားယူသူများ များပြားသလို သံတွဲမြို့အတွင်းရှိ တန်ခိုးကြီးသမိုင်းဝင် ဗျာဒိတ်တော်ရ ရွှေဆံတော်စေတီ၊ ရွှေနံတော်စေတီနှင့် ရွှေအံတော်စေတီတော်မြတ်များကိုလည်း လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သန့်ဇင်(ခရိုင် ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဘူတာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၁ ရက်က မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းဦးက သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းပညာပေးဆွေးနွေးရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသောင်းစိန်နှင့်အဖွဲ့၊ သက်ငယ်အမျိုးသမီးငယ်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်စဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



သန်လျင်မြို့နယ်အတွင်း ပြည်သူများ မှုခင်း အသိပညာကြွယ်ဝစေရေးအတွက် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဆန်းမြင့် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေးယာဉ်ကြီးဖြင့် လှည့်လည်ပြသ၍ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ဟောပြောခြင်းများကို ဆောင်ရွက်လျက်ရှိရာ မတ် ၁ ရက်က ဘုရားကုန်းကျေးရွာ ကျိုက်ခေါက်စေတီ ယာဉ်ရပ်နားကွင်း၌ ပြည်သူများအား မှုခင်းအသိပညာပေးပြသစဉ်။

ကိုကြီးတင်

အစိုးရရုံးပိတ်ရက်ဖြစ်သည့် တောင်သူလယ်သမားနေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရား တောင်ဘက်မုခ် ဦးဥတ္တမပန်းခြံ၌ လာရောက် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)





ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်အတွင်းရှိ မဟာဗန္ဓုလ ပန်းခြံအတွင်း၌ မတ် ၂ ရက်က အများပြည်သူရုံးပိတ်ရက်တွင် ကလေး၊ လူကြီးများ ပန်းခြံအတွင်း၌ လာရောက်၍ ပျော်ရွှင်အေးချမ်းစွာ အနားယူနေသည်ကို တွေ့ရစဉ်။

ရွှေတိုင်လွင်

## ကြက်၊ ငှက် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် နိုင်ငံအသီးသီးတွင် ရာသီမရွေး ဖြစ်ပွားနေသဖြင့် မိမိနိုင်ငံရှိ ကြက်/ဘဲ/ငုံးခြံများတွင်လည်း ဇီဝလုံခြုံမှု စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲနှင့် ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) မွေးမြူရေးခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(ဃ) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(င) အသား၊ ဥတို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်၊

(စ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသူ နှစ်ဦး၏ လျော်ကြေးငွေများ လွှဲပြောင်းပေးအပ်

**နေပြည်တော်  မတ်  ၂**

ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ် ဩဂုတ် ၄ ရက်က လွှဲပြောင်းပို့ဆောင်ခဲ့ပြီးဖြစ်သော လူကုန်ကူးခံရသူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦးအား လူကုန်ကူးခံရခြင်း၊ ညှဉ်းပန်း နှိပ်စက်ခံရခြင်းတို့အတွက် လျော်ကြေးငွေ အမျိုးသားအတွက် ဘတ် ခြောက်သိန်း၊ အမျိုးသမီးအတွက် ဘတ်သုံးသိန်း စုစုပေါင်း လျော်ကြေးငွေဘတ် ကိုးသိန်း လွှဲပြောင်းပေးအပ်ခြင်း အစီအစဉ်ကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက မြဝတီမြို့ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ၌ မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ရာ၌ လျော်ကြေးငွေများကို ထိုင်းနိုင်ငံဘက်မှ လူမှုဖွံ့ဖြိုးရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် Ms. SaranapatAnumatrajkit က မြန်မာနိုင်ငံဘက်မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ **(ယာပုံ)**

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က လျော်ကြေးငွေများကို လူကုန်ကူးခံရသူနှစ်ဦးထံ ထိုင်းနိုင်ငံမှ တာဝန်ရှိသူများ၏ ရှေ့မှောက်တွင်ပင် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် လူကုန်ကူးခံရသူနှစ်ဦး၏ လျော်ကြေးငွေများ လွှဲပြောင်းပေးအပ်သည့် အစီအစဉ်နှင့်အတူ ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၆ ဦးတို့အား ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြန်လည်လက်ခံခဲ့သည့် အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၆ ဦးတို့အား ၎င်းတို့၏ မိဘနေရပ်များသို့ ပြန်လည်ပို့ဆောင်အပ်နှံနိုင်ရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် မြဝတီမြို့မှ မော်လမြိုင်မြို့သို့ ခေါ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံသား ၁၆ ဦးအား မော်လမြိုင်မြို့ရှိ လူငယ်သင်တန်းကျောင်းနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတို့တွင် ယာယီလက်ခံစောင့်ရှောက်ကာ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများနှင့် ပျောက်ဆုံးသွားသူများအား ယာယီခရီးသွားထောက်ခံစာများ ထုတ်ပေးခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(မော်လမြိုင်)မှ လူကုန်ကူးသူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လိုအပ်သော စုံစမ်းမှုများ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက ၎င်းတို့၏ မိဘနေရပ်သို့ ပို့ဆောင်အပ်နှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ ဟမ်းဘို့ပင်ဂွင်းငှက် ခြောက်ကောင်ရောက်ရှိ

**နေပြည်တော်  မတ်  ၂**

မြန်မာ-ဂျပန် နှစ်နိုင်ငံ ပိုမိုရင်းနှီးမှုအနေဖြင့် ဂျပန်နိုင်ငံမှ ပေးပို့သော ဟမ်းဘို့ (Humblodt penguin)အမျိုးအစား ပင်ဂွင်း ခြောက်ကောင် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ ဖေဖော်ဝါရီ ၂၈ ရက်က ရောက်ရှိလာကြောင်း သိရသည်။



အဆိုပါ ဟမ်းဘို့ပင်ဂွင်းငှက်များကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ တိရစ္ဆာန်ဥယျာဉ်များဌာနနှင့် ဂျပန်နိုင်ငံ KATSURAHAMA Aquarium တို့ နှစ်နိုင်ငံ တိရစ္ဆာန်လဲလှယ်ရေး အစီအစဉ်အရ Htoo zoos & Garden Business unit တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ ပင်ဂွင်း အထီး လေးကောင်နှင့် အမနှစ်ကောင်ကို လက်ခံရရှိခြင်းဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) အုပ်ချုပ်ရေးမှူး ဦးအောင်မင်းခိုင်ထံမှ သိရသည်။

ဟမ်းဘို့ပင်ဂွင်းငှက်များကို တောင်အာဖရိကတိုက် အရှေ့တောင်ဘက်၊ ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်ကျက်စားလေ့ရှိပြီး ပီရူးနိုင်ငံနှင့် ချီလီနိုင်ငံတို့တွင် အများအပြားတွေ့ရသည့် မျိုးစိတ်များဖြစ်သည်။ ဟမ်းဘို့ပင်ဂွင်းငှက်များသည် အသက် သုံးနှစ်တွင် အရွယ်ရောက်ပြီး ကျောက်ဆောင်ကျောက်နံရံများနှင့် ကျောက်လိုဏ်ဂူများတွင် အသိုက်ပြုလုပ်လေ့ရှိကာ တစ်ခါသားပေါက်လျှင် ဥနှစ်ဥသာ ဥလေ့ရှိသည်။

ထိုဥများကို အဖိုနှင့် အမမှာ တစ်လှည့်စီဝပ်လေ့ရှိသည်။ ဥပြီး ရက် ၄၀ အတွင်း အကောင်ပေါက်သည်။ ၎င်း၏ သက်တမ်းမှာ ၁၅ နှစ်မှ အသက် ၂၀ နှစ်အထိရှိပြီး ခန္ဓာကိုယ်မှာ ၅၅ ဒသမ ၉ ကီလိုဂရမ် အထိရှိသည်။ တစ်နှစ်ပတ်လုံး မိတ်လိုက် သားပေါက်သော်လည်း ယေဘုယျအားဖြင့် အစာရေစာပေါများသည့် အချိန်တွင် မိတ်လိုက်သားပေါက်ခြင်း ပြုတတ်ကြသည်။ ၎င်းတို့၏ အစာမှာ အဓိကအားဖြင့် ပင်လယ်ငါးများသာ စားသုံးကြပြီး အစာကို ကိုက်စားခြင်းမရှိဘဲ အကောင်လိုက် မြိုချလေ့ရှိသည်။ ရေထဲတွင် တစ်နာရီကို မိုင် ၃၀ အထိ အစာရှာရင်း ကူးခတ်လေ့ရှိကြောင်း သိရသည်။ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် နို့တိုက်သတ္တဝါ ၃၅၁ ကောင်၊ ကျေးငှက်ပေါင်းစုံ ၃၁၂ ကောင်နှင့် တွားသွားတိရစ္ဆာန် ၆၇ မျိုးရှိကြောင်း သိရသည်။

**သတင်း-ဇော်ဘိ၊ ဓာတ်ပုံ-AMK**

## ကမ်းလွန်လုပ်ကွက် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော်  မတ်  ၂**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိရာ Total E & P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် M-5 နှင့် M-6 တို့တွင် 4D Seismic Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. POLARCUS ALIMA ဖြင့် တိုင်းတာရေးလုပ်ငန်းဆောင်ရွက်မည့် ဧရိယာဖြစ်သော Point S1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၅ မိနစ် ၄၁ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၂ မိနစ် ၅၄ ဒသမ ၁၉ စက္ကန့်၊ Point S2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၅ မိနစ် ၃၂ ဒသမ ၅၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၁ မိနစ် ၀၈ ဒသမ ၁၇ စက္ကန့်၊ Point S3 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၇ မိနစ် ၁၁ ဒသမ ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၀ မိနစ် ၅၉ ဒသမ ၉၃ စက္ကန့်နှင့် Point S4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၇ မိနစ် ၁၂ ဒသမ ၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၂ မိနစ် ၃၆ ဒသမ ၅၉ စက္ကန့်တို့အတွင်း ၂၀၁၈ ခုနှစ် မတ် ၁၀ ရက်မှ ဧပြီ ၁၆ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-5 နှင့် M-6တို့တွင် 4D Seismic Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. POLARCUS ALIMA ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားသည်။

**မြန်မာ့အလင်း**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာ အလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများ ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးရန်။
- ❖ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသော ငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ❖ ကန်ရေအရောင်အသွေး သတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း(၂၅-၄၀) စင်တီမီတာ အတွင်းရှိနေစေရန် (မိမိလက်ကိုတံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)
- ❖ ကန်ရေအပူချိန် မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါးဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ၊ မရှိကို ပုံမှန်စစ်ဆေးရန်။
- ❖ မွေးမြူရေးကန်အား လိုအပ်ပါက ရေအသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်း ရေသန့် သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှ သိုလှောင်ထားရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ် နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၂** နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက် ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

ဘဏ္ဍာရေးနှစ်၂၀၁၂-၂၀၁၃ မှ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ
နှစ်စဉ်တံဆိပ်ခေါင်းခွန်ရငွေစာရင်း

(ကျပ်သန်းပေါင်း)




ဘဏ္ဍာရေးနှစ်၂၀၁၂-၂၀၁၃ မှ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ
နှစ်စဉ်ကုန်သွယ်လုပ်ငန်းခွန်ရငွေစာရင်း

(ကျပ်သန်းပေါင်း)




ဓာတ်မြစ် - ပြည်တွင်းအခွန်များဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

## မြန်မာ့ရုပ်မြင်သံကြား

၃ -၃- ၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၅၀ - **၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူ ပြုသိကောင်းစရာများ** (ဓာတုဗေဒဘာသာရပ်)
- ၉း၄၅ - မြစ်မခမီဒီယာ "သဘာဝပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း"
- ၁၁း၂၅ - ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး
- ၁၂း၅၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်" (အပိုင်း -၁၄)
- ၁၄း၄၀ - ရုပ်ရှင်ရိုက်မယ် (အပိုင်း-၆) (ဝိညာဉ်၊ တုန်ရီနေသော လက်ကလေးများ)

**ညပိုင်း**

- ၁၅း၄၅ - Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (မကွေး FC နှင့် ရန်ကုန် ယူနိုက်တက် FC)
- ၁၈း၂၀ - " The Elephant Whis per"
- ၁၈း၃၅ - Tasty Trip
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက်" (အပိုင်း-၇၀)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - The Big Step (12) (ဂျီလတ်)
- - "အားလပ်ရက်မှာ စိတ်လက် အပန်းဖြေစရာ ခရီးသွားပုံရိပ်များ" အပိုင်း(၁)
- - ဂီတသမား၊ ဂီတစကား "တေးရေးမှော်ဆရာကြီးနဲ့ တေးဆိုကဝေမယ်တို့ရဲ့ တေးသီချင်းများ" (တွေ့ဆုံဆွေးနွေး- ဂီတစာဆို ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
- - "သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိ သာရ၏ နွေဦးဆောင်း နှောင်းလတပေါင်း" (အပိုင်း-၁)

## ၂၂ ဘီးယာဉ်နှင့် ဆိုင်ကယ်တိုက်မိ နှစ်ဦးသေဆုံး၊ ထွက်ပြေးသူယာဉ်မောင်းအား ဖမ်းဆီးရမိ

**ဝမ်းတွင်း မတ် ၂**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင် ၂၂ ဘီးယာဉ်နှင့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မှုဖြစ်ပွား၍ လူနှစ်ဦး သေဆုံးခဲ့သည်။

ဖေဖော်ဝါရီ ၂၈ ရက် ည ၈ နာရီခွဲခန့်တွင် ဝမ်းတွင်းမြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်သန်းသည် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၅၂/၆ နှင့် ၃၅၂/၇) အကြား တမာကုန်းလမ်းခွဲအနီး ယာဉ်အမှတ် YGN 5N/---- ၂၂ ဘီးယာဉ်နှင့် ဝမ်းတွင်းမြို့နယ် ဆည်ရွာကျေးရွာနေ ဝင်းသူအောင်(၂၄ နှစ်) မောင်းနှင်ပြီး နောက်တွင် ဆန်းလှိုင်ဝင်း(၂၅ နှစ်)တို့ စီးနင်းလိုက်ပါလာသော ဆိုင်ကယ်အမှတ် ၂၂ယ/----တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့ရာ ဝင်းသူအောင်နှင့် ဆန်းလှိုင်ဝင်းတို့မှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ၂၂ ဘီးယာဉ်၏ ယာဉ်မောင်းမှာ ထွက်ပြေးသွားခဲ့သည်။

ထွက်ပြေးသွားသော ယာဉ်မောင်းအား သတင်းအရ လိုက်လံရှာဖွေဖမ်းဆီးရာ ရမည်းသင်းမြို့ ရွှေမြင်တင်ဘုရားအနီး၌ ည ၁၂ နာရီခွဲခန့်တွင် ထွက်ပြေးသွားသည့်ယာဉ်နှင့် ယာဉ်မောင်းအား ဖမ်းဆီးမိခဲ့ကြောင်း ယာဉ်မောင်းကျော်နိုင်ဦးအား ဝမ်းတွင်းမြို့မရဲစခန်းက ဖမ်းဆီးအရေးယူဆောင်ရွက်ထားသည်။ **ဘိုဘို(မလှိုင်)**

## ဆိုင်ကယ်တိမ်းရှောင်ရာမှ ဆီဘောက်ဆာယာဉ် တိမ်းမှောက်

**ညောင်လေးပင် မတ် ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တော်ဝိကျေးရွာအနီး၌ မတ် ၂ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မှ တောင်ကြီးသို့ အောက်တိန်းဆီ တင်ဆောင်လာသည့် ယာဉ်မောင်း ဇော်ဦး (၂၈ နှစ်)မောင်းနှင်ပြီး ယာဉ်အကူ ဝေဖြိုးအောင် လိုက်ပါလာသော ဆီဘောက်ဆာယာဉ်အမှတ် YGN- 7D ၈ ဘီးFUSO ဆီဘောက်ဆာယာဉ်သည် ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၁၀၅/၇ နှင့် ၁၀၆) ကြား အရောက် တော်ဝိကျေးရွာအနီး၌ မျက်နှာချင်းဆိုင်မှလာသော ဆိုင်ကယ်အား တိမ်းရှောင်ရာမှ ယာဘက်လမ်းဘေးသို့ တိမ်းမှောက်သွားခဲ့ပြီး ထိခိုက်ဒဏ်ရာမရရှိကြောင်း သိရသည်။

ယာဉ်တိုက်မှုနှင့် ပတ်သက်၍ ပိန်းဇလုပ်နယ်မြေရဲစခန်းက ယာဉ်မောင်း ဇော်ဦးအား အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်အောင်လှိုင်( ညောင်လေးပင်)**

## ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်အနီး၌ သစ်ခွဲသားများ တင်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းဆီးရမိ

**ပဲခူး မတ် ၂**

ပဲခူးမြို့မဲခုန်ကျေးရွာအုပ်စု ဆင်ဖြူကွင်းသုသာန်အနီးတွင် မတ် ၁ ရက် ည ၉ နာရီခန့်က တရားမဝင်သစ်ခွဲသားများ တင်ဆောင်ရပ်တန့်ထားသော ယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့သည်။

ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးမျိုးဝင်း ဦးဆောင်သောအဖွဲ့များနှင့် အမှတ်(၂) ရဲစခန်းမှ ရဲအုပ်လှမြင့် ဦးဆောင်သောအဖွဲ့တို့သည် သတင်းအရ ရပ်တန့်ထားသောယာဉ်အား သွားရောက်ကြည့်ရှုစစ်ဆေးရာ လူတစ်ဦးမှ မတွေ့ရဘဲ YGN-6/----CANTER ခြောက်ဘီးယာဉ်နှင့် ယာဉ်ပေါ်တွင် ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၄၂ ချောင်း (၄ ဒသမ ၃၇၇၄)တန်ကို စစ်ဆေးတွေ့ရှိသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ကျွန်းသစ်များကို သယ်ဆောင်သူ သစ်ပိုင်ရှင်၊ ယာဉ်ပိုင်ရှင်နှင့် ဆက်စပ်တရားခံများအား စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန်အတွက် အမှတ်(၂) နယ်မြေရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## အရွယ်မရောက်သေးသူအား ခိုးယူပေါင်းသင်းသူ အရေးယူ

**မန္တလေး မတ် ၂**

မန္တလေးမြို့ အမရပူရမြို့နယ် ပြည်ကြီး မင်္ဂလာကုန်တင်ကားဝင်းအတွင်းရှိ ဆိုင်တစ်ဆိုင်မှ အသက်မပြည့်သေးသည့် မိန်းကလေးအား ဖြားယောင်းခေါ်ဆောင်သွား၍ မြစ်ငယ်နယ်မြေရဲစခန်းသို့ တိုင်တန်းသဖြင့် ခိုးယူပေါင်းသင်းသူကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာပြည်ကြီးမင်္ဂလာကုန်တင်ကားဝင်းအတွင်းရှိ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁ နာရီခန့်တွင် မိခင်ဖြစ်သူက ထမင်းဆိုင်အတွင်း အိပ်ပျော်နေစဉ် သမီးဖြစ်သူ မ ---- (၁၄နှစ်)၊တူမဖြစ်သူ မ- - - - - (၁၅နှစ်)နှင့်တူဖြစ်သူ မောင် ---- (၁၅နှစ်)တို့သုံးဦးသည် ထမင်းဆိုင်မှ ပျောက်ဆုံးသွားသဖြင့် လိုက်လံစုံစမ်းရှာဖွေရာ ညနေ ၆ နာရီခန့်တွင် တူနှင့် တူမတို့မှာ မဟာအောင်မြေမြို့နယ် မဟာမြိုင် ၁ ရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာသို့ ပြန်လည်ရောက်ရှိလာသည်။ ၎င်းတို့အား မေးမြန်းရာ ကားဝင်းတွင် စပယ်ယာလုပ်ကိုင်နေသော ချစ်သဲဇော်နှင့် ဇေယျာအောင်တို့က ဆိုင်ကယ်ဖြင့် ပြင်ဦးလွင်မြို့ တည်းခိုခန်းတစ်ခုသို့ ခေါ်ဆောင်သွားပြီး ချစ်သဲဇော်နှင့် မ - - - - - တို့ ကျန်နေခဲ့ကာ ကလေးများကို ဇေယျာအောင်က ဆိုင်ကယ်တက္ကစီဖြင့် မဟာမြိုင်သို့ ပြန်ပို့ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

မ - - - - အား ခိုးယူပေါင်းသင်းသူ ချစ်သဲဇော်ကို အရေးယူပေးရန် မြစ်ငယ်နယ်မြေရဲစခန်း သို့ လာရောက်တိုင်တန်းသဖြင့် မြစ်ငယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပြည်ကြီးမင်္ဂလာကုန်တင်ကားဝင်းအတွင်းရှိ စည်ပင်သာယာရဲတပ်ဖွဲ့များက ပူးပေါင်းစုံစမ်းရှာဖွေဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ **မောင်မောင်စိုး(မြစ်ငယ်)**

## ပုလဲမြို့နယ်၌ တရားမဝင် ပိတောက်သစ်တုံးများ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိ

**ပုလဲ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ တရားမဝင်သစ်များ ခုတ်လှဲခြင်း၊ ခိုးယူခြင်း၊ သယ်ဆောင်ခြင်း လုပ်ငန်းများကို တားဆီးကာကွယ်ဖမ်းဆီးလျက်ရှိရာ မတ် ၁ ရက်က



တရားမဝင် ပိတောက်သစ် ငါးတန်ကျော် သယ်ဆောင်လာသော မော်တော်ယာဉ်နှစ်စီးကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းနှင့် ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက် နံနက် ၁ နာရီခွဲက ဆင်ရှင်ကျေးရွာအုပ်စု ငှက်ပျောတော(တောင် ) ကျေးရွာရွာလယ်လမ်းတွင် ရပ်တန့်ထားသော ယာဉ်အမှတ်မပါ A-6 အမျိုးအစား ခြောက်ဘီးယာဉ်နှင့် ယာဉ်အမှတ် SHN 2D/---- A - 6 အမျိုးအစား ခြောက်ဘီးယာဉ်တို့ကို စစ်ဆေးရှာဖွေရာ စုစုပေါင်း တရားမဝင် ပိတောက်သစ်အတုံး ၅၀ ( ၅ ဒသမ ၉၂၇၄) တန်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိသော တရားမဝင် ပိတောက်သစ်တုံးများကို မြို့နယ်သစ်တောဦးစီးဌာနတွင် မော်တော်ယာဉ်တို့ကို ပုလဲမြို့မရဲတပ်ဖွဲ့စခန်းသို့ သယ်ဆောင်၍ ထိန်းသိမ်းထားရှိမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**


ယောဆရာတော်ကြီး၏ သက်တော်(၇၅)နှစ်ပြည့်စိန်ရတုအိုပွဲ
တိပိဋကဘွဲ့ရ(၃၃)နှစ်ပြည့်ကုသိုလ်ပွဲ
ရိပ်သာကျောင်းတိုက်တည်နှစ်(၂၀)ပြည့် ဓမ္မအောင်ပွဲ
ပရိယတ္တိစာသင်တိုက်တည် (၇)နှစ်ပြည့်ဓမ္မအောင်ပွဲ
စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် အာယုပါလဆွမ်းစားကျောင်းသစ်

ရေစက်ချအလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ

ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်ကြီး၏ သက်တော်(၇၅)နှစ်ပြည့်စိန်ရတုအိုပွဲမင်္ဂလာ၊ တိပိဋကဘွဲ့ရ (၃၃) နှစ်ပြည့်ကုသိုလ်ပွဲမင်္ဂလာ၊ ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ကြီးမှ ရွှေဥမင်ဓမ္မသုခတောရရိပ်သာကြီးကို တည်ထောင်ဖွင့်လှစ်ခြင်း နှစ်(၂၀)ပြည့်အထိမ်းအမှတ်မင်္ဂလာ၊ (ယော)ဆရာတော်ကြီးမှ ပရိယတ္တိစာသင်တိုက်ကို တည်ထောင်ဖွင့်လှစ်ခြင်း (၇)နှစ်ပြည့်အထိမ်းအမှတ်မင်္ဂလာ၊ ရွှေဥမင်ဓမ္မသုခတောရရိပ်သာ ပရိယတ္တိစာသင်တိုက်မှ (၁)နှစ်တာအတွင်း တစ်နိုင်ငံလုံးရှိ စာမေးပွဲအသီးသီးအောင်မြင်ခဲ့ကြသည့်သာသနာ့ကျက်သရေဆောင် စာအောင်သံဃာအရှင်မြတ်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲမင်္ဂလာနှင့် အာယုပါလဆွမ်းစားကျောင်းသစ် ရေစက်ချအလှူတော်မင်္ဂလာများကို ကျင်းပပြုလုပ်ကုသိုလ်ရယူပူဇော်ကြရာတွင် ၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်၊ (၄-၃-၂၀၁၈) တနင်္ဂနွေနေ့ နံနက် ၈း၀၀နာရီတွင် ပင့်သံဃာအပါး ၁၅၀ နှင့် သီလရှင်ဆရာလေး ၇၅ပါးတို့အား လှူဒါန်းဖွယ်ရာအဖြာဖြာတို့ကို ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများ ပြုလုပ်မည်ဖြစ်ပြီး နံနက် ၉း၀၀နာရီတွင် တိပိဋကဓရ ယောဆရာတော်ကြီးမှ ရေစက်ချ အနုမောဒနာတရားချီးမြှင့်ပါမည်ဖြစ်ပါ၍ ကျောင်းတိုက်၏ ပစ္စည်း(၄)ပါး ဒါယကာ၊ ဒါယိကာမများ ကုသိုလ်စေတနာရှင်များ အတူတကွ ကုသိုလ်အမျှရယူကြပါရန် လေးမြတ်စိတ်ထား ဂါရဝတရားဖြင့် ရိုသေစွာဖိတ်ကြားအပ်ပါသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့


## လိုင်စင်မဲ့ မော်တော်ယာဉ်ဖမ်းမိ

**နေပြည်တော် မတ် ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၈၉ စီး၊ သွင်းကုန် အစီး ၉၂၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၂၉ စီး ၊ သွင်းကုန် ၈၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁ ရက်က ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၆၄၃ သန်း ခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၈၅ သန်းခန့် စုစုပေါင်း တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၄၉၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်ကွင်းလမ်းဖြစ်သည့် သစ်ဆိပ်ပင်ကျေးရွာသို့ ရှောင်တခင် သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ TOYOTA WISH မော်တော်ယာဉ်တစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၅ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် TOYOTA WISH မော်တော်ယာဉ်။


အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ ရုံးအမိန့်ကြော်ငြာစာအမှတ်၁/၂၀၁၆ ဖြင့် စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက် ဓမ္မသုခကျောင်းတိုက် ဦးစီးပဓာနနာယက ပြည်နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသောမအား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခံရခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် ဆရာတော်ဘုရားသည်လည်း သက်ရှည်ကျန်းမာစွာနှင့် အမျိုးဘာသာသာသနာအကျိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ၅-၃-၂၀၁၈ ရက် (တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မှ စစ်တွေသို့ပြန်ကြွလာမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ ဒါယိကာမတို့အား ဂုဏ်ပြုကြိုဆိုနိုင်ပါရန် အသိပေးအပ်ပါသည်။

ဆရာတော်တပည့်သံဃာများနှင့်
ဒါယကာ၊ ဒါယိကာမများ
ဓမ္မသုခကျောင်းတိုက်၊ စစ်တွေမြို့

# အကြမ်းဖက်လုပ်ရပ်ကို ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

ဖေဖော်ဝါရီလ ၂၁ ရက်နေ့က လားရှိုးမြို့တွင် ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုတွင် ရိုးမဘဏ်ဝန်ထမ်းနှစ်ဦး သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ အများအပြား ရှိခဲ့ပါသည်။ အသက်ဆုံးရှုံးသွားသူများ၊ ထိခိုက်နစ်နာသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် စိတ်မကောင်းခြင်းများစွာဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့်အေးချမ်းသာယာရေးကို ခြိမ်းခြောက်သော ယခုကဲ့သို့ ရက်စက် ကြမ်းကြုတ်သည့် လုပ်ရပ်များကို ကျွန်ုပ်တို့အားလုံးအနေဖြင့် တညီတညွတ်တည်း ပြင်းထန်စွာ ကန့်ကွက် ရှုတ်ချပါသည်။

# Declaration Against Violence

On 21st February 2018, a bomb was set off in downtown Lashio, killing two staff of Yoma Bank while injuring many others. We extend our heartfelt condolences to the families of the victims. In the wake of this atrocious act, we voice in unison our strongest condemnation of this barbaric act of violence, which threatens the peace and tranquility of Myanmar.

- A1 Construction Co.,Ltd.
- ABC Convenience Stores
- Access Spectrum Co.,Ltd.
- Akhuka
- Apollo Towers Myanmar Ltd.
- AYA Bank
- Beca
- Black Knight Media
- Bridging Capital
- CCI France Myanmar
- CDC Group
- Cisco Myanmar
- City Mart Holding Co.,Ltd.
- Coca-Cola Myanmar
- Comin Asia
- Construction and Housing Development Bank
- Embassy of Canada, Yangon
- Embassy of Denmark, Yangon
- Embassy of Israel, Yangon
- Finastra
- First Private Bank
- First Myanmar Investment Co.,Ltd. (FMI)
- FMIDecaux
- Frontier Myanmar
- Global Pharma
- Global Technology Group
- GRAB Myanmar
- Havas Riverorchid Co.,Ltd.
- International Finance Corporation (IFC)
- Irrawaddy Green Towers
- JCB
- JJ-PUN
- KBZ Group of Companies
- Legrand
- Livelihoods and Food Security Trust Fund (LIFT)
- McKinsey & Company
- METRO AG
- MGR Consulting Co.,Ltd.
- MIBS
- MPT
- Myan Shwe Pyi Tractors Ltd.
- Myanmar Apex Bank
- Myanmar Awba Group
- Myanmar Banks Association (MBA)
- Myanmar Payment Union (MPU)
- Myanmar Strategic Holdings Ltd.
- Myanmar V-Pile Group of Companies
- Nexlabs
- NorFund
- Ooredoo
- Oracle Myanmar
- Organico World
- Oway
- Parami Energy Group of Companies
- Phibious Myanmar
- Pixel Directs
- PwC
- RMA Myanmar
- Shwe Printing
- SPA Group of Companies
- The Hongkong & Shanghai Hotels, Limited
- Thiha Group
- Tin Htay International
- T-Star
- VMware, Inc.
- Xenon
- Yoma Bank
- Yoma Strategic Holdings
- Zware Group

#unitedagainstviolence

## ကမ္ဘာ့ရှေးအကျဆုံး ဆေးမင်ကြောင်ကို အီဂျစ်မမ်မီများတွင် တွေ့ရှိ

**လန်ဒန် မတ် ၂**

ကမ္ဘာ့ရှေးအကျဆုံး ဆေးမင်ကြောင်ကို အီဂျစ်နိုင်ငံမှ နှစ်ပေါင်း ၅၀၀၀ သက်တမ်းရှိသော မမ်မီရုပ်အလောင်းနှစ်ခုတွင် တွေ့ရှိခဲ့ကြောင်း၊ ကမ္ဘာ့သုတေသီများက အဆိုပါမမ်မီများပေါ်၌ တွေ့ရှိခဲ့သော ဆေးမင်ကြောင်များသည် ကမ္ဘာ့ရှေးအကျဆုံး ဆေးမင်ကြောင်များ ဖြစ်ကြောင်း ပြောခဲ့သည်။

အမျိုးသား မမ်မီရုပ်အလောင်းတစ်ခု၏ လက်မောင်းအပေါ်ဘက်တွင် ကျွဲရိုင်းတစ်ကောင်နှင့် သိုးရိုင်းတစ်ကောင်၏ပုံအား ပုံဖော်ရေးဆွဲထားပြီး အမျိုးသမီး မမ်မီရုပ်အလောင်း၏ လက်မောင်းအပေါ်ဘက်နှင့် ပခုံးတွင်မူ အလှတန်ဆာဆင်ထားသော အင်္ဂလိပ်အက္ခရာ S ပုံကို ရေးထိုးထားကြောင်း သိရသည်။

အဆိုပါမမ်မီရုပ်အလောင်းနှစ်လောင်းအား အီဂျစ်အထက်ပိုင်း တောင်ဘက်ရှိ ဂီဘယ်လင်တွင် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ခန့်က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါမမ်မီရုပ်အလောင်းများအား ယခုအခါတွင် ဗြိတိသျှပြတိုက်တွင် ထိန်းသိမ်းထားကြောင်းနှင့် ၎င်းတို့မှာ ဘီစီ ၃၃၅၁ နှင့် ၃၀၁၇ အကြား အသက်ရှင်နေထိုင်ခဲ့သူများ ဖြစ်ကြောင်း သိရသည်။

၎င်းတို့သည် အဆိုပါဆေးမင်ကြောင်များကို စွမ်းအားနှင့် သန်စွမ်းခြင်းတို့၏ သင်္ကေတအဖြစ် ရေးထိုးထားခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ နောက်ဆုံးရှာဖွေတွေ့ရှိမှု အတည်မပြုနိုင်ခင်က ဘီစီ ၃၃၇၀ နှင့် ၃၁၀၀ ကြား နေထိုင်ခဲ့သည်ဟု ယူဆရဖွယ်ရှိသော အယ်လ်ပိုင်းမမ်မီဟု လူသိများသော အော့ဇီပေါ်တွင် ရေးထိုးထားသည့် ဆေးမင်ကြောင်မှာရှေးအကျဆုံးအဖြစ် ယူဆခဲ့သည်။

**ဆင်ဟွာ**




## အကျဉ်းသား အပြန်အလှန်လဲလှယ်သည့်အနေဖြင့် ရုရှားနှစ်ဦးကို ယူကရိန်းလွှတ်ပေး

**ကီယက်ဗ် မတ် ၂**

ယူကရိန်းနယ်စပ်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်သည့် အနေဖြင့် ရုရှားနှစ်ဦးကို ယူကရိန်းက လွှတ်ပေးခဲ့ကြောင်း ယူကရိန်းပြည်ထဲရေးဝန်ကြီးက မတ် ၂ ရက်တွင် ပြောခဲ့သည်။

အကျဉ်းသားများအပြန်အလှန်လဲလှယ်သည့်အနေဖြင့် ယမန်နှစ် အောက်တိုဘာလက ရုရှားတို့ ထိန်းသိမ်းခဲ့သော ယူကရိန်းနယ်စပ်တပ်ဖွဲ့ အရာရှိများဖြစ်သည့် ဘော့ဂ်ဒန်မာ့တ်ဆန်နှင့် အစ်ဂေါဒဇူဘတ်ခ်တို့ကို ယူကရိန်းသို့ ပြန်လည်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ပြန်လည်လွှတ်ပေးမည့် ရုရှားနိုင်ငံသားများနှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များ ထုတ်ပြန်ဖော်ပြခြင်းမရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**

## ငွေကြေးဆိုင်ရာဖောင်းပွမှုများ အလွန်အကျွံမဖြစ်နိုင်ကြောင်း အမေရိကန်အရန်ငွေကြေး ဥက္ကဋ္ဌပြော

**ဝါရှင်တန် မတ် ၂**



အမေရိကန်အရန်ငွေကြေး (အမေရိကန်ဖက်ဒရယ်ရီဆာ့ဗ်) ဥက္ကဋ္ဌဖြစ်သူ ဂျရွမ်းပေါဝဲလ်က ၎င်းအနေဖြင့် ငွေကြေးဆိုင်ရာ ဖောင်းပွမှုများ အလွန်အကျွံဖြစ်မည့် အရိပ်အယောင်မတွေ့ရကြောင်း မကြာသေးမီကပြောကြားခဲ့သည်။

လတ်တလော ငွေကြေးဆိုင်ရာကိစ္စရပ်များတွင် စိုးရိမ်စရာကောင်းလောက်သည့် အနေအထားထိရောက်သွားမည့် သက်သေအထောက်အထား အခိုင်အလုံမရှိသေးကြောင်း ပေါဝဲလ်က ဆီးနိတ်ဘဏ် ကော်မတီအစည်းအဝေး မတိုင်မီမကြာသေးမီက ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ပေါဝဲလ်က အလုပ်အကိုင်ဈေးကွက်တွင် လျော့တိလျော့ရဲဖြစ်လာသည်ကို ထောက်ပြခဲ့သည်။ ယခုအချိန်အထိ ငွေကြေးအလွန်အမင်းဖောင်းပွမည့် ခိုင်မာသည့် သက်သေအထောက်အထားများ မတွေ့ရသေးကြောင်း ၎င်းက ဆိုသည်။ အမေရိကန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၄ ဒသမ ၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ဖြစ်ရာ ခန့်မှန်းထားသည့် သာမန်အလုပ်လက်မဲ့နှုန်းထက် ပိုမိုလျော့နည်းစွာ ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ခိုင်မာသည့်အလုပ်သမားဈေးကွက် ပေါ်ပေါက်လာမည့်အရေးနှင့် ငွေကြေးဖောင်းပွမှု အနည်းငယ်ဖြစ်ခြင်းတို့ကြား ဗဟိုဘဏ်အနေဖြင့် ငွေကြေးဆိုင်ရာမူဝါဒများကို တဖြည်းဖြည်းချင်း ထိန်းချုပ်သွားမည်ဖြစ်ကြောင်း ပေါဝဲလ်က ဆက်လက်ပြောခဲ့သည်။

**ဆင်ဟွာ**

## အဇာဘိုင်ဂျန်ရှိ မူးယစ်ဆေးဝါးပြန်လည်ထူထောင်ရေးစင်တာ မီးလောင်ရာ ၂၄ ဦးထက်မနည်းသေဆုံး

**ဘာကူ မတ် ၂**

အဇာဘိုင်ဂျန်နိုင်ငံ မြို့တော်ရှိ မူးယစ်ဆေးဝါးပြန်လည်ထူထောင်ရေးစင်တာတစ်ခုတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၂၄ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပြည်သူ့တရားစီရင်ရေးရုံး၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် အရေးပေါ်လုပ်ငန်းဝန်ကြီးဌာနတို့မှ ပူးတွဲကြေညာချက်များကို မတ် ၂ ရက်က ထုတ်ပြန်ခဲ့သည်။

မီးလောင်မှုတွင် လူ ၃၄ ဦးကို ကယ်တင်နိုင်ခဲ့ပြီး သုံးဦးအား အရေးပေါ်ဆေးရုံတင်ခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ မီးသတ်ကားများ ချက်ချင်းရောက်ရှိသွားကာ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း အဆိုပါပူးတွဲသတင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။



အစောပိုင်း သတင်းဖော်ပြချက်များတွင် မီးလောင်မှုကြောင့် လူ ၃၀ သေဆုံးခဲ့ကြောင်း ဖော်ပြခဲ့သော်လည်း နောက်ပိုင်းတွင် ၂၄ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သတင်းဖော်ပြမှုများကို ထပ်မံတွေ့ရှိရသည်။

မီးလောင်မှုသည် အဆိုပါ အဆောက်အအုံ လျှပ်စစ်ဝိုင်ယာကြိုးလိုင်းရှိ ဆားကစ်တစ်ခုကြောင့် ဖြစ်ကြောင်း သိရသည်။ အဇာဘိုင်ဂျန်သမ္မတ အီဟမ်အလီယက်ဗ်၏ ညွှန်ကြားချက်အရ ပြည်သူ့တရားစီရင်ရေးရုံး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် အရေးပေါ်လုပ်ငန်း ဝန်ကြီးဌာနတို့ ပါဝင်သည့် ပူးတွဲစုံစမ်းစစ်ဆေးရေးအဖွဲ့က မီးလောင်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# လကမ္ဘာပေါ်၌ ပထမဆုံး 4G ဆဲလ်ဖုန်းကွန်ရက်ကို သုံးနိုင်တော့မည်

**ဘာလင် မတ် ၂**

ပထမဆုံး 4G ဆဲလ်ဖုန်းကွန်ရက်ကို လကမ္ဘာပေါ်၌ ၂၀၁၉ ခုနှစ်တွင် ရရှိနိုင်တော့မည်ဖြစ်ကြောင်း ကွန်ရက်တည်ထောင်သူ ဗာတာဖုန်းက မကြာသေးမီက ပြောကြားခဲ့သည်။

4G ဆဲလ်ဖုန်းကွန်ရက်ကို လကမ္ဘာပေါ်၌ရရှိရန် နိုင်ငံတကာဆက်သွယ်ရေးကုမ္ပဏီ ဗာတာဖုန်း၏ ဂျာမနီနိုင်ငံရုံးခွဲနှင့် နိုကီးယားတို့ပူးပေါင်းကာ အဆိုပါလုပ်ငန်းအား ဖော်ဆောင်မည်ဖြစ်ကြောင်း ဗာတာဖုန်းကုမ္ပဏီ လန်ဒန်ဌာနချုပ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ 4G ဆဲလ်ဖုန်းကွန်ရက်သည် ဘာလင်ရှိ ပုဂ္ဂလိကအာကာသကုမ္ပဏီ PT Scientists မှ လပေါ်သွားယာဉ်ငယ်နှစ်စင်းနှင့် လပေါ်သို့ ဆင်းသက်မည့် အာကာသယာဉ်တစ်စင်းပါရှိသည့် SpaceX Falcon 9 ဂြိုဟ်တုအား လွှတ်တင်မည့် လကမ္ဘာသွားယာဉ်လုပ်ငန်းအား ထောက်ပံ့ရန်ဖြစ်ကြောင်း သိရသည်။

အလေးချိန် ၁ ကီလိုဂရမ်ဝန်းကျင်ရှိသော သကြားအိတ်ကဲ့သို့ အာကာသအဆင့်မီ Ultra Compact Network တစ်ခုအား အပေါ့ပါးဆုံးဖြစ်အောင် တီထွင်နိုင်ခဲ့ကြောင်း နိုကီးယားက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ကွန်ရက်သည် လကမ္ဘာပေါ်မှ တိုက်ရိုက် ဗီဒီယိုရိုက်ကူးမှုအား ကမ္ဘာကကြည့်ရှုနိုင်ရန်နှင့် လပေါ်သွားယာဉ်နှင့် လပေါ်သို့ ဆင်းသက်မည့် အာကာသယာဉ်အကြား ဆက်သွယ်မှုလွယ်ကူစေရန်အတွက် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါ Ultra Compact Network ပစ္စည်းငယ်သည် စွမ်းအားများစွာ သိမ်းဆည်းထားနိုင်ပြီး အချက်အလက်များ ပေးပို့မှု လုပ်ဆောင်သောအခါ စွမ်းအင်ချွေတာနိုင်မှာဖြစ်ကြောင်း PT Scientists တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် ရောဘတ်ဘိုမီက ပြောကြားခဲ့သည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောကို အဆင့်မြှင့်တင်ရန် တရုတ်စီစဉ်

**ပေကျင်း မတ် ၂**

တရုတ်နိုင်ငံပိုင် ကာကွယ်ရေးကုမ္ပဏီသည် နိုင်ငံ၏ပထမဆုံးသော နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောကို တည်ဆောက်သွားရန်အတွက် နည်းပညာများ အဆင့်မြှင့်တင်သွားရန် စီစဉ်နေကြောင်း ပြောကြားခဲ့သည်။

တရုတ်သင်္ဘောတည်ဆောက်ရေးလုပ်ငန်းကော်ပိုရေးရှင်းက ကုမ္ပဏီသည် တရုတ်သမ္မတရှီကျင့်ဖျင်က အတည်ပြုထောက်ခံခဲ့သည့် ခိုင်မာတောင့်တင်းသော တပ်မတော်တစ်ရပ်ကိုထူထောင်မည့်ရည်မှန်းချက်ကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကုမ္ပဏီသည် နျူကလီးယားစွမ်းအင်ရှိသည့် ရေငုပ်သင်္ဘောအမျိုးအစားသစ်ကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်ဟု ဆိုသည်။

သို့သော် ယင်းရေငုပ်သင်္ဘောများ၏ စွမ်းဆောင်ရည်များအပါအဝင် အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

**အင်န်အိတ်ချ်ကေ**

---

### အစိုးရအဖွဲ့အတွင်း ဝန်ကြီးများ အပြောင်းအလဲပြုလုပ်ရန် တရုတ်အာဏာရပါတီ အတည်ပြု

**ပေကျင်း မတ် ၂**

တရုတ်နိုင်ငံတွင် လက်ရှိအာဏာရ ကွန်မြူနစ်ပါတီသည် လာမည့်အမျိုးသားပြည်သူ့ကွန်ဂရက် လွှတ်တော်အစည်းအဝေးအစီအစဉ်၌ နိုင်ငံ့ခေါင်းဆောင်နေရာအတွက်ကိုယ်စားပြုမည့် ကိုယ်စားလှယ်လောင်းများအား အဆိုပြုထားသည့်စာရင်းကို အတည်ပြုလိုက်ကြောင်း သိရသည်။

ပါတီ၏ဗဟိုကော်မတီသည် ဗုဒ္ဓဟူးနေ့တွင်ကျင်းပခဲ့သည့် သုံးရက်ကြာ မျက်နှာစုံညီ အစည်းအဝေးအပြီးတွင် နိုင်ငံတော်အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် အစိုးရအဖွဲ့ခေါင်းဆောင်များအား အပြောင်းအလဲပြုလုပ်မည့်အစီအစဉ်ကို အတည်ပြုထောက်ခံခဲ့ကြောင်း တရုတ်နိုင်ငံပိုင် သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အမျိုးသားပြည်သူ့ကွန်ဂရက်သည် ဒုတိယသမ္မတသစ်၊ ဒုတိယဝန်ကြီးချုပ်နှင့်အခြား အစိုးရအဖွဲ့ဝင်ဝန်ကြီးများကို ရွေးချယ်သွားမည်ဟု မျှော်လင့်ရသည်။

ပြီးခဲ့သည့် အောက်တိုဘာလက ကွန်မြူနစ်ပါတီသည် ၎င်း၏ခေါင်းဆောင်သစ်ကို ခန့်အပ်ခဲ့ပြီးချိန်မှ စတင်ကာ တနင်္လာနေ့တွင် ပြုလုပ်မည့် အမျိုးသားပြည်သူ့ကွန်ကရက်အစည်းအဝေးကို ပထမဆုံးကျင်းပမည်ဖြစ်သည်။

သမ္မတရှီ၏ စီးပွားရေးဆိုင်ရာ မူဝါဒအကြီးအကဲ Liu He သည်ဒုတိယဝန်ကြီးချုပ် ဖြစ်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

---

# အစွန်းရောက်ဝါဒ သွတ်သွင်းခံရမှုတွေကို လျှော့ချပစ်မယ့် ပြင်သစ်ရဲ့ မဟာဗျူဟာအသစ်

**ကလျာမိုးမြင့်**



ပြင်သစ်နိုင်ငံဟာ လက်ရှိအချိန်မှာ အကြမ်းဖက် အစွန်းရောက်ဝါဒ သွတ်သွင်းခြင်းခံနေရတဲ့ လက္ခဏာတွေရှိနေတဲ့ လူပေါင်း ၁၂၀၀၀ ကို စောင့်ကြည့်စစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ ဒီပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့အတွက် မဟာဗျူဟာအသစ်တစ်ခုကိုလည်း နိုင်ငံက ကြေညာထားတယ်။ ဒါပေမယ့် ပြင်သစ်ဟာနိုင်ငံကို အကြမ်းဖက်တိုက်ခိုက်မှုတွေကနေ ကင်းဝေးလွတ်မြောက်ဖို့ ဆက်လက်ထိန်းသိမ်းထားနိုင်အောင် အထောက်အကူပြုပေးနိုင်ပါ့မလား။

**အစွန်းရောက်ဝါဒသွတ်သွင်းခံရသူ**

အကယ်၍ မေရီ့ကို သင်ပထမဆုံးအကြိမ်တွေ့ခဲ့မယ်ဆိုရင် အင်မတန်သတိထားနေတဲ့ဟန်ရှိပြီး ဘယ်သူ့ကိုမှ မယုံကြည်တဲ့ အမူအရာကို တွေ့မြင်ရမှာပါ။ မေရီက ၎င်းဟာ ဘယ်လိုမျိုး အစွန်းရောက်ဝါဒ သွတ်သွင်းခံခဲ့ရပြီး ဘယ်လိုလွတ်မြောက်လာခဲ့တယ်ဆိုတဲ့ ဖြစ်ရပ်ကို ပြောပြခဲ့ပါတယ်။ စိန်ခေါ်မှုတွေနဲ့ ခံနိုင်ရည်မရှိမှုတွေဟာ ၎င်းရဲ့ မျက်လုံးထဲမှာ ရောပြွမ်းနေပါတယ်။တကယ်တော့ မေရီဆိုတာ ၎င်းရဲ့ အမည်မှန်မဟုတ်ပါဘူး။ မေရီ့ကို အစွန်းရောက်အဖွဲ့ဝင် အသစ်အဖြစ် စုဆောင်းခဲ့တဲ့သူတွေရဲ့ ခြိမ်းခြောက်မှု အန္တရာယ်ကနေ ၎င်းကို ကာကွယ်ဖို့အတွက် ကိုယ်ပိုင်အထောက်အထားတွေကိုဟန်ဆောင်ဖုံးကွယ်ထားရပါတယ်။

“ဆုတောင်းဝတ်ပြုဖို့ ကျွန်မ အတင်းအကျပ် စေခိုင်းခံခဲ့ရတယ်၊ အစွန်းရောက် ဘာသာရေးအယူအဆတွေကိုလိုက်နာအောင်မရမက ကြိုးစားခဲ့ကြတယ်၊ ဒါပေမယ့် အဲဒါတွေအားလုံးကို ကျွန်မလိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိဘူး၊ ဒါကြောင့် အပြစ်ပေးတဲ့အနေနဲ့ ကျွန်မကို လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်နှိပ်စက်ခဲ့ကြတယ်၊ အဲဒီနေရာကို ရောက်လာပြီဆိုရင် သင်ဟာ ပါးစပ်ပိတ်ပြီး ဆိတ်ဆိတ်နေရလိမ့်မယ်။

“ဒါဟာ ကြောင်နဲ့ကြွက်တို့ရဲ့ ကစားပွဲ တစ်ခုလိုပဲ၊ ကြွက်ဟာ အင်မတန်သေးငယ်တဲ့ သေတ္တာလေးတစ်ခုထဲကို ရောက်နေပြီး ကြောင်ဟာ ကြွက်ကို အချိန်မရွေးခုန်အုပ်မယ့်အခြေအနေမျိုးဖြစ်နေတယ်၊ အကယ်၍ သင်ဟာဒီလူတွေနဲ့အတူလိုက် မသွားဘူးဆိုရင် အပြစ်ပေးမှု၊ အရေးယူမှုတွေခံရမှာပဲ”လို့ မေရီက ဖြစ်ကြောင်း ကုန်စင်ကိုကြေကွဲဝမ်းနည်းစွာ ပြောပြခဲ့ပါတယ်။

မေရီ့လိုပြည်သူတွေ အစွန်းရောက်အစ္စလာမ္မစ် အကြမ်းဖက်အုပ်စုတွေရဲ့ လွှမ်းမိုးမှုအောက်ကို မကျရောက်စေဖို့ ဘယ်လိုတားဆီးကာကွယ်မလဲဆိုတာနဲ့ ဒီလိုကျရောက်သွားခဲ့ပြီဆိုရင် ဘယ်လို အကူအညီပေးမလဲဆိုတဲ့ မေးခွန်းတွေဟာ ပြင်သစ်နိုင်ငံက ရင်ဆိုင်ရုန်းကန်နေရတဲ့ မေးခွန်းတစ်ခုပါပဲ။

**အစွန်းရောက်ကွန်ရက်တွေ ရှုပ်ထွေးလာမှုကို မီးမောင်းထိုးပြနေ**

၂၀၁၅ နဲ့ ၂၀၁၆ ခုနှစ်တွေအတွင်း ပြင်သစ်နိုင်ငံမှာ အကြီးစားအကြမ်းဖက်တိုက်ခိုက်မှုအချို့ ဖြစ်ပွားခဲ့ပြီးနောက် အစွန်းရောက် အတွေးအခေါ်အယူအဆတွေကို တိုက်ဖျက်ဖို့ ဖိအားပေးမှုတွေ ပိုမိုကြီးထွားလာခဲ့ရသလို မကြာသေးမီက အီရတ်နဲ့ ဆီးရီးယားနိုင်ငံတွေမှာ ဂျီဟတ်စစ်သွေးကြွအုပ်စုတွေကို တပ်မတော်က အနိုင်ရရှိခဲ့မှုတွေနဲ့ တိုက်ခိုက်ရေးသမားတွေ ပြင်သစ်ကိုပြန်ရောက်ရှိလာခြင်းဟာ ပြည်တွင်းမှာ အစွန်းရောက်ကွန်ရက်တွေ ဘယ်လောက်ရှုပ်ထွေးနေပြီလဲဆိုတာကို မီးမောင်းထိုးပြလိုက်တာပါပဲ။

အင်တာနက်မှာ တွေ့မြင်ရသမျှတွေ အရဆိုရင် အကျဉ်းထောင်တွေဟာ အစွန်းရောက်အဖွဲ့ဝင်သစ်တွေ စုဆောင်းရာမှာ အကောင်းဆုံး၊ အခြေခံအကျဆုံး နေရာတစ်ခုအဖြစ်နဲ့ တွေ့မြင်နေရပါတယ်။ အစိုးရက ကြေညာထားတဲ့ အစွန်းရောက်ဝါဒ သွတ်သွင်းခံရမှုလျှော့ကျရေး မဟာဗျူဟာမှာ အဲဒီလို အစွန်းရောက်ဝါဒ သွတ်သွင်းခြင်းခံရတဲ့ အကျဉ်းသားတွေကို သီးခြားစီထားတာတွေလည်း ပါဝင်ပါတယ်။

ဒါပေမယ့် ဝေဖန်သူတွေကတော့ ဒီလိုဆောင်ရွက်မှုဟာ ဖြစ်နိုင်ဖွယ်အဖွဲ့ဝင်သစ်တွေနဲ့အတူ အနီးအနားဝန်းကျင်မှာရှိနေတဲ့ အန္တရာယ်ကြီးတဲ့ ဂျီဟတ်ခေါင်းဆောင်တွေကို ဖော်ထုတ်နိုင်လိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။



ဆီးနိတ်လွှတ်တော်အမတ် အက်စတာဘင်ဘာဆာ

တရားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ယောဆက်ဖ်ဘက်ဒါက အစွန်းရောက်အဖွဲ့ဝင်အဖြစ် ထိန်းသိမ်းခံထားရသူတွေကို ကျွန်ုပ်တို့ အမှန်တကယ်လုပ်ပေးရမယ့် အရာကတော့ ၎င်းတို့ကို စကားပြောဆိုပြီး ဝိရောဓိဖြစ်နေတာတွေကို စိန်ခေါ်ဖို့ပဲဖြစ်တယ်။

ဖမ်းဆီး ထိန်းသိမ်းခံထားရတဲ့သူတစ်ဦးချင်းစီဟာ ကုသမှုခံယူရမယ်။ ပြီးရင် ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆောင်ရွက်ပေးနေတဲ့သူတွေ၊ အကျဉ်းထောင်သို့ စစ်တပ်တွေမှာ အမှုထမ်းနေတဲ့ဘုန်းတော်ကြီးတွေနဲ့ တစ်ဦးချင်းတွေ့ဆုံမှုတွေ လုပ်ပေးဖို့ လိုအပ်မှာဖြစ်တယ်လို့ ဆိုပါတယ်။

**ဝါဒဖြန့်မှုတွေကို တိုက်ဖျက်မည့် မဟာဗျူဟာ**

ပြင်သစ်နိုင်ငံက ကြေညာလိုက်တဲ့ မဟာဗျူဟာအသစ်ဟာ လူငယ်တွေ အွန်လိုင်းအသုံးပြုမှုကနေ လက်ခံရရှိနေတဲ့ ဝါဒဖြန့်မှုတွေကို တိုက်ဖျက်ဖို့ လိုအပ်နေတယ်ဆိုတဲ့အချက်ကို အလေးပေးထားပါတယ်။ အစိုးရက မကြာသေးမီကမှ ထုတ်လွှင့်ခဲ့တဲ့ဗွီဒီယိုဖိုင်ကို You Always Have A Choice (သင့်မှာ အမြဲရွေးချယ်စရာရှိတယ်) လို့ အမည်ပေးထားပါတယ်။

ဗီဒီယိုဖိုင်ကိုမြို့ဆင်ခြေဖုံး တစ်နေရာက အဖြစ်အပျက် ကို ရိုက်ကူးထားပြီး ဇာတ်ကောင်ဟာ ရွေးချယ်စရာအမြောက်အမြားကို ရင်ဆိုင်ရပြီး အဆုံးသတ်မှာတော့ ဇာတ်ကောင်ဟာ မှားယွင်းတဲ့ ရွေးချယ်မှုကြောင့် အစွန်းရောက်ဝါဒ သွတ်သွင်းခံခဲ့ရပြီးနောက်မှာ တိုက်ခိုက်မှုလုပ်ဆောင်ဖို့ ကြိုးစားခဲ့တဲ့အတွက် အဖမ်းခံလိုက်ရပြီး ဇာတ်သိမ်းသွားခဲ့ပါတယ်။

သို့သော်လည်း ဘာကြောင့် ပြည်သူတွေဟာ ၎င်းတို့ကို အစွန်းရောက်အကြမ်းဖက်မှုတွေဆီကို ခေါ်ဆောင်သွားမယ့် ရွေးချယ်မှုတွေကို ပြုလုပ်နေကြသလဲဆိုတဲ့ မေးခွန်းတွေဟာ ပြင်သစ်နိုင်ငံမှာ ပြင်းထန်တဲ့ ငြင်းခုံမှုတွေကို ပေါက်ပွားလာစေခဲ့ပါတယ်။

တချို့တွေကတော့ ဒါဟာ ဘာသာရေးယုံကြည်မှုဆိုင်ရာ သို့မဟုတ် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပြဿနာဖြစ်တယ်လို့ ရှုမြင်နေကြပြီး တချို့သူတွေကျပြန်တော့လည်း ဒါဟာလူမှုအဖွဲ့အစည်းဆိုင်ရာ ကွဲပြားမှုတွေ၊ သီးခြားဖြစ်မှုတွေနဲ့ အခွင့်အလမ်းကင်းမဲ့မှုတွေမှာ အခြေခံလာတာဖြစ်တယ်လို့ ပြောကြပါတယ်။

ဒါဟာ နိုင်ငံအများအပြားက ရင်ဆိုင်နေရတဲ့ ပြဿနာတစ်ခုပါ။ ဗြိတိန်မှာဆိုရင် အစိုးရအဆက်ဆက်ဟာ အစွန်းရောက်သဘောတရား အယူအဆတွေပျံ့နှံ့တာကို ကိုင်တွယ်ဆောင်ရွက်ဖို့ အတွက်တားဆီးကာကွယ်ရေး စီမံချက်အောက်မှာ ကျယ်ကျယ်ပြန့်ပြန့်ချဉ်းကပ်မှုတွေ လုပ်ဆောင်ခဲ့ပြီး ဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံမှာ မိသားစုတွေအနေနဲ့ ၎င်းတို့ရဲ့ စိုးရိမ်ပူပန်ကြောင့်ကြရမှုတွေကို တင်ပြဖို့ ဟော့လိုင်းနံပါတ်တွေ အပါအဝင် အမျိုးမျိုးသော စီမံဆောင်ရွက်မှုတွေ ရှိနေပါတယ်။

ဆီးနိတ်လွှတ်တော် အမတ် အက်စတာဘင်ဘာဆာဟာ ပြင်သစ်နိုင်ငံရဲ့ အစွန်းရောက်ဝါဒသွတ်သွင်းခံရမှု လျှော့ချရေးနဲ့ ပတ်သက်ပြီး ပါလီမန် အစီရင်ခံစာရေးသားသူ ဖြစ်ပါတယ်။ သုံးနှစ်အတွင်းမှာ ကျွန်ုပ်တို့ ယူရိုငွေသန်းတစ်ရာလောက် အသုံးပြုခဲ့ပြီးဖြစ်ကာ အစိုးရကလည်း အဖွဲ့အစည်းပေါင်းများစွာအတွက် ငွေကြေးတွေ အတော်လေးပေးအပ်ခဲ့ပြီးပြီလို့ ၎င်းက ပြောပါတယ်။

**မဟာဗျူဟာသစ်အောက်မှာ**

ပြင်သစ်ဟာ အစွန်းရောက်ဝါဒ သွတ်သွင်းခံရမှု လျှော့ချရေးအစီစဉ်သစ်တွေကို ဖွင့်လှစ်ဖို့ စီစဉ်နေတယ်။ ကြီးကြပ်သူအဖြစ် ဂျိန်းကလော်ဒီဂျန်ကာက ဆောင်ရွက်တဲ့ Mulho-use မှာရှိတဲ့ စီမံချက်လိုမျိုးတွေ ပါဝင်မယ်။

အဲဒီမှာ မတူကွဲပြားမယ့် အချက်ကတော့ တစ်ဦးချင်းချဉ်းကပ်မှုတွေကို ပိုမိုထိ ရောက်စွာ ဆောင်ရွက်ခြင်းဖြစ်တယ်။ ကမ္ဘာလုံးဆိုင်ရာ ချဉ်းကပ်မှုတွေကို ဆက်လက်ဆောင်ရွက်ပြီး ကျွန်ုပ်တို့အဖွဲ့သားတွေရဲ့ လူမှုရေးပြဿနာတွေကို အဖြေရှာနေတယ်လို့ ၎င်းက ပြောကြားလိုက်ပါတယ်။ ။

**ကိုးကား - ဘီဘီစီ၊ အေအက်ဖ်ပီ**

# ရဲစက္ကူတွင်မရှိသည့် အစစ်ခံချက်၊ ရုံးရှေ့တွင် ပိုမိုထွက်ဆိုသည့်ကိစ္စ

ဦးမင်းသွင်(ဥပဒေ)

စာရေးသူသည် တရားခွင်တွင် တရားလိုပြ သက်သေတစ်ဦးကို သက်သေခံဥပဒေပုဒ်မ ၁၃၇ အရ အဓိက မူလစစ်မေးခြင်း (Examination in Chief) စတင်ပြုလုပ်စစ်ဆေးမေးမြန်းပါသည်။ အဆိုပါ လိုပြသက်သေ၏ ပြောဆိုအစစ်ခံချက်များတွင် စာရေးသူ၏ လက်ထဲတွင် ရှိနေသည့် ထိုသက်သေ၏ ရဲထံအစစ်ခံချက်(ရဲစက္ကူ)တွင် မပါရှိသောအချက်များ စွဲဆိုထားသောပြစ်မှုကို တရားခံပြုလုပ်ကြောင်း တွေ့တယ်၊ မြင်တယ်ဟု (တရားရုံးရှေ့တွင်) ထွက်ဆိုအစစ်ခံမှုများ ပြုလုပ်ပါသည်။ ထိုထွက်ဆိုချက်များသည် တရားစွဲခံထားရသည့် တရားရုံးတရားခွင်ရှေ့ရှိ တရားခံအပေါ် ပြစ်ဒဏ်ကျခံစေနိုင်သည့် အကြောင်းအချက်များကို ဖော်ပြထွက်ဆိုမှုပြုနေသည်ကို တွေ့ရပါသည်။

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်ဥပဒေကျောင်းသားဘဝက စာရေးသူ၏ ဆရာမကြီး(ဥပဒေပညာဌာန၊ ကထိက) ဒေါ်ကြင်သန်း ၏ အစ်ကို၊ တစ်ချိန်က သခင်စိုးကြီး၏ အမှုတွင် အစိုးရရှေ့နေအဖြစ်ဆောင်ရွက်သူ တရားခံ၏ ရှေ့နေ(ဆရာကြီး ဦးမြင့်အောင်) က ယင်းလိုပြသက်သေ၏ ထွက်ဆိုချက်များကို သက်ာမကင်းဖြစ်ကာ တရားခွင်ရှေ့တွင် စာရေးသူအား မောင်-ရယ်၊ အမှန်တရားအတွက် အစိုးရရှေ့နေဖြစ်သည့် ဥပဒေအရာရှိက တရားခံဘက်အပေါ် မည်သို့လုပ်ဆောင်ပေးသင့်ကြောင်း အသိပေးပါတယ်လို့ ပြောဆိုလာပါသည်။ တရားခွင်တွင် ယင်းအမှုကို ကြားနာနေသည့် (အမျိုးသမီး) တရားသူကြီးကလည်း စာရေးသူအား စိတ်အေးအေးထား၍ စဉ်းစားနိုင်ရန် အချိန်ပေးပါကြောင်း ပြောပါသည်။

**အစစ်ခံထားခြင်းမရှိသော အချက်**

သက်သေအား စစ်မေးရာတွင် စစ်မေးသူ(ဥပဒေအရာရှိဖြစ်သည့်) စာရေးသူအနေဖြင့် တရားခွင်တွင် သက်သေအစစ်ခံသည့် ခုံတွင်ထိုင်နေသည့် သက်သေအား မတ်တတ်ရပ်၍ စစ်မေးရပါသည်။ စာရေးသူသည် တရားခွင်တွင် မတ်တတ်ရပ်လျက် မိနစ်ဝက် သာသာခန့် စဉ်းစားနေမိသည်မှာ တစ်နာရီ လောက်ကြာသည်ဟု စိတ်ထင်မိပါသည်။ ထို့နောက်တစ်ဆက်တည်းမှာပင် ဖတ်ထား၊ မှတ်ထားသည့် စီရင်ထုံးနှစ်ခုကို သွားစဉ်းစားမိပါသည်။ ရဲစက္ကူတွင် အစစ်ခံထားခြင်းမရှိသော အချက်ကို သက်သေသည် တရားရုံးရှေ့၌ ထွက်ဆိုလျှင် တရားလိုအကျိုးဆောင် အစိုးရရှေ့နေမှ တရားခံဘက်အား ပြောပြ (အသိပေး) ရန် တာဝန်ရှိကြောင်း၊ ၁၉၆၆ ခုနှစ် မောင်အောင်တင်ပါ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ စီရင်ထုံးနှင့် တရားရုံးရှေ့ထွက်ချက်နှင့် ကွဲလွဲစွာ ရဲရှေ့တွင် ထွက်ဆိုထားသော သက်သေတစ်ဦး၏ ထွက်ချက်အပေါ် တရားရုံးက ယုံကြည်အားထားခြင်း မပြုမိစေရန် အစိုးရရှေ့နေတွင် တာဝန်ရှိကြောင်း ဘုရင်နှင့် မောင်လွန်းသောင်း၊ ရန်ကုန်စီရင်ထုံးတို့ကို အမှတ်ရမိပါသည်။

**မျှမျှတတဆောင်ရွက်**

ဖော်ပြပါ စီရင်ထုံးနှစ်ခု၏ ညွှန်ပြမှုနှင့် မောင်အောင်ကြီးပါ၂ နှင့် ဘုရင်၊ ရန်ကုန်စီရင်ထုံးပါ နိုင်ငံတော်ဘက်ကအမှုကို မျှမျှတတဆောင်ရွက်ရန် အစိုးရရှေ့နေ၏ တာဝန်ဖြစ်ကြောင်း ညွှန်ပြချက်နှင့်အညီ စာရေးသူသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂(၁)အရ ရုံးရှေ့ရှိ အဆိုပါ လိုပြသက်သေအား ရဲထံအစစ်ခံချက်နှင့် တိုက်ဆိုင်စစ်မေးနိုင်ရန်နှင့် သက်သေခံဥပဒေပုဒ်မ ၁၅၅ အရ မယုံကြည်ထိုက်ကြောင်း တရားရုံးတော်က တွေ့မြင်သိရှိ၍ အမှန်တရားကို ဖော်ထုတ်ဆုံးဖြတ်နိုင်ရန် တရားရုံး၏ ခွင့်ပြုချက်ကို တောင်းခံပြီး ခွင့်ပြုချက်အရ ယင်းသက်သေ၏ ရဲထံအစစ်ခံချက်ဖြင့် တိုက်ဆိုင်စစ်ဆေးမေးမြန်းမှု ပြုခဲ့ပါသည်။ ထိုသို့ စစ်ဆေးမေးမြန်းရာတွင် နိုင်ငံတော်နှင့် ဦးအောင်ကြီးပါ၊ ၁၉၈၀ ပြည့်နှစ် စီရင်ထုံးပါပြဆိုချက်အရ (ရဲရှေ့တွင် အစစ်ခံခဲ့ခြင်းမရှိသည့် အချက်ကို ရုံးရှေ့တွင် ထွက်ဆိုပါက) ရဲရှေ့အစစ်ခံချက်တစ်ရပ်လုံးကို အဆိုပါသက်သေအား ဖတ်ပြ၍ ရုံးရှေ့တွင် ထွက်ဆိုသောထွက်ဆိုချက် (တရားခံ အပြစ်ရှိရာ ရှိကြောင်း/ပြစ်မှု ကျူးလွန်သည့် အကြောင်းအချက်) သည် ရဲရှေ့အစစ်ခံချက်တွင် အဘယ်ကြောင့်(ဘာကြောင့်) မပါရှိရကြောင်း စစ်ဆေးမေးမြန်းမှုပြုပါသည်။ သက်သေက မည်သို့မျှ ပြန်လည်ဖြေဆိုခြင်း မပြုသဖြင့် မဖြေဆိုသည့် အကြောင်း တရားရုံးအမှုတွဲတွင် မှတ်တမ်းတင်ရမည့်အကြောင်း ပြောသောအခါ ၎င်းအနေဖြင့် ရဲထံထိုအချက်(တရားခံ၏ ပြုလုပ်မှု)ကို ထွက်ဆိုချက်ပေးခဲ့သော်လည်း ရဲက ရေးမှတ်ခြင်း ရှိ/မရှိမသိပါကြောင်း ထွက်ဆိုပါသည်။

> "ပြည်ထောင်စုမြန်မာနိုင်ငံစီရင်ထုံးနှင့် တရားရုံးရှေ့ထွက်ချက်နှင့် ကွဲလွဲစွာ ရဲရှေ့တွင် ထွက်ဆိုထားသော သက်သေတစ်ဦး၏ ထွက်ချက်အပေါ်တရားရုံးက ယုံကြည်အားထားခြင်း မပြုမိစေရန် အစိုးရရှေ့နေတွင် တာဝန်ရှိကြောင်း ဘုရင်နှင့် မောင်လွန်းသောင်း၊ ရန်ကုန်စီရင်ထုံးတို့ကို အမှတ်ရမိပါသည်"

**"ဆွဲချ" လုပ်ရာ ရောက်နိုင်**

သက်သေက တရားခံသည် စွဲဆိုထားသော ပြစ်မှုကို ပြုလုပ်ကြောင်း ရုံးရှေ့တွင် ထွက်ဆိုနေခြင်းများသည် ရဲထံတွင် အစစ်ခံထားပြီးမရှိသော ထွက်ဆိုချက်များဖြင့် ဖိ၍ထွက်ဆိုနေခြင်းကို စာရေးသူသည် အထက်ဖော်ပြပါ စစ်မေးခြင်းများကို မည်သို့မျှ မဆောင်ရွက်ဘဲ ငြိမ်၍ ရေငုံနှုတ်ပိတ်နေပါက "ဆွဲချ" လုပ်ရာ ရောက်နိုင်ပါသဖြင့် ဆွဲချမလုပ်သည့် လုပ်ဆောင်ချက်များဖြစ်ကြောင်း တင်ပြအပ်ပါသည်။

အဆိုပါ အမှုတွဲ တိုင်းတရားရုံးသို့ ရောက်ရှိသည့်အခါ တိုင်းတရားရုံးက အဆိုပါအမှုကို ကြားနာရန်အတွက် အစိုးရ လိုပြသက်သေကတရားခံအပြစ်ရရာရကြောင်း ထွက်ဆိုလျှင် လုံလောက်ပြီ၊ တရားလိုဘက်အစိုးရရှေ့နေ/ ဥပဒေအရာရှိ တာဝန်ကျေသည်ဟု အဓိပ္ပာယ်သဘောဖြစ်ပါသည်။

**အလေးထားဆောင်ရွက်ခြင်း**

စာရေးသူက ထိုကိစ္စကို သိရသဖြင့် (ဆရာ) တိုင်းဥပဒေအရာရှိ ခေါ်မပြောမိသွားတွေ့ပြီး ကျွန်တော်ဘာမှားလို့ပါလဲလို့ မေးပါသည်။ ဆရာက စာရေးသူအားမှားတယ် မပြောပါ၊ မဆိုလိုပါ။ တစ်ဖက်တရားခံ၏ ရှေ့နေကြီးဖြစ်သူမှာ ဆရာ့-ဆရာတို့၏ စီနီယာ (Senior) ဝါကြီးရင့်သူဖြစ်သဖြင့် မိမိဘက်က ပိုမိုဂရုစိုက် အလေးထားဆောင်ရွက်ခြင်းမျိုးဖြစ်ကြောင်းသာ ရှိစေလိုကြောင်း ပြောပါသည်။ ထို့နောက်သိရသည်မှာ လက်ထောက်တိုင်းဥပဒေအရာရှိသည် လျှောက်လဲချက်ပေးသည့်အခါ တရားခံကို စွဲချက်တင်သင့်သည့် သက်သေခံချက် မပေါ်ပေါက်သဖြင့် တရားရှင်လွှတ်သင့်ကြောင်း တိုင်းဥပဒေအရာရှိ၏ (ဆွဲချမဟုတ်သော) ညွှန်ကြားသည့်အတိုင်း လျှောက်လဲခဲ့ကြောင်းနှင့် တိုင်းတရားရုံးကလည်း တရားရှင်လွှတ်သည့် အမိန့်ချမှတ်လိုက်ကြောင်း သိရှိရပါသည်။

ပြည့်စုံကုန်စင်အောင် ဖော်ပြချင်သည်မှာ မူလရုံးတွင် အဆိုပါအမှု လိုပြသက်သေစစ်ဆေးပြီးဆုံးသဖြင့် စွဲချက်တင်သင့်၊ မတင်သင့် စာရေးသူဥပဒေအရာရှိနှင့် တရားခံဘက်ရှေ့နေတို့အကြား နှစ်ဖက်လျှောက်လဲချက်ပေးရန် တရားရုံးက ရုံးချိန်းရက်ပေးသည့်အခါ တရားခံ၏ရှေ့နေကြီးက "ဒီအမှုက တရားလိုနှင့် တရားခံတို့သည် နှစ်ဖက်ပြင်းထန်နေပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အတိုင်အတောတွေလည်း ရှိနေလို့ မောင်တို့မယ်တို့ (စာရေးသူဥပဒေအရာရှိနှင့် အမှုကြားနာသူအမျိုးသမီး တရားသူကြီး)အပေါ် အပြစ်ဆိုဝေဖန်တာတွေ လွတ်အောင် စွဲချက်သာတင်ပါ တိုင်းတရားရုံးကိုတက်မည့်အကြောင်း ဆရာ့-ဆရာတို့ ၏ စီနီယာတရားခံ၏ ရှေ့နေကြီးက တရားခွင်တွင် အများရှေ့၌ ပြောဆိုခဲ့ပါသည်။

လိုပြသက်သေက ရဲထံအစစ်ခံထားခြင်းမရှိသောအချက်ကို ရုံးရှေ့၌ထွက်ဆိုသည့်အချက်သည် တရားခံအပေါ်စွဲဆိုထားသော ပြစ်မှုနှင့် စပ်လျဉ်း၍ အပြစ်ဖြစ်ရာဖြစ်ကြောင်းအချက်ဖြစ်ရန်လိုပါသည်။ မောင်အောင်တင်ပါ၂နှင့် မြန်မာနိုင်ငံ ၁၉၆၆ ခုနှစ်စီရင်ထုံးတွင် (လိုပြ) သက်သေများက အယူခံတရားလိုများ (မူလရုံးတရားခံများ)ကို မှတ်မိလိုက်သည်ဟု ထွက်ဆိုထားသော်လည်း ရဲစက္ကူများတွင် ထိုသို့ အစစ်ခံထားခြင်းမရှိသည့် ကိစ္စရပ်သည် တရားခံအပေါ်ပြစ်မှုထင်ရှားစီရင်မှုပြုနိုင်/မပြုနိုင်စဉ်းစားရန် အဓိကကျသည့် အချက်ဖြစ်နေပါသည်။ အပြစ်ရှိရာရှိကြောင်းအချက် မဟုတ်လျှင် စာရေးသူအထက်က တင်ပြခဲ့သလို သက်သေအား ရဲထံအစစ်ခံချက်နှင့် တိုက်ဆိုင်စစ်ဆေးဖော်ထုတ်ရန် လိုမည်မဟုတ်ပါ။

**စစ်ဆေးမေးမြန်း**

အမှုတစ်ခုတွင် စာရေးသူသည် လိုပြသက်သေတစ်ဦးအား အဓိကစစ်ဆေးမေးမြန်းခြင်း ပြုနေစဉ်တွင် တရားခံ၏ရှေ့နေက သက်သေထွက်ဆိုသည့် "ထမင်းချက်နေသည်" ဆိုသည့် ထွက်ဆိုချက်ရဲထံအစစ်ခံချက် (ရဲစက္ကူတွင်) ရှိမရှိ ကြည့်ပေးပါရန် တရားရုံး(ထိုစဉ်က ပြည်သူ့ကောင်စီဝင် ၃ ဦးထိုင်တရားစီရင်ရေးအဖွဲ့) ကို တင်ပြလာပါသည်။ စာရေးသူက မိမိ၏လက်ဝယ်ရှိ ရဲထံအစစ်ခံချက် (ရဲစက္ကူ)ကို တရားစီရင်ရေးအဖွဲ့က တောင်းယူကြည့်ခွင့်မရှိကြောင်း ကွဲလွဲမှုရှိ/မရှိ(စိစစ်ရန်)တရားရုံး၏ တာဝန်မဟုတ်ကြောင်း မောင်ဦးခိုင်နှင့် နိုင်ငံတော်ရန်ကုန်စီရင်ထုံးအတွဲ ၁၃ ကိုကိုးကား၍ရုံးတော် (တရားစီရင်ရေးအဖွဲ့)ကို တင်ပြလျက် တစ်ဖက်တရားခံ၏ရှေ့နေ တောင်းဆိုချက်ကို ငြင်းဆိုချေပခဲ့သည်။

အကယ်၍ တရားခံဘက်က ၎င်းတို့သိလိုသော သက်ာမကင်းဖြစ်သည့် (ထမင်းချက်/မချက်)ကိစ္စ ရဲစက္ကူတွင် ရှိမရှိသိရှိလိုပါက ပြစ်မှုကျင့်ထုံးပုဒ်မ ၁၆၂ (၂)အရရဲထံအစစ်ခံချက် မိတ္တူထုတ်ပေးရန် တရားစီရင်ရေး အဖွဲ့(တရားရုံး)သို့ လျှောက်ထားနိုင်ကြောင်းနှင့် တရားရုံးက တရားရုံးများလက်စွဲစာပိုဒ် ၅၉၅ (၂)အရ မိတ္တူထုတ်ပေးနိုင်ခွင့်ရှိကြောင်း တရားရုံးသို့ ဖြည့်စွက်တင်ပြလိုက်ပါသည်။ ။

## အားကစားနည်း ၁၀ မျိုးအခမဲ့သင်တန်းဖွင့်မည်

**ဖျာပုံ မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် နွေရာသီရက်တိုအားကစားနည်း ၁၀ မျိုးအခမဲ့သင်တန်းကိုမတ်လ ၁၁ ရက်နေ့တွင် ဖွင့်လှစ်နိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ၂၇ ရက်က ခရိုင်အား၊ ကာအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ သင်တန်းကို ဖွင့်လှစ်ရခြင်းအားဖြင့် အား/ကာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံ သင်တန်းသားများရရှိစေရန်ရည်ရွယ်၍ မတ်လ ၁၁ ရက်မှ မတ်လ ၂၅ ရက်အထိ နွေရာသီအခြေခံအားကစားသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး မည်သူမဆို အသက်အရွယ်မရွေးတက်ရောက်နိုင်ပြီး သင်တန်းများအား အခမဲ့သင်ကြားပေးမည်ဖြစ်သည်။ ဖွင့်လှစ်သင်ကြားပေးမည့် အားကစားနည်းများမှာ ဖူဆယ်၊ မြန်မာသိုင်း၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ တင်းနစ်၊ ဘောလုံး၊ ရိုးရာလက်ဝှေ့၊ ပြေးခုန်ပစ်၊ ကရာတေးဒိုနှင့် ကာယဗလတို့ဖြစ်ပြီး သင်တန်းတက်ရောက်မည့်သူများအနေဖြင့် မြို့နယ်အားကစားမှူး ဦးဝင်းထိန် ဖုန်း-၀၉-၂၅၀၁၂၃၀၈၀ ထံသို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ဖျာပုံ)**

## မြန်မာနိုင်ငံတွင်အကြီးဆုံး BMX စက်ဘီးနှင့် စကိတ်ပြိုင်ပွဲကြီး ကျင်းပမည်

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံ BMX စက်ဘီးဝါသနာရှင်များအသင်းနှင့် မြန်မာနိုင်ငံစကိတ်အသင်းတို့ ပူးပေါင်းကာ နိုင်ငံတကာအဆင့်မီ BMX နှင့် စကိတ်အားကစားပြိုင်ပွဲကြီးကို ရန်ကုန်မြို့ပြည်သူ့ဥယျာဉ်အတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"အရင်က BMX ပြိုင်ပွဲတွေရှိခဲ့ပေမယ့် လူအများအပြား စိတ်ဝင်စားမှုရနိုင်မယ့်ပွဲကြီးကတော့ ဒါပထမဆုံးပါပဲ၊ စည်းမျဉ်း၊ စည်းကမ်းကအစ နိုင်ငံတကာပွဲကြီးတွေအတိုင်း လုပ်ထားတာကြောင့် စိတ်လှုပ်ရှားဖို့ကောင်းမှာတော့ အမှန်ပါပဲ" ဟု မြန်မာနိုင်ငံ BMX ဝါသနာရှင်များအသင်းဥက္ကဋ္ဌ ကိုရဲနိုင်အောင်က ပြောသည်။

မြန်မာနိုင်ငံ စကိတ်အသင်းဥက္ကဋ္ဌ ကိုလွင်လတ်ကလည်း "မြန်မာနိုင်ငံမှာက စကိတ်အားကစားကို စိတ်ဝင်စားမှု နည်းပါးနေသေးတာကြောင့် ဒီပြိုင်ပွဲကနေတစ်ဆင့် အရည်အချင်းတွေထုတ်ပြပြီး လူငယ်တွေ စိတ်ဝင်စားလာမှာ ဖြစ်ပါတယ်၊ စကိတ်အားကစားနည်းနဲ့ မြန်မာကို ကမ္ဘာကသိအောင် ပြသနိုင်တော့မှာဖြစ်ပါတယ်၊ လက်ရှိမှာလည်း မြန်မာလူငယ် စကိတ်အားကစားသမားတွေ ပြည်ပသို့ သွားရောက်ယှဉ်ပြိုင်ရာမှာ အောင်မြင်မှုတွေ ရရှိလာနေပြီဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါပြိုင်ပွဲကြီးအတွက် တစ်နိုင်ငံလုံးမှ BMX နှင့် စကိတ်အားကစားသမားကို ဖိတ်ခေါ်ကာ လာမည့်ဧပြီ ၁ ရက်တွင် ပြည်သူ့ဥယျာဉ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးတွင် BMX နှင့် စကိတ်အားကစားသမားသည် နိုင်ငံတကာအဆင့်မီကစားနည်းများအတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါပြိုင်ပွဲကြီးမတိုင်မီ မတ် ၄ ရက်တွင် BMX အားကစားသမား လူရွေးပွဲနှင့် မတ် ၁၈ ရက်တွင် စကိတ်နှင့် BMX သရုပ်ပြပွဲတို့ကို ကြိုတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## ကျေးရွာချင်းဆက်လမ်း ပျက်စီး၍ ပြန်လည်ပြုပြင်

**ကောလင်း မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်း-ဝန်းသို ကျေးရွာချင်းဆက် မြေသားလမ်းသည် မိုးအခါ၌ ရေကြီးရေလျှံမှုများကြောင့် ပျက်စီးကာ သွားလာရေးခက်ခဲသဖြင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၃ ရက်က ဆောင်ရွက်ခဲ့သည်။

ယင်းလမ်းပြုပြင်မွမ်းမံရန်အတွက် ကောလင်းမြို့နယ် ရွှေမြန်မာစက်သုံးဆီ ရောင်းဝယ်ရေးမှ ဦးဇော်မင်းအေးက ငွေကျပ်ငါးသိန်းဖြင့် မတည်ခဲ့ပြီး ဇီးဖြူပင်၊ ဌေ့ကြီး၊ လက်ပံကြီးတော၊ အုပ်ဖို၊ သရက်အိုက်၊ ရှမ်းစုစိန်လည်၊ သပြေသာ၊ ကျိုင်းခွင်၊ အောင်းကုန်းစသည့်ကျေးရွာများမှလှူဒါန်းငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ်သိန်း ၂၀ ကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ကျေးလက်ပြည်သူများ သွားလာရေးအခက်အခဲမရှိစေရန် ပြုပြင်ခဲ့ကြသည်။ အဆိုပါလမ်းမှာအကျယ် ၂၄ ပေ၊ ထုတစ်ပေနှင့် နှစ်မိုင်မြေသားပေါင်တင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကလေးမြို့နယ်လုံးကျွတ် သံဃာအပါး ၁၀၀၀ ဒုတိယအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ကလေး မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်လုံးကျွတ်ဆိုင်ရာ သံဃာတော်အပါး ၁၀၀၀ ဒုတိယအကြိမ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်နေပြည်သူ များစုပေါင်း၍ မတ် ၁ ရက် (တပေါင်းလပြည့်နေ့) နံနက် ၈ နာရီက မြို့နယ်လုံးဆိုင်ရာ ရွှေဘုံသာဘုရားကြီး ရင်ပြင်တော်၌ ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးတွင်မြို့ပေါ်နှင့် ကျေးရွာများ၌ သီတင်းသုံးတော်မူကြသော သံဃာတော် အပါး ၁၀၀၀ နှင့် ရဟန်းသာမဏေများ၊ သီလရှင်များအား ရဟန်းရှင်ပြည်သူများက စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူကြပြီးနောက် လှူဒါန်းမှု အစုစုတို့အတွက် ရွှေဘုံသာဘုရားကြီးဓမ္မာရုံ၌ ရေစက်သွန်းချအမျှပေးဝေကြသည်။

အဆိုပါ မြို့နယ်လုံးကျွတ် သံဃာတော်အပါး ၁၀၀၀ ဒုတိယအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးတွင်စတုဒိသာ ကျွေးမွေးညှော့ခံခြင်းများကိုလည်း ချင်းတိုင်းရင်းသားလူမျိုးများ၊ ဘာသာရေးပေါင်းစုံအသင်းအဖွဲ့များ၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (ကလေး)တပ်ရင်းတပ်ဖွဲ့မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရှိကုမ္ပဏီများ၊ အခြားစေတနာရှင်၊ အလှူရှင်အပါအဝင် စုစုပေါင်းအလှူရှင် ၁၄ ဦးတို့က စတုဒိသာမဏ္ဍပ် ၁၄ ခုကို ရွှေဘုံသာဘုရားကြီးအနီး ကွင်းပြင်တွင်ဆောက်လုပ်၍ လှူဒါန်းကြရာ ရပ်နီးရပ်ဝေးမှပြည်သူများက စတုဒိသာကို ပါဝင်သုံးဆောင်ကြသည့်အပြင်သံဃာတော်များ၊ ရဟန်းသာမဏေ များ၊ သီလရှင်များကိုလည်း နေ့ဆွမ်းဆက်ကပ်ကြကြောင်း သိရသည်။

**ဂျူနိုင်း**




# ၂၀၁၈ ခုနှစ် မန်းရွှေစက်တော်ရာဘုရားပွဲတော်ကာလ ဘုရားကြီးအလှူငွေကျပ်သိန်းနှစ်သောင်းခန့်ရရှိမည်ခန့်မှန်း

**မကွေး မတ် ၂**

မကွေးတိုင်းဒေသကြီး၏ ကျက်သရေဆောင်မြန်မာနိုင်ငံရဲ့ထူးခြားထင်ရှားပြီး အချိန်ကြာမြင့်စွာ ကျင်းပသည့်မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကြီးရန်ပုံငွေမှာ တစ်နှစ်ထက်တစ်နှစ် တိုးမြင့်ရရှိနေကြောင်း ဖေဖော်ဝါရီ ၂၇ ရက်က မန်းရွှေစက်တော်ရာ ဘုရားသုံးထပ်သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် မန်းရွှေစက်တော်ရာ ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းလှိုင်က ပြောသည်။

"ဘုရားကြီးရဲ့ ပိုင်ဆိုင်မှုအနေနဲ့ အလှူတော်ငွေအရပ်ရပ်ပေါင်း သိန်းပေါင်းသုံးသောင်းခုနစ်ထောင်နဲ့ ရွှေစင်ရွှေသား နှစ်ပိဿာရှစ်ကျပ်သားကို လက်လွှဲရရှိခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် မန်းရွှေစက်တော်ရာ ဘုရားကြီးပွဲတော်ကာလအတွင်းမှာ စေတီယသင်္ဂဏ၊ နဝကမ္မဘက်စုံနဲ့ စက်တော်ရာ ရန်ပုံငွေ အရပ်ရပ်အလှူတော်ငွေကျပ် သိန်းပေါင်းတစ်သောင်း နှစ်ထောင်ခန့်ရရှိခဲ့ပြီး ၂၀၁၇ ခုနှစ် မေလ ၃ ရက်နေ့အထိ ဘုရားကြီးရဲ့ ရန်ပုံငွေမှာ ငွေကျပ်သိန်း ၄၉၂၃၂၀၀၀၄၂ ဖြစ်ပါတယ်" ဟု ဂေါပကဥက္ကဋ္ဌက ဆက်လက်ပြောပြသည်။

မန်းရွှေစက်တော်ရာ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် မန်းရွှေစက်တော်ရာဘုရား ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲပြုလုပ်တဲ့ ဇန်နဝါရီ ၂၁ ရက်မှာပဲ နမ္ဗဒါ(၁)၊နမ္ဗဒါ(၂)၊ ငွေသောင်ယံ၊ တည်းကျောင်း ၁၁၆ ကျောင်း၊ သန့်စင်ခန်း ၁၈ မျိုး၊ ရေချမ်းစင်ညှောင်ထောက်ကန်တော့ပွဲ ၂၉ မျိုးနှင့် ကားပါကင် တင်ဒါ အရပ်ရပ်တို့မှ အလှူတော်ငွေကျပ်သိန်းတစ်သောင်းနှစ်ထောင်ခန့်ရရှိခဲ့ပြီး ဇန်နဝါရီ ၂၁ ရက်မှ ဇန်နဝါရီ ၂၆ ရက် အထိ စေတီယသင်္ဂဏ၊ နဝကမ္မ ဘက်စုံ၊ စက်တော်ရာ ရန်ပုံငွေအရပ်ရပ်တို့မှ လှူဒါန်းရရှိငွေမှာ ငွေကျပ်သိန်းပေါင်း ၁၇၄၂၈၀၅၀ ရရှိနေသည်။ ဖွင့်ပွဲအစမှ ဘုရားပွဲတော်ပြီးသည်အထိ စေတီယသင်္ဂဏ၊ နဝကမ္မဘက်စုံ၊ စက်တော်ရာ ရန်ပုံငွေ အရပ်ရပ်လှူဒါန်းငွေမှာ အနည်းဆုံး သိန်းရှစ်ထောင် (သို့) သိန်းတစ်သောင်းရရှိမည်ဟု ခန့်မှန်းထားသည့်အတွက် ၂၀၁၈ခုနှစ် မန်းရွှေစက်တော်ရာ ဘုရားကြီးပွဲတော်ကာလတွင် ဘုရားကြီး အလှူတော်ငွေကျပ်သိန်းပေါင်း နှစ်သောင်းခန့်ရရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# (၆၉) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနား စည်ကားစွာပြုလုပ်

**သထုံ မတ် ၂**

(၆၉) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို မတ် ၁ ရက်က မွန်ပြည်နယ် ပေါင်မြို့နယ် ကျောက်ရေတွင်း ကျေးရွာကွင်းပြင်၌ ပြည်နယ်အဆင့်အနေဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှု၊ လူမျိုးနှင့် ဘာသာစကားစသည်တို့ကို မေ့ပျောက်သွားခြင်းမရှိစေရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်ဆီသို့ လျှောက်လှမ်းရမည့် အသိအမြင်များ နိုးကြားလာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြည်နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရွှေသင်းက ပြောသည်။

အခမ်းအနားတွင် ရောက်ရှိလာသူများက နိုင်ငံတော်အလံနှင့်ပအိုဝ်းအမျိုးသား အလံတော်တို့အား အလေးပြုကြပြီး သဘာပတိအဖွဲ့ဝင်တစ်ဦးက အမှာစကားများပြောကြားကာ ကျင်းပရေးကော်မတီဝင်တို့က ပအိုဝ်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံကို ပအိုဝ်းဘာသာ၊ မြန်မာဘာသာတို့ဖြင့် ရှင်းလင်းဖတ်ကြားခဲ့သည်။



အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သည့် (၆၉) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ ဂုဏ်ပြုသဝဏ်လွှာကို မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ကလည်းကောင်း၊ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PLNO) တို့က ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာများကို ကျင်းပရေးကော်မတီဝင်တို့က လည်းကောင်း ဖတ်ကြားပြီး ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများရေးရာကော်မတီဥက္ကဋ္ဌ ဦးထွန်းမင်းအောင်က ပအိုဝ်းတိုင်းရင်းသားတို့၏ စာပေနှင့် ယဉ်ကျေးမှု မြင့်မားရေးဆိုင်ရာများကို ရှင်းလင်းပြောကြားရာ ဒေသခံတိုင်းရင်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**မော်လမြိုင် မတ် ၂**

မွန်ပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ဖေဖော်ဝါရီလ တတိယပတ်က မော်လမြိုင်မြို့ နယ်မြေခံတပ်ရင်း ရွှေလင်းယုန်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မော်သက်က ဒေသထွက်သီးနှံများကို အခြေခံကာ တန်ဖိုးမြှင့် စားသောက်ကုန်များတစ်ပိုင်တစ်နိုင် ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်၊ ထုတ်ကုန်အမယ်သစ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယခုသင်တန်းတွင် ပဲစင်းငုံကို အခြေခံ၍ ပဲကွတ်ကီးအမျိုးမျိုး၊ ပဲစာကလေးခွေကြော်၊ ပဲခေါက်ဆွဲ၊ အချိုမှုန့်အစားထိုးဟင်းခတ်မှုန့်၊ ကလေးအာဟာရမှုန့်၊ ပူတင်းပြုလုပ်နည်းများ၊ သဘာဝသစ်သီးဖျော်ရည်အမျိုးမျိုး၊ သစ်သီးဂျယ်လီ၊ ယိုမျိုးစုံ ပြုလုပ်နည်းများကို စာတွေ့လက်တွေ့စနစ်တကျသင်ကြားပေးခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၂၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း ( ပြည် )**

# စာကြည့်တိုက်ရှင်သန်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

**ခင်ဦး မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာကြည့်တိုက်ရှင်သန်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်က Community Center ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ကြည်ဆန်းက စာကြည့်တိုက် ရှင်သန်ခိုင်မာရေး၊ စာဖတ်သူတိုးပွားရေးနှင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့် စာပေဝါသနာရှင်များက စာကြည့်တိုက်များရေရှည်ရှင်သန်ခိုင်မာရေးနှင့် တွေ့ကြုံရသည့် အခက်အခဲများကို အပြန်အလှန် ဆွေးနွေးကြသည်။

ထို့နောက်ကျေးရွာစာကြည့်တိုက်များအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပေးပို့လှူဒါန်းသော သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ၊ အလင်းသစ်သတင်းလွှာနှင့် အလှူရှင်များက လှူဒါန်းထားသော စာအုပ်၊ စာစောင်များကို စာကြည့်တိုက် ဖွင့်လှစ်ထားသော ကျေးရွာ ၄၅ ရွာအတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး W.Com ကုမ္ပဏီက မြင်းဒေါင်းကျေးရွာတွင် ဖွင့်လှစ်မည့် ကွန်ပျူတာပညာဒါနသင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**



# မိုးကောင်း၌ မဏိဒီပံစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**မိုးကောင်း မတ် ၂**

ကချင်ပြည်နယ် မိုးကောင်းမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မဏိဒီပံစာကြည့်တိုက်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့လွှဲပြောင်းအပ်နှံပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးသန်းထွန်း၊ ကျောင်းအုပ်ဆရာမကြီးဒေါ်တင်လှနှင့် Eco Friendly Tower ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါစာကြည့်တိုက်သည် အလျား ၄၅ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျောင်းသားကျောင်းသူဟောင်းများနှင့် စေတနာရှင်များစုပေါင်းလှူဒါန်းငွေကျပ် ၁၀၉ ဒသမ ၇၂ သိန်း၊ Eco Friendly Tower ကုမ္ပဏီလီမိတက်၏လှူဒါန်းငွေကျပ် ၁၃၇ ဒသမ ၅ သိန်းနှင့်စုစုပေါင်းငွေကျပ် ၂၄၇ ဒသမ ၂၂ သိန်းကုန်ကျခဲ့ကြောင်း သိရသည်။

**ဝင်းအောင်**





# သရုပ်ဆောင်နှင့်အဆိုတော်သဇင်က အခုအချိန်မှာတော့ သာမန်အိမ်ရှင်မတစ်ယောက်ပါ

……… **ကိုလင်း** ………

တစ်ချိန်က No အဖွဲ့ဆိုပြီး ပရိသတ်များ၏ အချစ်တော်ဖြစ်ခဲ့ရသူ ဂီတမိန်းကလေး အဖွဲ့ဝင် အဆိုတော် သဇင်တစ်ယောက် အိမ်ထောင်မှုတာဝန်တွေနှင့်အတူ မကြာမီ ရင်သွေးလေးလွယ်ကာ၊ ဂီတဘက်ကို အခြေချရန်အတွက်မူ လတ်တလောတွင် သူ့အနေနှင့် ရည်ရွယ်ထားခြင်း မရှိသေးကြောင်း သိရသည်။

**မေး ။ မြန်မာပြည်ကိုပြန်လာတာ ဘယ်လိုကြောင့်လဲ၊ အပြီးပြန်လာတာလား သဇင်။**

ဖြေ ။ မြန်မာပြည်ကို အခုပြန်ရောက်တာ လေးရက်ရှိသွားပြီ။ နောက်ထပ် သီတင်းသုံးပတ် ပြည့်သွားရင် ပြန်မှာပါ။ ဂီတအလုပ်တွေကိုတော့ အခုချိန်မှာ လှုပ်ရှားဖို့ မရှိသေးပါဘူး။ အခုသဇင့်ဆီမှာ ကိုယ်ဝန်က ဆယ်ပတ်ရှိပါပြီ။

**မေး ။ ရင်သွေးလေး လွယ်ထားရတဲ့အပေါ် သဇင့်ရဲ့ ခံစားမှုနဲ့ မိခင်တစ်ယောက်ရဲ့ အတွေးကို ပြောပြပါဦး။**

ဖြေ ။ နဂိုကတည်းက ကလေးချစ်တတ်တဲ့သူလည်းဖြစ်တာမို့ ရင်သွေးလေးရှိလာတော့ အတိုင်းမသိ ဝမ်းသာပါတယ်။ လက်ရှိမှာ ဗိုက်ထဲက ကလေးကျန်းကျန်းမာမာနဲ့ မွေးဖွားလာနိုင်ဖို့အတွက် အာရုံစိုက်နေရပါတယ်။ သွားတာလာတာ အားလုံးသတိထားနေပြီး မွေးလာရင်လည်း ကျန်းမာသန်စွမ်းဖို့အတွက် အချိန်တွေ ပေးနေရဦးမယ် ထင်ပါတယ်။ မြတ်စွာဘုရားကိုလည်း ပိုပြီးအာရုံပြုတယ်။ ကလေးအတွက်လည်း ဆုတောင်းရတယ်။ အမျိုးသားဆိုလည်း အဲဒီလိုပါပဲ၊ အရင်က သူ့အာရုံမှာ ကိုယ်က ပထမ၊ အခုဆိုရင် ဗိုက်ထဲကကလေးလေးက ပိုပြီးသူ့စိတ်ထဲမှာ ရှိနေတယ်။ ကိုယ်က ဒုတိယဖြစ်သွားတယ်။

**မေး ။ ဟိုတလောက မိတ်ကပ်သင်တန်း ဖွင့်မယ်လို့ ပြောတာကြားမိတယ်။ အကောင်အထည်ဖော်ဖြစ်လား။**

ဖြေ ။ မလုပ်ဖြစ်တော့ဘူးရှင့်။ အစကတော့ မိတ်ကပ်သင်တန်းဖွင့်ဖို့ ရည်ရွယ်ထားတာပါ။ ကျန်းမာရေးကလည်း အခုချိန်မှာ သတိထားရမယ့်အချိန်ဆိုတော့ မလုပ်ဖြစ်တာပါ။ နေကောင်းပြီး ကျန်းကျန်းမာမာနဲ့ ကလေးလေးမီးဖွားပြီးရင်တော့ လုပ်ဖြစ်မှာပါ။ အခုမြန်မာနိုင်ငံကို ပြန်လာတယ်ဆိုတာကလည်း အလည်သက်သက်ပါ။ အလုပ်တွေအကုန်လုံးတော့ နားထားပါတယ်။

**မေး ။ သဇင်ခံယူထားတဲ့ အိမ်ရှင်မဘဝနဲ့ လက်ရှိ သဇင့်ရဲ့ အိမ်ရှင်မဘဝကရော ထပ်တူကျပါသလား။**

ဖြေ ။ သဇင့်ကို အိမ်ထောင်ရေး အဆင်မပြေဘူးဆိုပြီး ပြောကြတာရှိတယ်။ ကောလာဟလဆိုတာ ဒီလိုပါပဲ။ အိမ်ထောင်နဲ့ ကွဲသွားပြီဆိုတာလည်း ပြောကြတယ်။ အမှန်က အဲဒီလို ပြောနေကြတဲ့ အပေါ်မှာ သဇင်က လိုက်ကို မခံစားတော့ဘူး။ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်နေမိတယ်။ သဇင်ခံယူထားတဲ့ အိမ်ရှင်မကလည်း သဇင့်အခုဘဝလိုပါပဲ။ သဇင်က အခုအချိန်မှာ သာမန်အိမ်ထောင်သည် အမျိုးသမီးတစ်ယောက်ပါပဲ။



# တေးသံရှင် G-Fatt ၏ အခွေသစ် စတင်ထွက်ရှိ

လူငယ်ကြိုက် ရက်ပ်သီချင်းများကို သီဆိုတတ်သည့် G-Fatt ၏ ဒုတိယမြောက် တေးစီးရီး 120/B ကို မတ် ၂ရက်က စတင်ဖြန့်ချိခဲ့သည်။ ယခုအခွေသည် G-Fatt ၏ ဒုတိယခြေလှမ်းဖြစ်သည့်အပြင် ၂၀၁၇ခုနှစ်အတွင်းက ဖြန့်ချိထားခဲ့သည့် ဂျင် တေးစီးရီးထက်ပို၍ ပရိသတ်အတွက် ပြင်ဆင်ထားခဲ့ကြောင်း ၎င်းက ပြောသည်။

ရက်ပ်သီချင်းများအနက် အမုန်းကမ္ဘာမှ နေ့စွဲများ၊ 8 Hour 8 Hour စသည့် သီချင်းများကို လူကြိုက်များခဲ့ကြသည့် G-Fatt အနေဖြင့် ယခုတေးစီးရီးကို Frenzo Production မှ ထုတ်လုပ်ထားပြီး Excellent Creation မှ ဖြန့်ချိထားသည်။

“120/B ဆိုတဲ့ သီချင်းတော့ ဒီအခွေထဲမှာ မပါပါဘူး၊ နောက်မှ အမ်တီဗီလေး ရိုက်ပြီးတော့ ပြပေးချင်လို့ပါ၊ ဒီအိမ်လေးထဲကနေ ထွက်လာခဲ့ပြီး အခုတော့ ပရိသတ်ရှေ့ရောက်နေတဲ့ အကြောင်းလေးပါ၊ ဒီအခွေမှာ အချစ်အကြောင်းတော့နည်းသွားတယ်၊ တစ်ဖက်သတ် စိတ်နာနေတဲ့ အသည်းကွဲ သီချင်းလည်းပါတယ်၊ မမ သီချင်းက လက်ရှိအပြင်ဘဝကို စိတ်ကူးယဉ်ပြီးရေးထားတဲ့ သီချင်းလေးလည်းပါတယ်၊ အကယ်၍ လက်ထပ်ကြတဲ့အခါ သီချင်းလေးကလည်း စိတ်ကူးယဉ်ပြီး ရေးထားတာပါ၊ မမ သီချင်းက ချစ်သူအတွက် ရေးထားတဲ့ သီချင်းပါ၊ အချစ်ရေးက ကောင်းနေတော့ အသည်းကွဲ သီချင်းရေးရတာ တော်တော်ခက်တယ်၊ ချစ်သူကိုလည်း သီချင်းတွေအတွက် ဗီလိန်မနည်း လုပ်ခိုင်းရတယ်ပေါ့ ”ဟု တေးသံရှင် G-Fattက ပြောသည်၊ အဆိုပါ သီချင်းခွေတွင် သီချင်း ၁၄ ပုဒ်ပါဝင်ပြီး G-Fatt ကိုယ်တိုင်ရေးသားထားသည်။ **ကိုလင်း**

# တေးသံရှင်များနှင့် ဂီတအစည်းအရုံးကို ဝန်ချတောင်းပန်သည့် ကုမ္ပဏီအား ကန့်ကွက်သူများလည်း ရှိနေသေး

တေးသီချင်းများ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ လွှင့်တင်ခြင်းများတွင် မူပိုင်ခွင့်သည် အလွန်အရေးကြီးပြီး လက်ရှိတွင် မြန်မာနိုင်ငံဂီတအစည်းအရုံးသည် အမှုကိစ္စပေါင်းများစွာကို ရှင်းလင်းညှိနှိုင်းပေးနေသည့် ဂီတလောက၏ အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။

တေးသီချင်း ဖန်တီးသူများသည် ဝါသနာအရ လုပ်ဆောင်နေကြရခြင်းဖြစ်ပြီး ခိုးကူးခွေများကြောင့် အခွေထုတ်လုပ်ခြင်းမှာ အမြတ်အစွန်းရရှိသည်မရှိဘဲ အစဉ်သဖြင့် ရှုံးတတ်ကြသည်။ ယခု နောက်ပိုင်းတွင် တေးသီချင်းများကို ထုတ်လုပ်၊ ဖြန့်ချိခြင်းအပြင် ရုပ်သံမီဒီယာများ၊ ရေဒီယိုလိုင်းများနှင့် အွန်လိုင်းများအပေါ် လွှင့်တင်ခြင်း၊ အဆို ပြိုင်ပွဲများ ပြုလုပ်ခြင်းစသည့် ကိစ္စရပ်များတွင်လည်း တေးသီချင်း မူပိုင်ခွင့် ပြဿနာများ မကြာခဏဖြစ်ပေါ်တတ်ပြီး အချင်းချင်းညှိနှိုင်းခြင်းဖြင့် ပြေလည်ခဲ့သည့် ကိစ္စရပ်များစွာလည်း ရှိသည်။

မကြာသေးမီက တေးသီချင်းများစွာကို စုစည်းပြီး ပရိသတ်များ တစ်စုတစ်စည်းနားဆင်နိုင်ရန်အတွက် အဆိုတော်များ၏ တေးသီချင်းများကို အမ်ပီသရီးအဖြစ် ဖန်တီးကာ ကိုယ်ကျိုးအတွက် အသုံးပြုခဲ့သည်ဟူသော မှတ်ချက်ဖြင့် ဂီတလောကသား အချို့နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးကို တောင်းပန်သည့် ဖြစ်စဉ်တစ်ခုလည်း ဖေဖော်ဝါရီ ၂၇ရက်က ပြုလုပ်ခဲ့သည်။

“ကျွန်မတို့ဘက်က မှားသွားတာပါ၊ ကျွန်မတို့ ကုမ္ပဏီက Champz Music Box မှာ သီချင်းအပုဒ်ရေ တော်တော်များများ ထည့်သွင်းအသုံးပြုခဲ့ပါတယ်၊ အဲဒီအတွက်ကြောင့် ကျွန်မတို့အနေနဲ့ တရားဝင် အသုံးပြုနိုင်ဖို့အတွက် သီချင်းမူပိုင်ခွင့်အတွက် အလှူအသီးသီးကနေ ဝယ်ယူဖို့ ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်၊ ဇန်နဝါရီ ၅ရက်မှာ ရတနာမြိုင်တေးထုတ်လုပ်ရေးကနေ သီချင်းအချို့အတွက် မူပိုင်ခွင့် ဝယ်ယူမှု စာချုပ်ချုပ်ဆိုခဲ့ပါတယ်၊ အဲဒီလိုပါပဲ တစ်ဖက်မှာ တေးသံရှင်တွေရဲ့ ခွင့်ပြုချက်ကို ရယူနေစဉ် PSI Media ကနေ တေးသီချင်း အချို့ကို ထုတ်လွှင့်ခဲ့ပါတယ်၊ အခုလုပ်ရပ်ကြောင့် ကျွန်မတို့ လုပ်ကိုင်မှုလမ်းကြောင်း မှားယွင်းသွားခဲ့ရပါတယ်၊ ကျွန်မတို့အနေနဲ့ သီချင်းတွေနဲ့ပတ်သက်ပြီး အဆိုတော်နဲ့ အနုပညာရှင်များကို ရိုင်းပြသလိုမျိုးဖြစ်ခဲ့ရတာမို့ မြန်မာ့အလင်းသတင်းစာနဲ့ ကြေးမုံသတင်းစာတွေမှာ တရားဝင်တောင်းပန်ခဲ့ပါတယ်၊ တခြားနစ်နာလိုစိတ် မရှိပါဘူး”ဟု Dara Trading မှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်ဌေးဌေးအောင် ကပြောသည်။




ယခုဖြစ်ပေါ်သော အကြောင်းအရာနှင့်ပတ်သက်၍ Dara မှ နစ်နာသွားသော ဂီတပညာရှင်များအတွက် နစ်နာကြေးအဖြစ် ငွေကျပ် သိန်း ၅၀ ကို ပေးမည်ဟုဆိုသည့်အပေါ် ဂီတလောကအတွင်း သဘောတူညီသူများ ရှိသကဲ့သို့ ကျေနပ်မှုမရှိသူများလည်းရှိကြောင်း သိရသည်။ ညှိနှိုင်းမှုများကို လောလောဆယ် ခေတ္တရပ်ဆိုင်းထားကြောင်း သိရှိရသည်။ **ကိုလင်း**



# ရွှေထိုက်က အချစ်နဲ့ ကွာရှင်းမယ်

တေးသံရှင် ရွှေထိုက်၏ “အချစ်နဲ့ ကွာရှင်းမယ်”ကိုယ်ပိုင်သံစဉ် တေးစီးရီးကို ဘိုဘို တေးထုတ်လုပ်ရေးမှ မတ် ၇ ရက်တွင် စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

ရွှေထိုက်သည် အဆိုတော် ခင်ဘုဏ်းနှင့်အတူ တေးရေး ကိုထူး ၏ “သီချင်းလေး အတိုင်းပါပဲ” နှင့် ရတနာမြိုင်တေးထုတ်လုပ်ရေးမှ စီစဉ်ပြီး တေးရေး ကိုစိုးလင်း ရေးသားသော “မနောက်နဲ့နော် ”ဟုအမည်ရသည့် သကြံန်တေးသီချင်းလေးနှင့် ပရိသတ်အသိအမှတ်ပြုခံခဲ့ရပြီး တေးသီဌက်တို့၏ ဒဏ္ဍာရီ တေးစုများထဲတွင် စိုင်းစိုင်းခမ်းလှိုင်နှင့်အတူ စိတ္တဇအလွမ်း တေးသီချင်းနှင့် လူသိများခဲ့သည်။

“ဒီစီးရီးကို ထွက်ဖို့ ပြင်ဆင်နေတာ ကြာပါပြီ၊ ကိုယ်တိုင်ရေးတာဆိုတော့ နည်းနည်းကြာသွားတယ်၊ အခွေထွက်ဖို့ အစအဆုံးကိုတော့ ကိုနိုင်ဇော်ကပဲ အားလုံးစီစဉ်ပေးတာပါ၊ ရွှေထိုက်ကတော့ သီချင်းရေးတယ် သီချင်းဆိုတယ်ပေါ့နော်၊ ဒီလောက်ပါပဲ၊ ရွှေထိုက် ရှိုးပွဲတွေမှာ သီချင်းမဆိုဖြစ်တာတော့ တော်တော်ကြာသွားတယ်၊ မရှိဘူးဆိုရင်ခြောက်နှစ်လောက်ကြာ ပြီထင်တယ်၊ နယ်ပွဲတွေတော့ ဆိုဖြစ်တယ်၊ အဓိက သီချင်း Album မထွက် ဖြစ်တာနဲ့ ရှိုးပွဲတွေ မဆိုဖြစ်တာကြောင့်ပရိသတ်နဲ့ ဝေးကွာသလိုဖြစ်သွားတယ်၊ သီချင်းတွေကတော့ ပုံမှန်ရေး ဖြစ်ပါတယ်၊ အခု ဒီအခွေပြီးရင်လည်း ဆက်တိုက် အခွေတွေ ထုတ်သွားဖို့အတွက် လုံလောက် တဲ့ သီချင်းပုဒ်ရေလည်း ရှိနေတာဖြစ်လို့ အခွေဆက်တိုက် ထွက်လာမှာပေါ့နော်”လို့ တေးသံရှင် ရွှေထိုက်က ပြောသည်။

အဆိုပါ တေးစီးရီး ခွေတွင် တေးသီချင်း ၁၂ ပုဒ် ပါဝင်ပြီး တေးသီချင်းများမှာ ကိုယ်တိုင်ရေးသားထားသော တေးသီချင်းများ ပါဝင်ကြောင်းသိရသည်။ **ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

## ဘရက်ပစ်နဲ့ လီယိုနာဒိုတို့အတူ ပူးတွဲသရုပ်ဆောင်မည်



ဟောလိဝုဒ်ရဲ့နာမည်ကျော် အမျိုးသားသရုပ်ဆောင်နှစ်ဦးဖြစ်ကြတဲ့ ဘရက်ပစ်နဲ့ လီယိုနာဒိုဒီကာပရီယိုတို့ဟာ ဇာတ်ကားတစ်ကားတည်းမှာ အတူသရုပ်ဆောင်ကြမှာပဲဖြစ်တယ်။ ဒါရိုက်တာ ကွမ်တီနီတာရန်တီယို ရိုက်ကူးမယ့် ဇာတ်ကားမှာ အတူသရုပ်ဆောင်ကြမှာပဲဖြစ်တယ်။ အဲဒီရုပ်ရှင်ဇာတ်ကားရဲ့အမည်ကိုတော့ Once Upon a Time in Hollywood လို့ အမည်ပေးထားကြောင်း ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးက ပြောပါတယ်။ အဲဒီဇာတ်ကားမှာ လီလိုနာဒိုက ရုပ်သံ ဇာတ်လမ်းတွဲသရုပ်ဆောင်အဖြစ်ပါဝင်ထားပြီး ဘရက်ပစ်ကတော့ သူ့ရဲ့အစားထိုး စတန့်သရုပ်ဆောင်အဖြစ် ပါဝင်ထားတာပဲ ဖြစ်တယ်။

ဘရက်ပစ်နဲ့ လီယိုနာဒိုတို့ ဇာတ်ကားတစ်ခုတည်းမှာ တွဲဖက်သရုပ်ဆောင်တာကတော့ ဒါဟာပထမဦးဆုံးအကြိမ်ပဲဖြစ်တယ်။ အဲဒီဇာတ်ကားက ၁၉၆၉ခုနှစ်ဝန်းကျင်က လူသတ်မှုတွေကျူးလွန်ခဲ့တဲ့ ချာလီမန်ဆန်ရဲ့အကြောင်းကို အခြေခံပြီး ရိုက်ကူးထားပါတယ်။ မန်ဆန်ကတော့ တစ်သက်တစ်ကျွန်းထောင်ဒဏ်ချမှတ်ခံရသူဖြစ်ပြီး ၂၀၁၇ခုနှစ်ကပဲထောင်ထဲမှာသေသွားပြီဖြစ်ပါတယ်။ သေဆုံးချိန်မှာ တော့ အသက် ၈၃ နှစ် ရှိပါပြီ။ ဒီဇာတ်ကားကို ၂၀၁၉ ခုနှစ် ဩဂုတ် ၉ ရက်မှာ ပြသမယ်လို့ ရည်ရွယ်ထားပါတယ်။

ဇာတ်ကားရိုက်ကူးမယ့် ဒါရိုက်တာကတော့ သူဟာ ဒီဇာတ်ကားအတွက် ဇာတ်ညွှန်းရေးတာတင် အချိန်ငါးနှစ်ယူခဲ့ရတယ်လို့ပြောပါတယ်။ အဲဒီအမှုဖြစ်တုန်းက ဆိုရင် ကျွန်တော့်အသက်ဟာ ခုနစ်နှစ်ပဲရှိပါသေးတယ်လို့ ဒါရိုက်တာဖြစ်သူ တာရန်တီယိုက ပြောပါတယ်။ ဒီဇာတ်ကားမှာ လီယိုနာဒိုနဲ့ဘရက်ပစ်တို့နဲ့အတူ တွဲဖက်လုပ်ကိုင်ရမှာဖြစ်လို့ အလွန်စိတ်လှုပ်ရှားရပါတယ်လို့ပြောပါတယ်။ **ဂူဂဲလ်**

## မတ်လာရက်နေ့ မွေးနေ့ရှင် အနုပညာရှင်များ




အခုဆိုရင် ဖေဖော်ဝါရီလကုန်ဆုံးလို့ မတ်လအတွင်းဝင်ရောက်လာပြီပဲ ဖြစ်တယ်။ မတ် ၁ ရက် မွေးနေ့ရှင်တွေဖြစ်တဲ့ အနုပညာရှင်တွေကတော့ ဂျက်စတင်ဘီဘာ၊ လူပီတာနဲ့ကီရှာတို့ပဲ ဖြစ်တယ်။ ဂျက်စတင်ဘီဘာကတော့ မတ် ၁ ရက်မှာပဲ အသက် ၂၄ နှစ် ပြည့်သွားပြီ ဖြစ်တယ်။ ပြီးခဲ့တဲ့နှစ်တွေအတွင်း သူ့ရဲ့လုပ်ဆောင်မှုတွေကို ပြန်ကြည့်ရင် Despascito သီချင်းနဲ့အောင်မြင်ခဲ့ပြီး တွဲလိုက်ကွဲလိုက်ဖြစ်နေတဲ့ ချစ်သူ ဆယ်လီနာဂိုမက်ဇ်နဲ့လည်း ပြန်အဆင်ပြေသွားတယ်။ ဂျက်စတင်ဘီဘာဟာ သူ့ရဲ့မွေးနေ့တွေတိုင်းမှာ လက်ဆောင်ကောင်းတွေ ရလေ့ရှိပါတယ်။ အခု ၂၄နှစ်ပြည့်မွေးနေ့မှာလည်း အံ့သြဖွယ်ကောင်းတဲ့လက်ဆောင်တွေရလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ နောက်ထပ်မတ် ၁ ရက် မွေးနေ့ရှင်တစ်ဦးကတော့ လူပီတာပဲဖြစ်တယ်။ လူပီတာကတော့အသက် ၃၅နှစ်ပြည့်တာပဲဖြစ်တယ်။ လွန်ခဲ့တဲ့တစ်နှစ်အတွင်းမှာတော့ လူပီတာဟာ အောင်မြင်မှုသရဖူဆောင်းနိုင်ခဲ့ပါတယ်။ သူ့ရဲ့ရုပ်ရှင်တွေဖြစ်တဲ့ The Last Jedi နဲ့ Black Panther ဇာတ်ကားတွေဟာလည်း ဝင်ငွေစံချိန်တင်ရရှိခဲ့ပါတယ်။ လူပီတာဟာကင်ညာ - မက္ကဆီကန်နွယ်ဖွား သရုပ်ဆောင်တစ်ဦးဖြစ်ပြီးသူ့ရဲ့အောင်မြင်မှုဟာ အာဖရိကကမ္ဘာအတွက် စံပြဖြစ်ခဲ့ပါတယ်။

နောက်ထပ်မွေးနေ့ရှင်တစ်ဦးဖြစ်တဲ့ ကီရှာကတော့ ခက်ခဲတဲ့နှစ်တွေကို ကျော်ဖြတ်ခဲ့ရပါတယ်။ ကီရှာဟာ မတ် ၁ ရက်မှာပဲ အသက် ၃၁ နှစ်ပြည့်ပြီ ဖြစ်တယ်။ ကီရှာဟာလတ်တလောမှာတော့ နယ်လှည့်ဖျော်ဖြေပွဲတွေပြုလုပ်နေပြီး Macklemore နဲ့အတူတွဲပြီး နယ်လှည့်ဖျော်ဖြေမှုတွေပြုလုပ်ဖို့ အစီအစဉ်ရှိတယ်လို့လည်း သိရပါတယ်။ **ဟယ်လို**

ချိုး

# ဆေးဝါးတုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မတ် ၂**

ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Olivier Richard နှင့် နိုင်ငံတကာ ဆေးဝါးတုတိုက်ဖျက်ရေးသုတေသနဆိုင်ရာအဖွဲ့အစည်း (IRACM) ၏ဥက္ကဋ္ဌ Ambassador Jean-David Levitte တို့ကို ဖေဖော်ဝါရီ ၂၇ ရက်က ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံတကာ၌ ဆေးဝါးတုများ၏ ဘေးအန္တရာယ်ကို ကြုံတွေ့နေရကြောင်း၊ ဆေးဝါးတုထုတ်လုပ် ဖြန့်ဖြူးရောင်းချသူများကို ဖမ်းဆီးအရေးယူရာတွင် ထိရောက်ဟန့်တားနိုင်လောက်သည့် ဥပဒေမူဘောင်များ၊ ပြစ်ဒဏ်များရှိရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံ ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ပါဝင်လက်မှတ်ရေးထိုးထားပါကြောင်း၊ နိုင်ငံ ဖြတ်ကျော်၍ ဆေးဝါးတုများထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများကို ဒေသတွင်း နိုင်ငံများနှင့် လက်တွဲတိုက်ဖျက်မည်ဖြစ်ကြောင်း၊ မကြာမီကျင်းပမည့် မဲခေါင်ဒေသနိုင်ငံများအကြား ဆေးဝါးတုတိုက်ဖျက်ရေးဆိုင်ရာညီလာခံတွင် ဆေးဝါးတုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့်မူဝါဒများ၊ ဥပဒေမူဘောင်များနှင့် အကောင်အထည်ဖော်မှုများကို ဆွေးနွေးဖလှယ် ကြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ အမျိုးသား ဆေးဝါးဥပဒေကို ၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ပြင်ဆင်သည့်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းထားပါကြောင်း၊ ခေတ်ကာလနှင့် လျော်ညီသည့် ဥပဒေများပေါ်ထွန်းလာရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ ဆေးဝါးတုဆိုင်ရာ မှုခင်းများနှင့်စပ်လျဉ်း၍ ဥပဒေအရာရှိများကို သင်တန်းများ ပို့ချပေးမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော် နယ်လှည့်ဆေးကုအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**စေတုတ္တရာ မတ် ၂**

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသော တပ်မတော်



နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက်က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ သွားရောက်ကာ ဒေသခံပြည်သူ ၈၉၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခွဲစိတ်ရောဂါ ၆၄ ဦး၊ ကလေးရောဂါ ၄၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၈ ဦး၊ အရိုးရောဂါ ၆၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၈၁ ဦး၊ မျက်စိရောဂါ ၂၆၄ ဦး၊ သွားရောဂါ ၃၂ ဦး၊ အထွေထွေရောဂါ ၆၃ ဦးတို့အား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ၎င်းတို့အနက် မျက်စိအသေးစား ခွဲစိတ်မှု နှစ်ဦး၊ အထွေထွေခွဲစိတ်မှု ၁၁ ဦးတို့အား ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး သွားနုတ် ၂၆ ဦး၊ သွားဖာထေး ၁၀ ဦး၊ ဓာတ်မှန်ရိုက် လူနာ ၄၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦး၊ ဓာတ်ခွဲစမ်းသပ်မှု ၅၄ ဦးတို့အား စမ်းသပ်ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်နှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# နွေရာသီ မြန်မာ့ရိုးရာအခြေခံသိုင်းပညာသင်တန်း လွိုင်ကော်မြို့၌ဖွင့်လှစ်

**လွိုင်ကော် မတ် ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့် ကာယသိပ္ပံ(လွိုင်ကော်)နှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ နွေရာသီ မြန်မာ့ရိုးရာအခြေခံသိုင်းသင်တန်းကို မတ် ၁ ရက်က အားကစားနှင့်ကာယသိပ္ပံ(လွိုင်ကော်) ခန်းမဆောင်၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် အားကစားနှင့်ကာယသိပ္ပံ(လွိုင်ကော်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးကျော်စိုးမိုးက အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။ သင်တန်းတွင် အခြေခံ ဗန်တို ၆၃ နည်းပညာ၊ ရှောင်နည်း၊ ရှောင်ကာ ၊ ရှောင်တိုက်၊ လက်နည်းစနစ်၊ ဓားမြှောင်ကာကွယ်နည်းစနစ်၊ ဓားရှည်ကာကွယ်နည်းစနစ်များကို နည်းပြဆရာ ဦးစိုးသိန်းနှင့် ဦးထွန်းထွန်းဝင်းတို့က သင်တန်းသား သင်တန်းသူ ၁၁၂ ဦးတို့အား သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၁ ရက်မှ ၃၁ ရက်အထိဖြစ်ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# မတ်ပဲနှင့် ပဲတီစိမ်းဈေးများ ကျဆင်းနေမှုကြောင့် တောင်သူများ အဆင်မပြေဖြစ်နေ

**ရေစကြို မတ် ၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်မှ ပဲစိုက်တောင်သူများ၏ မတ်ပဲနှင့် ပဲတီစိမ်းပေါ်ချိန် ယခုကာလတွင် ယမန်နှစ်ကလောက် ဈေးကောင်းမရသဖြင့် ပဲစိုက်တောင်သူများ အဆင်မပြေဖြစ်နေကြကြောင်း သိရသည်။

"မတ်ပဲနဲ့ ပဲတီစိမ်းက အခုမှ ပေါ်ခါစပဲရှိသေးတယ်၊ ဈေးတွေက ကျနေတယ်၊ မတ်လလယ်ဆိုရင် ဖြိုင်ဖြိုင်ပေါ်တော့မှာ အဲဒီအချိန်ကြရင် ဘယ်လိုနေမလဲမသိဘူး၊ အခု မတ်ပဲ ပိဿာ ၂၀ ကို ကျပ် ၁၅၀၀၀/၁၇၀၀၀ ပဲရှိတယ်၊ ယမန်နှစ်ကဆိုရင် မတ်ပဲ ပိဿာ ၂၀ ကို ၃၅၀၀၀ ကျပ်ဈေးရှိတယ်၊ အလားတူ ပဲတီစိမ်းဈေးကလည်း ပိဿာ ၂၀ ကို ၁၂၀၀၀ ကျပ်ဈေးပဲရှိတယ်၊ ယမန်နှစ်က ပဲတီစိမ်း ပိဿာ ၂၀ ကို ကျပ် ၂၈၀၀၀/၃၀၀၀၀ ဈေးရှိတယ်၊ ပဲဈေးတွေကျနေတဲ့အထဲ အထွက်နှုန်းကလည်း နည်းပြီးတော့ မျိုးဖိုး၊ ထွန်ယက်ခ၊ ဆေးဖိုး၊ ဆေးဖျန်းခ၊ ရိတ်သိမ်းခြွေလှေ့ခတွေကလည်း ဒီနှစ်ပိုပြီးများတော့ လက်ရှိပဲဈေးနဲ့ဆိုရင် ယမန်နှစ်ကလောက် တွက်ခြေမကိုက်ဖြစ်နေပါတယ်"ဟု ရေစကြိုမြို့နယ် ကျောက်ခတ်ကျေးရွာမှ ပဲစိုက်တောင်သူ ဦးသောင်းညွှန့်က ပြောသည်။

ရေစကြိုမြို့နယ်တွင် ယခုနှစ် ပဲစိုက်ရာသီ၌ ပဲတီစိမ်းနှင့် မတ်ပဲ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း လေ့လာသိရှိရသည်။ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံဈေးများ ကျဆင်းမှုနှင့်ပတ်သက်၍ အဆိုပါ ပဲစိုက်ရာသီမတိုင်မီ ကာလကတည်းက ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံပဲစိုက်တောင်သူများအား မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံဈေးများ ကျဆင်းနိုင်သဖြင့် တွက်ခြေကိုက်မည့် အခြားသီးနှံများ အစားထိုးစိုက်ပျိုးကြရန် တိုက်တွန်းခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူထံမှ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းအရ ကွန်ကရစ်လမ်းခင်း

**မုဒုံ မတ် ၂**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ ကမာအုပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပံ့ပိုးငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာနေ ပြည်သူများ ထည့်ဝင်ငွေ ကျပ် ၅၃ သိန်းဖြင့် ကျေးရွာလယ်လမ်း အရှည်ပေ ၁၁၅၀ ၌ အကျယ် ၁၂ ပေ ကွန်ကရစ်ခင်းခြင်းကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများကို မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမိုးရန်နိုင်နှင့် အဖွဲ့က ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်းက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဗထူး**

# အပြည်ပြည်ဆိုင်ရာ စက်ရုပ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် စွမ်းရည်ပြည့်ဝသော ကျောင်းသား ကျောင်းသူများအား ဖိတ်ခေါ်ထား

**ရန်ကုန် မတ် ၂**

ယခုနှစ် ဩဂုတ်လထဲတွင် မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီး၌ ကျင်းပမည့် "FIRST Global Robotics Challenge" စက်ရုပ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကို ကိုယ်စားပြုပြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အရည်အချင်းပြည့်မီသော လူငယ်များကို နည်းပညာအဖွဲ့အစည်းတစ်ခုဖြစ်သည့် ဖန်တီးရာက ရှာဖွေနေပြီဖြစ်ကြောင်း သိရသည်။




**လူရွေးချယ်မှုစတင်**

ဖန်တီးရာသည် မြန်မာနိုင်ငံ တိုးတက်ပြောင်းလဲမှုအတွက် အမြဲတန်း ကူညီထောက်ပံ့ပေးနေသော အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ ယခုလည်း FIRST Global Robotics Challenge စက်ရုပ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကို ကိုယ်စားပြုမည့်အသင်းကို စေလွှတ်ရန် လူရွေးချယ်မှုစတင်နေပြီဖြစ်ကြောင်း၊ အဆိုပါ လူရွေးချယ်မှုတွင် မြန်မာနိုင်ငံမှ အသက် ၁၄ နှင့် ၁၈ ကြား Mechanical design ပိုင်း၊ Electronics ပိုင်း နှင့် Programming ပိုင်းတွင် အရည်အချင်းပြည့်မီသော ကျောင်းသား ကျောင်းသူများအား လူတွေ့ခေါ်ယူစစ်ဆေးပြီး ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ရွေးချယ်ခြင်းခံရသော ကျောင်းသား ကျောင်းသူ ငါးယောက်သည် မြန်မာနိုင်ငံ ကိုယ်စားပြုအသင်းအဖြစ် မက္ကဆီကိုနိုင်ငံသို့ သွားရောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံပေါင်းများစွာပါဝင်မည့် အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုမည့် အသင်းအနေဖြင့် နိုင်ငံတကာမှ လူငယ်များ ရင်းနှီးစွာတွေ့ဆုံကာ အတူတကွ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာအတတ်ပညာများတွင် ကမ္ဘာပေါ်ရှိလူငယ်များ ပိုမိုစိတ်ဝင်စားလာစေရန်အတွက် အဆိုပါပြိုင်ပွဲကို FIRST Global အဖွဲ့အစည်းက ကြီးမှူး၍ ၂၀၁၇ ခုနှစ်က စတင်ကျင်းပခဲ့ကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ လူမှုရေးနောက်ခံ၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းများနှင့် ဘာသာအယူဝါဒ မတူညီသော နိုင်ငံအသီးသီးမှ လူငယ်များအား ပေါင်းကူးတံတား တစ်ခုတည်ဆောက်ပေးပြီး အချင်းချင်းတွေ့ဆုံကာ တစ်ဦးနှင့်တစ်ဦး ပူးပေါင်းချိတ်ဆက်နိုင်စေရန်လည်း ရည်ရွယ်ကြောင်း သိရသည်။

**အခွင့်အရေးတစ်ခု**

ဖန်တီးရာ၏ CEO ဖြစ်သူ Mr.Jes Kaliebe Petersen က "ကျွန်တော်တို့ ဖန်တီးရာအနေနဲ့ နည်းပညာရဲ့စွမ်းအားနဲ့ အပြုသဘောဆောင်တဲ့ ပြုပြင်ပြောင်းလဲမှုတွေအပေါ် ယုံကြည်ပါတယ်၊ မြန်မာနိုင်ငံက ကျောင်းသားလူငယ်တွေ STEM(Science, Technology, Engineering, Mathematics) ကျွမ်းကျင်သိရှိခြင်းဟာ အနာဂတ်မှာ မြန်မာနိုင်ငံကို အကျိုးပြုနိုင်မယ့်အင်အားတွေ ဖြစ်ပေါ်လာဖို့ အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်ပြီး အခုကျင်းပမယ့် FIRST Global Robot Challenge ပြိုင်ပွဲကြီးက မြန်မာနိုင်ငံက လူငယ်တွေအတွက် သူတို့ရဲ့နည်းပညာကျွမ်းကျင်မှုနဲ့ STEM ရဲ့အရေးပါမှုတို့ကို တစ်ကမ္ဘာလုံးကို ပြသနိုင်ဖို့အတွက် အခွင့်အရေးတစ်ခုဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါပြိုင်ပွဲတွင် နိုင်ငံတစ်နိုင်ငံလျှင် အသင်းတစ်သင်းသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကာ ပြိုင်ပွဲဝင်များသည် စက်ရုပ်များကို ဖန်တီးပြုလုပ်ပြီး သတ်မှတ်ထားသော စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်ရမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က စတင်ကျင်းပသည့် ပထမဆုံးပြိုင်ပွဲတွင် ဖန်တီးရာက မြန်မာနိုင်ငံမှ ထူးချွန်လူငယ်အဖွဲ့တစ်ဖွဲ့ကို မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ပထမဆုံးအကြိမ် စေလွှတ်ခဲ့ရာ ပါဝင်ယှဉ်ပြိုင်သောနိုင်ငံပေါင်း ၁၅၇ နိုင်ငံရှိသည့်အနက် အဆိုပါ မြန်မာကိုယ်စားပြုအသင်းသည် တစ်ကမ္ဘာလုံးတွင် အဆင့် ၆ ရရှိခဲ့သည်။

ဖန်တီးရာ၏ Makerspace Manager ကိုထူးဝေထက်က "အခုဆိုရင် မြန်မာနိုင်ငံက ကျောင်းသား ကျောင်းသူ တော်တော် များများက မနှစ်ကဝင်ပြိုင်ခဲ့တဲ့အသင်းကို အားကျအတုယူပြီး ဒီနှစ်မှာလည်း ပါဝင်ယှဉ်ပြိုင်ချင်ကြပါတယ်၊ ဒီပြိုင်ပွဲက အနိုင်ရရှိရေးအတွက် အဓိကထားပြီး ယှဉ်ပြိုင်တာထက် ပူးပေါင်းဆောင်ရွက်ပြီး စိန်ခေါ်မှုတွေကို ဖြေရှင်းရမှာဖြစ်ပါတယ်၊ မတူညီတဲ့ နိုင်ငံတွေနဲ့ ဖွဲ့စည်းထားတဲ့ အသင်းတွေက အချင်းချင်းပူးပေါင်းဆက်သွယ်ကြပြီး ပိုမိုကောင်းမွန်အောင် ပြုလုပ်ကြတာဖြစ်ပြီး ဒီနှစ်ပြိုင်ပွဲမှာတော့ National Academics of Engineering က ကမ္ဘာပေါ်မှာရှိတဲ့ သိပ္ပံနဲ့ အင်ဂျင်နီယာပညာရှင်များ ရင်ဆိုင်နေရတဲ့ အဓိကအခက်အခဲ ၁၄ ခုထဲက တစ်ခုအဖြစ် သတ်မှတ်ထားတဲ့ "Energy Impact"ဆိုတဲ့ အကြောင်းအရာ ခေါင်းစဉ်အောက်ကနေ ပါဝင်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်"ဟု ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပြိုင်ပွဲမစတင်မီ သုံးလအလိုဖြစ်သော မေ ၁ ရက်တွင် ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံများသည် စက်ရုပ်တည်ဆောက်ရန် ထပ်တူကျသောစက်ပစ္စည်းများ ပါဝင်သည့် Robot Kit ကို ရရှိကြမည်ဖြစ်ကြောင်း၊ ဖန်တီးရာအနေဖြင့် မြန်မာကိုယ်စားပြုအသင်းအတွက် လူရွေးချယ်ပြီးနောက် ပြိုင်ပွဲတွင်ပါဝင်နိုင်ရန် လိုအပ်သော အထောက်အပံ့များ ပေးအပ်ခြင်း၊ လိုအပ်သော နည်းပေးလမ်းညွှန်မှုများ ပြုလုပ်ပေးခြင်းတို့အပြင် ရွေးချယ်ခြင်းခံရသော အဖွဲ့သည် စက်ရုပ်တည်ဆောက်ချိန်ကာလတစ်လျှောက် ပုံစံထုတ်ခြင်း၊ တည်ဆောက်တပ်ဆင်ခြင်းတို့ကို ဖန်တီးရာရုံးခန်းတွင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ဝင်ပြိုင်ခဲ့သော မြန်မာကိုယ်စားပြုအသင်း၏ နည်းပြဖြစ်သူ ဖန်တီးရာမှ ကိုမြင့်မြတ်အောင်ဇော်က "၂၀၁၇ ပြိုင်ပွဲတုန်းက ကျွန်တော်တို့ သိခဲ့ရတာက နည်းပညာနဲ့ ဒီနည်းပညာအပေါ် စိတ်ဝင်စား ရူးသွပ်မှုတွေက ကျွန်တော်တို့အားလုံးကို ဒီပြိုင်ပွဲမှာ စုစည်းပေးလိုက်တာပါပဲ၊ အားလုံးမှာ တူညီတဲ့ စိတ်ဝင်စားမှုတွေ၊ စိတ်အားထက်သန်မှုတွေ ရှိခဲ့တာကြောင့်ကွဲပြားတဲ့ နောက်ခံပတ်ဝန်းကျင်နဲ့ ဘာသာစကားတွေက ကျွန်တော်တို့အားလုံး တွေ့ဆုံနိုင်ဖို့အတွက် အဟန့်အတားမဖြစ်ခဲ့ပါဘူး၊ ဒီပထမဆုံးပြိုင်ပွဲကနေ ကျွန်တော်တို့ဟာ နည်းပညာဘက်မှာ အဝေးကြီး နောက်ကျမကျန်ခဲ့ဘူးဆိုတာ၊ ကျွန်တော်တို့ ဘယ်လောက်စွမ်းဆောင်နိုင်ခဲ့တယ်ဆိုတာ ကမ္ဘာကြီးကို ပြသနိုင်ခဲ့ပါပြီ"ဟု ပြောသည်။

**စာရင်းပေးသွင်းရန် လိုအပ်**

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စိတ်ပါဝင်စားကြသော ကျောင်းသား ကျောင်းသူများသည် ကိုယ်တိုင်ရေးထားသော စာစီစာကုံးနှင့်အတူ မိမိတို့၏ အတွေ့အကြုံများနှင့်ပတ်သက်သော အကြောင်းအရာများကို အင်တာနက်လိပ်စာ www.bit.ly/FGCregister တွင် မတ် ၃၁ ရက်မတိုင်မီ ဝင်ရောက်ဖြည့်စွက်၍ စာရင်းပေးသွင်းရန် လိုအပ်ပြီး စာရင်းသွင်းသူများမှ ပဏာမရွေးချယ်ခြင်းခံရသူများကို ဧပြီလတွင် လူတွေ့စစ်ဆေးကာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသူ ငါးဦးကို ရွေးချယ်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲနှင့်ပတ်သက်၍ ဖန်တီးရာ အဖွဲ့ဝင်များသည် International School Yangon၊ Myanmar Noble College၊ Chindwin College၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(WYTU) တို့တွင် သွားရောက်ရှင်းပြခဲ့ပြီးဖြစ်ကာ ဆက်လက်၍လည်း သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်-သန်လျင်၊ ရန်ကုန်နည်းပညာတက္ကသိုလ်(မှော်ဘီ)၊ International Language and Business Center, Myanmar International School Yangon, Asia Language and Business Academy နှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တို့သို့လည်း သွားရောက်၍ ပြိုင်ပွဲအကြောင်း ရှင်းပြမည်ဖြစ်ကြောင်း၊ မိမိတို့၏ တက္ကသိုလ် သို့မဟုတ် ကျောင်းများတွင်လည်း ဖန်တီးရာမှ လာရောက်၍ ပြိုင်ပွဲအကြောင်းကို ရှင်းပြစေလိုလျှင်ဖြစ်စေ၊ ပြိုင်ပွဲအကြောင်းကို အသေးစိတ်သိရှိလိုလျှင်ဖြစ်စေ ဖုန်း-၀၉-၉၆၄၀၂၀၇၂၂ သို့လည်းကောင်း၊ ဖေ့စ်ဘုတ်စာမျက်နှာ https://www.facebook.com/mmfirstglobal/ သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# Tecno အမှတ်တံဆိပ် စမတ်ဖုန်းမော်ဒယ်သစ်များ ပြည်တွင်းဈေးကွက်တွင် မိတ်ဆက်

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံအတွက် စမတ်ဖုန်း အမှတ်တံဆိပ်သစ်ဖြစ်သည့် Tecno ၏ နောက်ဆုံးထုတ် စမတ်ဖုန်းမော်ဒယ်သစ်နှစ်ခုဖြစ်သည့် CAMON CM နှင့် SPARK CM ဖုန်းများ မိတ်ဆက်ပွဲကို ရန်ကုန်မြို့ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။




CAMON CM နှင့် SPARK CM ဖုန်းများသည် Tecno mobile ၏ ကင်မရာအထူးပြု စမတ်ဖုန်းများထဲမှ နောက်ဆုံးထွက်ကုန်များဖြစ်ပြီး အဓိက ထူးခြားချက်မှာ မျက်နှာပြင်အပြည့်နီးပါး screen ပါဝင်ခြင်းနှင့် စွမ်းဆောင်ရည်မြင့်မားသည့် ကင်မရာများ ပါဝင်ခြင်းတို့ဖြစ်သည်။

CAMON CM စမတ်ဖုန်းသည် မျက်နှာပြင်အကျယ် ၅ ဒသမ ၇ လက်မရှိပြီး screen အချိုးမှာ 18:9 ဖြစ်ကာ screen ၏ အထက်အောက် ဘေးပေါင်များသည် အလွန်ကျဉ်းမြောင်းသလို ဘေးဘက်တွင်မူ ပေါင်များမရှိသလောက် screen အပြည့်ဖြစ်သည်။ အဆိုပါ ဘေးဘောင်မဲ့ဒီဇိုင်းကြောင့် screen အချိုးက 1:1 နှစ်ခုအဖြစ် လျင်မြန်စွာ ပြောင်းလဲနိုင်ကာ Multi tasking ကို လွယ်ကူလျင်မြန်စွာ ပြုလုပ်နိုင်မည်ဖြစ်သည်။ အန်းဒရွိုက်ဗားရှင်းအနေဖြင့် 7.0(Nougat)ကို HiOS 2.0 နှင့်တွဲ၍ အသုံးပြုထားပြီး Quad-core 1.25GHz ပရိုဆက်ဆာနှင့် RAM 2GB ပါဝင်သည်။ အင်တာနယ်မင်မိုရီ 16GB ရှိပြီး မင်မိုရီကတ်ထပ်စိုက်သုံးပါက 128GB အထိ ထပ်သုံးနိုင်ရန် ထောက်ပံ့ပေးထားသည်။

CAMON CM တွင် ဆယ်လ်ဖီကင်မရာသည် ၁၃ မဂ္ဂါပစ်ဇယ်ရှိပြီး အလင်းရောင်အားနည်းသည့် ညအချိန်များတွင်ပါ ကောင်းမွန်စွာ ရိုက်ကူးနိုင်မည့် လုပ်ဆောင်ချက်များ ပါဝင်သည်။

SPARK CM စမတ်ဖုန်းသည် မျက်နှာပြင်အကျယ် ၅ ဒသမ ၇ လက်မဖြစ်ပြီး ၁၃ မဂ္ဂါပစ်ဇယ်ကင်မရာ၊ တိကျမြန်ဆန်သည့် လက်ဗွေစနစ်တို့နှင့်အတူ ထူးခြားချက်အနေဖြင့် အလင်းရောင်အားနည်းချိန်တွင် ဓာတ်ပုံများကို ရိုက်ကူးရာတွင် ကင်မရာ၏ ဖလက်ရှ်မီးအလင်းရောင်နှင့် မျက်နှာပြင်အလင်းရောင်ကို ပြိုင်တူပေးနိုင်မည့် Mix Flash လုပ်ဆောင်ချက် ပါဝင်သည်။ ထို့အပြင် ဗီဒီယိုဖုန်းခေါ်ဆိုမှုများ ပြုလုပ်ချိန်တွင် ဆယ်လ်ဖီကင်မရာဖြင့် ရိုက်ကူးမည့် ဗီဒီယိုပုံများကို လှပစေမည့် video chat flash လည်း ပါဝင်သည်။

CAMON CM နှင့် SPARK CM စမတ်ဖုန်း နှစ်မျိုးလုံးတွင် ဓာတ်ပုံများကို ကောင်းမွန်စွာ ရိုက်ကူးနိုင်ရန် ၁၃ မဂ္ဂါပစ်ဇယ်ရှိ ဆယ်လ်ဖီကင်မရာနှင့်အတူ ရှေ့ဘက်၌ LED ring flash တစ်လုံးစီနှင့် နောက်ဘက်၌ LED ring flash လေးလုံးစီ ပါဝင်ကာ အလင်းရောင်အားနည်းချိန်တွင် ပုံများကို ကောင်းမွန်စွာ ရိုက်ကူးနိုင်မည့် Night shot Algorithm လည်း ပါဝင်ကြောင်း၊ ဖုန်းများကို ယခုမတ်လဆန်းမှစ၍ ပြည်တွင်းဈေးကွက်တွင် ဖြန့်ချိသွားမည်ဖြစ်ပြီး ဈေးနှုန်းများမှာ CAMON CM က ကျပ် ၁၉၉၀၀၀ နှင့် SPARK CM က ၁၆၉၀၀၀ ကျပ် ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# တစ်လကြာ သုံးစွဲနိုင်သော ဒေတာအပိုလက်ဆောင်များရရှိမည့် ဒေတာလိုက်ပွဲ ဒေတာအစီအစဉ်ကို အူရီဒူးမိတ်ဆက်

**ရန်ကုန် မတ် ၂**

အင်တာနက်ဒေတာအစီအစဉ်များ ဝယ်ယူခြင်းအတွက် အပိုလက်ဆောင်များရရှိကာ အဆိုပါ အပိုလက်ဆောင်များကို သက်တမ်းတစ်လအထိ အသုံးပြုနိုင်မည့် ဒေတာလိုက်ပွဲအမည်ဖြင့် အင်တာနက်ဒေတာ အစီအစဉ်သစ်ကို အူရီဒူးမြန်မာက ဖေဖော်ဝါရီ ၂၇ ရက်က စတင်မိတ်ဆက်ခဲ့သည်။

အဆိုပါ ဒေတာလိုက်ပွဲအစီအစဉ်သစ်အရ သုံးစွဲသူများသည် မိမိတို့၏ အင်တာနက်ဒေတာသုံးစွဲမှု လိုအပ်ချက်အလိုက် ဒေတာအစီအစဉ် ရှစ်မျိုးကို ဝယ်ယူနိုင်မည်ဖြစ်သည်။ အဆိုပါ အစီအစဉ် ရှစ်မျိုးမှာ ဒေတာ 350MB နှင့် အပို 50MB အတွက် ၆၉၉ ကျပ်၊ ဒေတာ 600MB နှင့် အပို 50MB အတွက် ၉၉၉ ကျပ်၊ ဒေတာ 870MB နှင့် အပို 154 MB အတွက် ၁၄၉၉ ကျပ်၊ ဒေတာ 1792MB နှင့် အပို 256MB အတွက် ၂၉၉၉ ကျပ်၊ ဒေတာ 3GB နှင့် အပို 512MB အတွက် ၄၉၉၉ ကျပ်၊ ဒေတာ 6GB နှင့် အပို 1GB အတွက် ၉၉၉၉ ကျပ်၊ ဒေတာ 12GB နှင့် အပို 2GB အတွက် ၁၉၉၉၉ ကျပ်၊ ဒေတာ 25GB နှင့် အပို 5GB အတွက် ၃၉၉၉၉ ကျပ်တို့ဖြစ်ပြီး အစီအစဉ်တိုင်းအတွက် ဝယ်ယူရရှိသော ဒေတာများသာမက အပိုရရှိမည့် ဒေတာအားလုံးသည်လည်း ရက် ၃၀ အထိ သက်တမ်းရှိမည်ဖြစ်သည်။

ထို့အပြင် ဝယ်ယူထားပြီး ရက် ၃၀ အတွင်း သုံး၍မကုန်သော ဒေတာများကိုလည်း ယခင် ဒေတာအစီအစဉ်များကဲ့သို့ ဒေတာထပ်ဝယ်၍ နောက်ထပ် ရက် ၃၀ သက်တမ်းတိုးပြီး ဆက်လက်သယ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာ၏ CEO Mr. Vikram Sinha က "ကျွန်တော်တို့အနေနဲ့ သုံးစွဲသူတွေရဲ့အသံကို အမြဲနားထောင်လျက်ရှိတာကြောင့် အခုဆိုရင် သုံးစွဲသူတွေအတွက် အရိုးရှင်းဆုံး ဒေတာအစီအစဉ်တွေကို မိတ်ဆက်ပေးလိုက်တဲ့အတွက် သုံးစွဲသူများအနေနဲ့ လိုအပ်ချက်တွေပေါ်မှာ မူတည်ပြီး ဒေတာအစီအစဉ်တွေကို အလွယ်တကူ ရွေးချယ်ဝယ်ယူနိုင်တော့မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

အင်တာနက်သုံးသူများအနေဖြင့် ဒေတာများဝယ်ယူရာတွင်ဖြစ်စေ၊ ငွေဖြည့်ရာတွင်ဖြစ်စေ အပိုရရှိသော ဒေတာများကို သက်တမ်း သုံးရက်သာ အသုံးပြုနိုင်သည့်အတွက် သုံးစွဲသူအတွက် အဆင်မပြေကြောင်း၊ အူရီဒူးက ယခုပြုလုပ်လိုက်သည့် ဒေတာလိုက်ပွဲ အစီအစဉ်တွင်မူ အပိုရရှိသော အင်တာနက်ဒေတာကို ရက် ၃၀ အထိ အသုံးပြုနိုင်သဖြင့် သုံးစွဲသူများအတွက် ပို၍အဆင်ပြေစေကြောင်း အူရီဒူးအသုံးပြုသူအချို့၏ ပြောကြားချက်များအရ သိရသည်။ **ကျော်ဇင်ဦး**

# မြောင်းမြမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မြောင်းမြ မတ် ၂**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၈ ရက်က မြောင်းမြမြို့သို့ သွားရောက်ပြီး မြရွှေဝါခန်းမ၌ မြောင်းမြခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို လမ်းညွှန်ဆွေးနွေး မှာကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြောင်းမြမြို့ ခုတင် ၂၀၀ ပြည့်သူ့ဆေးရုံ တိုးချဲ့လေးထပ်ဆောင် ဆောက်လုပ်နေမှုနှင့် မြောင်းမြတံတားသစ် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

**အောင်မင်း (မြောင်းမြ)**

# ကျေးရွာသုံးစိုက်ခင်းမှ ထင်းများ အခမဲ့ဖြန့်ဝေပေး

**တောင်သာ မတ် ၂**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော ထင်း၊ တိုင်နှင့် မျောများကို ဖြည့်ဆည်းပေးရန်အတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တည်ထောင်စိုက်ပျိုးထားသော ကျေးရွာသုံးထင်စိုက်ခင်းမှ ထင်းများကို သဖန်းပင်ကျေးရွာမှ ဒေသခံပြည်သူများထံ ဖေဖော်ဝါရီ ၂၈ ရက်က ဖြန့်ဝေပေးခဲ့သည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ် ကျေးရွာသုံးထင်း စိုက်ခင်းများ တည်ထောင်စိုက်ပျိုးလျက်ရှိရာ အဆိုပါစိုက်ခင်းများမှထွက်သည့် ထင်း ၆ ဒသမ ၆၅၁ တန်ကို သဖန်းပင်ကျေးရွာမှ ပြည်သူများထံသို့ မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးကံထွန်းနှင့် ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

တောင်သာမြို့နယ်အတွင်းမှ ကျေးရွာများအနေဖြင့် လျှပ်စစ်မီးမရှိသောကြောင့် ချက်ပြုတ်ရာတွင် ထင်းကို အမြဲအသုံးပြုနေရပြီး စည်းကမ်းမဲ့ ထင်းခုတ်ယူမှုများကြောင့် သစ်ပင်များ ပြုန်းတီးလာသဖြင့် ဦးစီးဌာနအနေဖြင့် ကျေးရွာများသို့ကွင်းဆင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသိပညာပေးဟောပြောခြင်း၊ ထင်းအစား အခြားလောင်စာအသုံးပြုရေးနှင့် စွမ်းအားမြှင့်မီးဖိုအသုံးပြုနည်း သရုပ်ပြခြင်းများကိုလည်း ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# ကိုယ့်အားကိုယ်ကိုး နမ့်နော်တံတား တည်ဆောက်ပြီးစီး၍ ဖြတ်သန်းသွားလာမှု အဆင်ပြေ

**မိုင်းယု မတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာကြန့်ကျေးရွာအုပ်စု၊ နမ့်နော်ကျေးရွာရှိ ပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန်အတွက် ယင်းကျေးရွာအဝင်၌ ဖြတ်သန်းစီးဆင်းနေသော နမ့်ဖွန်ချောင်းပေါ်တွင် ချောင်းကူးတံတားတစ်စင်းကို ဖေဖော်ဝါရီ ၂၅ ရက်မှစတင်၍ ကျေးရွာနေပြည်သူများက ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆောက်လုပ်မှုပြီးစီးသဖြင့် ကျေးရွာနေပြည်သူများ သွားလာရေး အဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားကို အမှတ်(၁၀၀၈) နယ်ခြားတပ်ရင်းမှ တပ်မှူးနှင့် တပ်မတော်သားများ၊ မြို့အုပ်ချုပ်ရေးမှူး ဦးကျော်စွာနှင့် ဝမ်တာကြန့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်ခမ်းလဲ့န်းတို့ ဦးဆောင်သော ကျေးရွာနေပြည်သူများ၏ လုပ်အားများ စုပေါင်း၍ ပြည်သူများထည့်ဝင်လှူဒါန်းငွေ ကျပ်သိန်း ၅၀ ကျော်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ တံတားမှာ အကျယ် ၁၄ ပေ၊ အရှည်ပေ ၆၀ ရှိသည့် သစ်သားတံတား အမျိုးအစားဖြစ်သည်။

နမ့်နော်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြရာ ယခု တံတားတည်ဆောက်ပြီးစီးသောကြောင့် နမ့်နော်ကျေးရွာမှ စိုက်ပျိုးရေးထွက်ကုန်များကို မိုင်းယောင်းနှင့် မိုင်းယုမြို့သို့ အလွယ်တကူ သယ်ယူပို့ဆောင် ရောင်းဝယ်နိုင်မည်ဖြစ်ကာ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူမှုရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာစေနိုင်ကြောင်း၊ အဆိုပါတံတား မတည်ဆောက်မီအချိန်က ဝါးတံတားကိုသာ အသုံးပြုနေရပြီး ဆိုင်ကယ်နှင့် လူများသာ ဖြတ်သန်းသွားလာနိုင်ကြောင်း၊ ယခု သစ်သားတံတားမှာ တာရှည်ခံသော ကွန်ကရစ်တံတား မဟုတ်သော်လည်း ယခင်ဝါးတံတားထက် အဆပေါင်းများစွာ ကောင်းမွန်သောကြောင့် ယခု တံတားပြီးစီးခြင်းအတွက် ဝမ်းမြောက်ကြောင်း ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

# ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု

**ကျိုက်ထို မတ် ၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ချောင်းဝကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) အရ ကျေးရွာလူထုက ဆောင်ရွက်နေသည့် လမ်းခင်းခြင်းလုပ်ငန်းနှင့် မြစိမ်းရောင် စီမံကိန်း ရန်ပုံငွေများဖြင့် ကျေးရွာနေပြည်သူများက ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကို ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် အဖွဲ့ဝင်များက ကျေးရွာများမှ စီမံကိန်းကော်မတီဝင်များနှင့်အတူ ဖေဖော်ဝါရီ နောက်ဆုံးပတ်အတွင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဗထူး**

# စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းသင်္ကြန်ရေကစားပွဲတော် စည်ကားစွာကျင်းပမည်

**မုံရွာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းဘေး ဇက်ဆိပ်အနီးရှိ သဲသောင်ပြင်ပေါ်၌ ချင်းတွင်းသင်္ကြန်ရေကစားပွဲတော်ကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ခြောက်ရက်ကြာ ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ၊ နောက်ပြီး ကြွယ်ဝပေါများလှတဲ့ ကျွန်တော်တို့ရဲ့ရိုးရာဓလေ့နဲ့ အမွေအနှစ်တွေကို ဒီပွဲကြီးကနေတစ်ဆင့် ဖော်ထုတ်ပြသသွားမှာ ဖြစ်ပါတယ်၊ သင်္ကြန်ကာလဆိုတာဟာ မြန်မာနိုင်ငံရဲ့လုပပြီးအဓိပ္ပာယ်ရှိလှတဲ့ တန်ဖိုးအနှစ်သာရတွေကို ထုတ်ဖော်ပြသဖို့ အသင့်တော်ဆုံး အချိန်အခါသမယတစ်ခုဖြစ်တဲ့အပြင် လူငယ်တွေအတွက်လည်း ပျော်ရွှင်စိတ်လှုပ်ရှားစရာ အစီအစဉ်တွေကို ဖန်တီးပေးဖို့ အကောင်းဆုံးအချိန် ဖြစ်တဲ့အတွက် နိုင်ငံတကာနဲ့ ပြည်တွင်းက ခရီးသွားဧည့်သည်တွေအနေနဲ့ ဒီပွဲတော်ကြီးကို အတူတကွ လာရောက်ဆင်နွှဲပြီး ကျွန်တော်တို့ရဲ့ရိုးရာဓလေ့တွေ ထုတ်ကုန်တွေကို ကြည့်ရှုခံစားဖို့ ဖိတ်ခေါ်လိုပါတယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့အနေနဲ့ ဆက်လက်ပံ့ပိုးကူညီသွားမှာဖြစ်ပြီး ရိုးရာဓလေ့ လက်မှုအနုပညာနဲ့ ကောင်းမွန်လှတဲ့ ဒေသထွက်အစားအသောက်တွေကို ပြသဝေမျှချင်ကြတဲ့ ပြည်သူတွေကိုလည်း ပံ့ပိုးကူညီမှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်၊ ဒါ့အပြင် ဒီဒေသခံတွေဖြစ်ကြတဲ့ နယ်ပယ်အသီးသီးက အနုပညာရှင် အတတ်ပညာရှင်တွေကိုလည်း ဒီချင်းတွင်းသင်္ကြန် ရေကစားပွဲတော်မှာ လာရောက်ပါဝင်ကူညီဖို့ဖိတ်ခေါ်လိုပါတယ်”ဟု ချင်းတွင်းသင်္ကြန်အစီအစဉ်ကို ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်မည့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြတ်ကျော်ကျော်က “အခြားအဖွဲ့အစည်းတွေနဲ့ပူးပေါင်းဆောင်ရွက်ရမှာကို ကျွန်တော်တို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်၊ နောက်ပြီး ဒီချင်းတွင်းသင်္ကြန် ရေကစားပွဲတော်ကြီး ဖြစ်မြောက်ဖို့ကူညီဆောင်ရွက်ပေးတဲ့ Friends of Sagaing အဖွဲ့ကိုလည်း ကျွန်တော်တို့အနေနဲ့ အလွန်ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်၊ ကျွန်တော်တို့ရဲ့ ချင်းတွင်းသင်္ကြန် ရေကစားပွဲတော်မှာ ကလေးတွေဆော့ကစားဖို့နေရာ၊ ရေကစားဖို့နေရာ၊ မြစ်ရေစပ်ကမ်းခြေနေရာ၊ သဲပန်းပု အနုပညာဖန်တီးနိုင်မယ့် နေရာတွေအပြင် ယဉ်ကျေးမှုဆိုင်ရာပြခန်းတွေအတွက်လည်း သီးသန့်နေရာတွေ ထားရှိသွားမှာဖြစ်တဲ့အတွက် မည်သူမဆို လာရောက်အပန်းဖြေနိုင်မှာဖြစ်ပြီး ဒီပွဲတော်ကြီးကို ကျင်းပခြင်းအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အစိုးရဌာနဆိုင်ရာများ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပြည်သူတွေအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်မားလာမယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်”ဟု ပွဲတော်ကျင်းပမည့် အစီအစဉ်နှင့်ပတ်သက်၍ ပြောကြားသည်။

ချင်းတွင်းသင်္ကြန် ရေကစားပွဲတော်သည် ရေကစားပွဲတစ်ခုသာမက ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်များအား တစ်ဖက်တစ်လမ်းမှ အားပေးကူညီမှုများ ပြုလုပ်သွားရန်အတွက် ပထမအဆင့် ခြေလှမ်းတစ်ရပ်လည်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မုံရွာဒေသသည် ကြွယ်ဝများပြားလှသည့် သဘာဝသယံဇာတများအပြင် သမ္ဗုဒ္ဓေဘုရား၊ မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာဘုရားနှင့် ဖိုလ်ဝင်တောင် အစရှိသည့် သမိုင်းဝင်ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များဖြင့် ပြည့်နက်နေသည့် နေရာဒေသတစ်ခုဖြစ်သည့်အတွက် ချင်းတွင်းသင်္ကြန် ရေကစားပွဲတော်သို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအနေဖြင့် စိတ်လှုပ်ရှားဖွယ် အတွေ့အကြုံအသစ်များလည်း ရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ဂျပန်အစိုးရလှူဒါန်းသော ကျောင်းဆောင်သစ်သုံးဆောင် လွှဲပြောင်းပေးအပ်

**ကျိုင်းလပ် မတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းလပ်မြို့နယ်ခွဲ မိုင်းပါလျှိုးအုပ်စုအတွင်းမှ ဝမ်မီးမိုင်၊ နမ့်ဖြန်နှင့် နမ့်ကိုင်းကျေးရွာတို့ရှိ အခြေခံပညာကျောင်း သုံးကျောင်း၌ ဂျပန်နိုင်ငံ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူတို့မှ လှူဒါန်းသော အမေရိကန်ဒေါ်လာ ၂၈၅၂၅၃ တန်ဖိုးရှိ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ အတွင်းဝန်(၃) Ms.Ayano



SuZuki၊ မိုင်းဖြတ်ခရိုင်ပညာရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်ထွန်းနှင့် ကျေးရွာတာဝန်ရှိသူများက ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ အတွင်းဝန်(၃)က ကျောင်းဆောင်သစ်လှူဒါန်းခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် အိပ်မက်ရွာဆောက်လုပ်ရေးကုမ္ပဏီမှ ဒါရိုက်တာ ဦးနေမျိုးဦးက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ဒုတိယ မြို့နယ်ပညာရေးမှူး ဦးညွန့်ဝင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

၂၀၁၅ ခုနှစ်က ဖြစ်ပွားခဲ့သော ရေဘေးဒဏ်ကြောင့် ကျိုင်းလပ်မြို့နယ်ခွဲရှိ နမ့်ဖြန်၊ နမ့်ကိုင်းနှင့် ဝမ်မီးမိုင်ကျေးရွာများ တစ်ရွာလုံး နေရာအသစ်သို့ ပြောင်းရွှေ့ခဲ့ရပြီး ကျောင်းသူ ကျောင်းသားများမှာ ဘုရားကျောင်းတွင် ပညာသင်ကြားခဲ့ရကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍကို ထောက်ပံ့ကူညီရန်အတွက် ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူတို့ ပူးပေါင်း၍ ကျောင်းဆောင်သုံးဆောင်ကို လှူဒါန်းခြင်းဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ ၆၂၇၉၃ တန်ဖိုးရှိ နမ့်ဖြန် အခြေခံပညာမူလတန်းကျောင်း၊ အမေရိကန်ဒေါ်လာ ၉၄၄၃၈ တန်ဖိုးရှိ ဝမ်မီးမိုင် အခြေခံပညာမူလတန်းကျောင်းနှင့် အမေရိကန်ဒေါ်လာ ၁၂၈၀၂၂ တန်ဖိုးရှိ နမ့်ကိုင်း အခြေခံပညာအလယ်တန်းကျောင်းခွဲတို့ကို တည်ဆောက်လှူဒါန်းခဲ့ရာ လုပ်ငန်းများပြီးစီးသဖြင့် လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် ကျောင်းပေါင်း ၄၀၀ ကျော်ကို ကျောင်းဆောင်များ ပြန်လည်တည်ဆောက်ရန်နှင့် ကျောင်းပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာစေရန် ပြုပြင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် ဂျပန်အစိုး၏ အသေးစားစီမံကိန်းများထောက်ပံ့ရေး အစီအစဉ်အရ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကျေးရွာ ကိုးရွာကို အကျိုးပြုနေသည့်တံတားကြီး ပျက်စီးနေ၍ အမြန်ပြုပြင်ပေးစေလို

**ဆီဆိုင် မတ် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း နောင်လိတ်ကျေးရွာ၊ တောင်သာ ကျေးရွာ၊ လာဇရှုံးကျေးရွာနှင့် တရောက် (ခ) ပင်လေကျေးရွာကြားဆက်သွယ်ထားသော ကျေးရွာချင်းဆက် လမ်းပေါ်ရှိ နမ့်တဘက်ချောင်းမကြီးကိုဖြတ်ကျော်သော သစ်သားတံတားကြီးမှာ ဒေသတွင်းရှိ ကျေးရွာကိုးရွာမှ ပြည်သူများ အားထားအသုံးပြုနေရသော တံတားကြီးဖြစ်သည်။

အဆိုပါသစ်သားတံတားကြီးသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၃၀ ရှိနေပြီဖြစ်၍ ယခုအခါ တံတားအောက်ခြေတိုင်များ၊ ခင်းကျင်းထားသော သစ်သားများမှာ ဆွေးမြည့်ပျက်စီးနေပြီး ခိုင်ခံ့မှုမရှိတော့ဘဲ တံတားတစ်စင်းလုံးမှာလည်း တစ်ဖက်သို့ယိုင်၍ လဲပြိုကျသွားမည့် အခြေအနေဖြစ်နေ၍ တံတားကို အားထားနေရသော ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်လျက်ရှိကာ သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

“ပစ္စည်းနည်းနည်းလေး တင်ရင် တံတားက ရမ်းနေတော့ ကြောက်မိတယ်၊ ခါတိုင်း ပြောင်းဖူးအိတ်ပေါင်း ၃၅ အိတ် ဝန်းကျင်လောက် တင်တယ်၊ အခုက ၂၈ အိတ်တောင် မတင်ရဲတော့ဘူး” ဟု ဒေသခံယာဉ်မောင်းတစ်ဦးက ပြောသည်။ ဒေသခံတစ်ဦးဖြစ်သည့် မြေနီကျေးရွာမှ ဦးစိုင်းစံလူးကလည်း “မိုးတအားရွာရင်တော့ မျောပါသွားနိုင်တယ်၊ တံတားက တစ်ဖက်ကိုယိုင်ပြီး လဲကျတော့မယ်၊ ဒီမိုးတွင်း မခံနိုင်တော့ဘူး” ဟု ပြောသည်။



အဆိုပါ တံတားကို ဒေသတွင်း ကျေးရွာများမှ ပြည်သူများက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် တည်ဆောက်ထားခဲ့ခြင်းဖြစ်ကာ အရှည် ပေ ၁၅၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၅ ပေရှိ သစ်သားတံတားအမျိုးအစားဖြစ်ကြောင်း၊ တံတားကို တောင်သာ၊ လာဇရှုံး၊ တရောက်၊ နောင်လိတ်၊ ကူမွန်း၊ ဖာလိုင်၊ ကုန်းဆွတ်၊ နောင်ယွေး၊ မြေနီကျေးရွာတို့မှ ဒေသခံပြည်သူများအနေဖြင့် အားထားအသုံးပြုနေရကာ အိမ်ခြေ ၄၃၀ မှ လူဦးရေ ၁၈၀၀ ခန့်အတွက် အရေးပါသော တံတားတစ်စင်းဖြစ်သောကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်များအရ သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းသူများအား ထိရောက်စွာအရေးယူပေးရန် ဒေသခံများလိုလားနေ

**ရေစကြို မတ် ၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် တရားမဝင် ဘက်ထရီရှော့ခ်တိုက်၍ ငါးဖမ်းနေသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ထိရောက်စွာ အရေးယူပေးခြင်းဖြင့် ဧရာဝတီမြစ်အတွင်းရှိ ငါးမျိုးစိတ်များကို ကာကွယ်ထိန်းသိမ်းပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

"မြစ်ကြောင်းတစ်လျှောက်မှာ စက်တပ်လှေအသေးစားတွေနဲ့ အုပ်စုလိုက် တန်းစီပြီး ရှော့ခ်တိုက်ငါးဖမ်းကြတာ လှေရှစ်စင်းကနေ အစင်း၂၀ ထိရှိတယ်၊ အဖွဲ့လိုက်လာကြတာ သူတို့ကို ဘယ်သူမှ သွားမပြောရဲဘူး၊ သူတို့လှေနား ဘယ်သူမှ အကပ်မခံဘူး၊ ကပ်လာရင် ရန်ရှာတော့တာ၊ မြစ်ကမ်းပေါ်က ဓာတ်ပုံရိုက်ရင်တောင် လေးဂွနဲ့လှမ်းပစ်တာ"ဟု ရေစကြိုမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းဘေးရှိ ကျေးရွာတစ်ရွာမှ ပြည်သူတစ်ဦးက ပြောသည်။

"ဧရာဝတီမြစ်မှာ ငါးသယံဇာတ တစ်နှစ်နဲ့တစ်နှစ် အတော်နည်းသွားပြီ၊ ဒီငါးရှော့ခ်တိုက်တဲ့ ဘက်ထရီတွေက အားအတော်ပြင်းတယ်၊ ရှေ့လှေ ဆယ်စင်းလောက်က ဝါးတစ်ရိုက်အကွာလောက်ကနေ တန်းစီပြီး ရှော့ခ်တိုက်သွားတယ်၊ နောက်လှေ ဆယ်စင်းလောက်က လိုက်ကောက်တယ်၊ လှေတစ်စင်းမှာ လူသုံးယောက်လောက်ပါတယ်၊ သူတို့လှေတွေကလည်း အတော်မြန်ပြီး မြစ်ကြောင်းသွားသင်္ဘောကြီးတွေနားက ဖြတ်သန်းသွားလို့အပေါ်အမြင့်ကြီး လှိုင်းနဲ့မြောက်သွားတာတောင် မမှောက်အောင်ထိန်းနိုင်တယ်၊ အတွေ့အကြုံရင့် ဝါရင့်တဲ့ တရားမဝင် ဘက်ထရီရှော့ခ်တိုက် ငါးခိုးဖမ်းသူတွေဖြစ်နိုင်တယ်"ဟု ၎င်းက ဆက်ပြောသည်။


ဧရာဝတီမြစ်အတွင်း ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းနေသော လှေအုပ်စု

တရားမဝင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းခြင်းများကို ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း ကြေညာထားမှုများရှိသော်လည်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် စက်တပ်လှေငယ်များဖြင့် အုပ်စုဖွဲ့၍ ဘက်ထရီရှော့ခ်တိုက် ဖမ်းဆီးနေသည်များကို တွေ့မြင်နေရပြီး ထိုသို့ဖမ်းဆီးခြင်းများသည် မြစ်ကြောင်းအတွင်းရှိ ရေနေသတ္တဝါမျိုးစိတ်များကို ပျောက်ကွယ်သွားစေနိုင်သည့် အခြေအနေမျိုးအထိ ဖြစ်စေနိုင်သဖြင့် အဆိုပါ တရားမဝင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းနေကြသူများအား သက်ဆိုင်ရာအနေဖြင့် ဖမ်းဆီး၍ ထိရောက်စွာ အရေးယူပေးရန် ဒေသခံပြည်သူများနှင့် ဘက်ထရီဖြင့်မဖမ်းဘဲ ရိုးရိုးငါးဖမ်းကြသည့် တံငါလုပ်ကိုင်ကြသူများက မျှော်လင့်လျက်ရှိကြကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# နွေသီးနှံများ ပိုမိုစိုက်ပျိုးနိုင်ရန် ထန်းတပင်ရေလှောင်တမံကို ပြန်လည်ပြုပြင်လျက်ရှိ

**မြိုင် မတ် ၂**

ပခုက္ကူခရိုင် မြိုင်မြို့နယ် ပေါက်ခေါင်းကျေးရွာအနီးရှိ ဆည်ဟောင်းတစ်ခုဖြစ်သော ထန်းတပင်ရေလှောင်တမံကို ပြန်လည်ပြုပြင်လျက်ရှိရာ အဆိုပါဆည်ကြီး ပြုပြင်ပြီးစီးပါက ဆည်ရေသောက်စိုက်ဧက ၉၂ ဧကကို အောင်မြင်စွာ စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"ဒီ ၉၂ ဧကဟာ အရင်က ရေတံခါးမကောင်းတာတို့၊ ရေထုတ်ပြွန်မကောင်းတာတို့ကြောင့် ရေကပိတ်လို့မရတာကြောင့် ရေအလေအလွင့်ဖြစ်ခဲ့ပါတယ်၊ အခုကျတော့ ရေထုတ်ပြွန်အသစ်လုပ်မှာဆိုတော့ ရေလေလွင့်မှုလည်း မရှိတော့ဘူး၊ မိုးစပါးပြီးတဲ့ အချိန်မှာလည်း ရေလှောင်နိုင်မယ်ဆိုရင် နောက်ထပ် နွေသီးနှံတစ်ခုခုစိုက်ပျိုးနိုင်မယ့် အဆင့်ထိအောင်ရောက်ရှိမှာ ဖြစ်ပါတယ်၊ ဆည်မပြင်ခင်က ဆည်ရေသောက် ၉၂ ဧက ရှိပေမယ့် တကယ်တမ်းစိုက်တာက ဧက ၄၀၊ ၅၀ ပဲရှိတယ်၊ စိုက်တော့စိုက်တယ် ကျန်တဲ့စိုက်ခင်းတွေက အောင်မြင်ဖြစ်ထွန်းမှုမရှိဘူး၊ အခုဟာက ဆည်ပြီးရင် ၉၂ ဧက အောင်အောင်မြင်မြင်စိုက်နိုင်တဲ့အပြင် ရေလှောင်တဲ့အားအပေါ်မူတည်ပြီး နွေသီးနှံပါ ထပ်စိုက်နိုင်ပါမယ်"ဟု ပခုက္ကူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း) မှ ဦးစီးမှူး (မြို့ပြ) ဦးကျော်မင်းထွန်းက ပြောကြားသည်။



အဆိုပါ ထန်းတပင်ရေလှောင်တမံ ပြန်လည်ပြုပြင်ခြင်းတွင် တမံမြေသားပေါင်မြှင့်ခြင်း၊ ရေပိုလွှဲတစ်ခုတည်ဆောက်ခြင်း၊ ရေထုတ်ပြွန်အသစ်တည်ဆောက်ခြင်းတို့ ပါဝင်ပြီး ပြည်ထောင်စုရန်ပုံငွေ ကျပ်သိန်းပေါင်း ၂၁၀၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တမံပေါင်အလျား ပေ ၁၆၀၀၊ တမံ အမြင့် ၄၂ ပေ၊ ဆည်ရေသောက် ဧရိယာ ၉၂ ဧကနှင့် ကန်ရေပြည့် ရေဝပ်ဧရိယာ ဧက ၃၀ ရှိသည့် တာတမံတစ်ခုအဖြစ် ပြန်လည်ပြုပြင်တည်ဆောက်နေခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ၅၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ မတ်လကုန်ခန့်တွင်လုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**အိမ့်နွန်ဆွေ (ရေစကြို)**

# မြစ်ရေစုပ်ယူသည့်စက်ရုံအနီး သန့်ရှင်းမှုရှိစေလို

**ဖျာပုံ မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၏ နှစ်များစွာတွေ့ကြုံနေရသည့် သောက်သုံးရေအခက်အခဲကို ဂျပန်နိုင်ငံမှ နှစ်ရှည်ချေးငွေရယူပြီး (JICA)စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၁၇ မေလမှစတင်ပြီး မြို့မရပ်ကွက် ၁၃ ခုမှ အိမ်ထောင်စုပေါင်း ၄၀၀၀ ကျော်ရှိ လူဦးရေ ၃၀၀၀၀ ကျော်အတွက် ရေချို ရေကောင်းရေသန့်များ လုံလောက်စွာဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။

မြစ်ရေသန့်သုံးစွဲလာသည့်ကာလမှာ ယခုအချိန်တွင် ၁၀ လခန့် ရှိလာပြီဖြစ်သည်။ စတင်သုံးစွဲခဲ့ချိန်က ပြည်သူများအနေဖြင့် သံသယစိတ်ဖြင့် သုံးစွဲခဲ့သော်လည်း မြစ်ရေသန့်၏ အရည်အသွေးကောင်းမွန်ခြင်း၊ ပေးဆောင်ရသည့်ဝန်ဆောင်ခ သက်သာခြင်း၊ ရေပေးဝေချိန်နှင့် ရရှိသည့်ရေပမာဏများခြင်းတို့ကြောင့် ပြည်သူများ ယုံကြည်လက်ခံ အားထားအသုံးပြုလာကြပြီဖြစ်၍ သတ်မှတ်ထားသည့် ရေသွယ်တိုင်များပင် ပြည့်တော့မည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဖျာပုံမြို့ပန်းခြံအနီးမှ မြစ်ရေစုပ်ယူနေသည့် စက်ရုံအနီးတွင် စက်တပ်ရေယာဉ်များ ဖြတ်သန်းမောင်းနှင်ခြင်းနှင့် စက်တပ်ရေယာဉ်ကြီးငယ်များ ကျောက်ချရပ်နားခြင်းမပြုရန် ကန့်သတ်တားမြစ်ထားသော်လည်း လိုက်နာမှုမရှိကြသဖြင့် ဖျာပုံမြစ်ရေကို ပို၍ညစ်ညမ်းစေကာ မြစ်ရေသန့်သုံးစွဲသူများအဖို့လည်း စိတ်အနှောင့်အယှက်ဖြစ်စေသဖြင့် အဆိုပါ မြစ်ရေစုပ်ယူသည့်နေရာ၌ ရေယာဉ်များရပ်နားခြင်းမရှိဘဲ ကန့်သတ်တားမြစ်ချက်ကို လိုက်နာစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် အလေးထား ကြပ်မတ်ဆောင်ရွက်ပေးရန် မြစ်ရေသန့်သုံးစွဲနေကြသည့် ပြည်သူများက လိုလားလျက်ရှိနေကြကြောင်း သိရသည်။

**အောင်ဝင်း (ဖျာပုံ)**

# အခြေခံစက်ချုပ်ပညာ သင်တန်းဆင်းပွဲကျင်းပ

**ကျုံပျော် မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပေးခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အိမ်တွင်းမှုဆိုင်ရာ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်သင်တန်းသူများအား ဆုများ ပေးအပ်ခဲ့သည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

# စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များလှူဒါန်း

**ရိခေါဒါရ် မတ် ၂**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်နှင့် မြို့နယ်အတွင်းမှ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ရိခေါဒါရ်မြို့ ပြန်/ဆက်ရုံး Community Centre ခန်းမ၌ ကျင်းပခဲ့သည်။

စာအုပ်လှူဒါန်းပွဲတွင် ပြန်/ဆက်ဦးစီးမှူး ဦးလာလ်ပက်လောမ်က ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ စာအုပ်စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောပြီး စာအုပ်အလှူရှင် ဒေါ်လျန်ကိပ်ဆုန်း မိသားစုက ပြည်သူ့စာကြည့်တိုက်နှင့် ကျေးရွာစာကြည့်တိုက် ငါးတိုက်အတွက် ဝတ္ထု၊ မဂ္ဂဇင်းနှင့် ရုပ်ပြစာအုပ် စုစုပေါင်း ၆၂၄ အုပ်ကို ပေးအပ်လှူဒါန်းခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျေးလက်ဒေသ ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်လုပ်ငန်း ဖွင့်ပွဲကျင်းပ

**ဝန်းသို မတ် ၂**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် မြောက်ရွာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ယူဆောင်ရွက်ခဲ့သည့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဖွင့်ပွဲကို မတ် ၁ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးမြတ်မျိုးထွန်းက ရေရရှိရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖ တစ်ဦးတို့က ရေသွယ်ယူရေးလုပ်ငန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တည်ဆောက်ထားသော ရေလှောင်ကန်နှင့် ကျေးရွာတွင်း တည်ဆောက်ထားသော ရေငုတ်များကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ဘိုဘို(မလှိုင်)**

# မူခင်းကျဆင်းရေးအသိပညာပေးဟောပြော

**မန္တလေး မတ် ၂**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အမှတ် - ၁၁ နယ်မြေ ရဲစခန်းပိုင် နယ်မြေအတွင်း မြို့သစ် ၅ ရပ်ကွက် ၆၆×၆၇ လမ်းကြား၊ စိန်ပန်းလမ်းရှိ အထက- ၂၆ကျောင်းရှေ့၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီတွင် မူခင်းပြခန်းယာဉ်ဖြင့် မူခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရုံးမှဒုတိယရဲမှူး ဇင်မင်းကိုနှင့်အဖွဲ့၊ အမှတ် -၁၁ နယ်မြေရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ဇော်နိုင်နှင့်အဖွဲ့၊ အမှတ် - ၈၉ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး သိုက်နိုင်ထွန်းနှင့်အဖွဲ့၊ အမှတ်-၁၈ မီးသတ်ဖွဲ့စု(တောင်ပိုင်း)ဒုရဲအုပ်ဇော်ဇော်ထွေးနှင့်အဖွဲ့တို့က မူခင်းကျဆင်းရေးအသိပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြရာ အထက- ၂၆ ကျောင်းအုပ်ဆရာမကြီးဒေါ်ယုယုမေနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၀၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြပြီး မူခင်းကျဆင်းရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

(၆၉) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့ရှိ ပအိုဝ်းအမျိုးသားနေ့ ဘက်စုံဖွံ့ဖြိုးရေးကွင်း၌ ဇန်နဝါရီ ၃၁ ရက်မှ မတ် ၁ ရက်အထိ ကျင်းပလျက်ရှိပြီး ပအိုဝ်းတိုင်းရင်းသားများ အကများဖြင့် ဖျော်ဖြေနေစဉ်။

ဓာတ်ပုံ - စိုးညွန့်



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာဓာတုစေတီယစွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ ဝတ္တကမြေအတွင်း၌ အောက်ဖော်ပြပါလုပ်ငန်းများကို ၁-၄-၂၀၁၈ ရက်မှ ၃၁-၃-၂၀၁၉ ရက်အထိ လုပ်ငန်းရှင်များအား ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**လုပ်ငန်းများ**

၁။ ယာဉ်ရပ်နားစခန်း
၂။ ဓာတ်ပုံရိုက်လုပ်ငန်း
၃။ သန့်စင်ခန်းလုပ်ငန်း(အပြင်)
၄။ ပန်းရောင်းချခြင်းလုပ်ငန်း
၅။ ငါးစာတင်သွင်းခြင်း၊ ရောင်းချခြင်းနှင့် ဘေးမဲ့သက်လွှတ်ငါးရောင်းချခြင်းလုပ်ငန်း
၆။ အောင်ဘာလေထီရောင်းချခြင်းလုပ်ငန်း
၇။ ခိုစာနှင့် ဘေးမဲ့သက်လွှတ်ငှက်များ ရောင်းချခြင်းလုပ်ငန်း
၈။ မင်္ဂလာကန်ပေါင်သန့်စင်ခန်းလုပ်ငန်း
၉။ မင်္ဂလာကန်ပေါင်ယာဉ်ရပ်နားစခန်းလုပ်ငန်း
၁၀။ ဖိနပ်အပ်နှံခြင်းလုပ်ငန်း
၁၁။ အထူးနှင့်သာမန်သန့်စင်ခန်း(အတွင်း)

**တင်ဒါပိတ်မည့်ရက်** - ၂၀၁၈ ခုနှစ် မတ် ၉ ရက် ညနေ ၃း၀၀နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့ရုံး

**မှတ်ချက်-** တင်ဒါပုံစံတစ်စုံလျှင် ၂၀၀၀ိ/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၊ ရုံးအဖွဲ့မှူးထံတွင် အသေးစိတ်စုံစမ်းဝယ်ယူတင်သွင်းနိုင်ပါသည်။
- တင်ဒါပုံစံများကို ၇-၃-၂၀၁၈ ရက်မှ စတင်ရောင်းချသွားပါမည်။

**ဂေါပကအဖွဲ့**
**စွယ်တော်မြတ်စေတီတော်(ရန်ကုန်)**
**ဖုန်း-၆၆၄၄၉၈၊ ၆၅၀၄၈၄**

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး**

## အိတ်ပိတ်လေလံခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်အိမ်ရာရှိ ခြောက်ခန်းတွဲ လေးထပ်အဆောက်အအုံဟောင်း ၁၁ လုံးအား ဖြိုဖျက်ရှင်းလင်းနိုင်ရေးအတွက် လေလံတင်ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် အိတ်ပိတ်လေလံတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) **လေလံလျှောက်လွှာ ရောင်းချမည့်ရက်** - ၃-၃-၂၀၁၈ ရက်မှ ၁၇-၃-၂၀၁၈ရက်အထိ (ရုံးချိန်အတွင်း)
(ခ) **လေလံလျှောက်လွှာ တင်သွင်းရမည့်နေရာ** - မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊ အမှတ် ၂၂၈/၂၃၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်
(ဂ) **လေလံလျှောက်လွှာ တင်သွင်းရမည့်ရက်** - ၁၉-၃-၂၀၁၈ ရက် (ရုံးချိန်အတွင်း)

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၃၇၅၀၃၇၊ ၀၁-၃၈၇၂၆၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အဆောက်အအုံဟောင်းများဖျက်သိမ်းရှင်းလင်းရေးကော်မတီ**

---

## CLAIMS DAY NOTICE
## M.V GRAND CHOICE VOY:NO(7)

Consignees of cargo carried by M.V GRAND CHOICE VOY:NO(7) are here by notified that the vessel will arrive on about 5-3-18 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန၊ သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားများပိုင် တရားဝင်အသိအမှတ်ပြု (လိုင်စင်ရကုမ္ပဏီ)များထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် တင်ဒါခေါ်ယူအပ်ပါသည်။

(က) OG Ward ရှိ Labour room complex ပြုပြင်ခြင်း
(ခ) Air-con(1.5)HP (၁၈)လုံးတပ်ဆင်ခြင်း

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၂-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်** - ၈-၃-၂၀၁၈ ရက် ညနေ ၄း၀၀

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလုပ်ငန်းကော်မတီ**
**သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး**
**ဒေါက်တာ ဒေါ်သန်းလှ (ဆမ-၁၁၇၀၈) ဆေးရုံအုပ်ကြီး**
**သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး**

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အဆောက်အဦ ဦးစီးဌာန**
**မွန်ပြည်နယ်၊ အဆောက်အဦ ဦးစီးဌာန၊ မော်လမြိုင်မြို့**

## အိတ်ဖွင့်တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

မွန်ပြည်နယ်၊ အဆောက်အဦ ဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အဆောက်အဦ ဦးစီးဌာနသို့အပ်နှံသည့် အဆောက်အဦသစ်ဆောက်လုပ်ခြင်းလုပ်ငန်းအား ဘဏ္ဍာနှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ရန်(မြန်မာကျပ်ငွေဖြင့်) အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်။

(၁) **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၆-၃-၂၀၁၈ ရက် (ရုံးချိန်အတွင်း)
(၂) **တင်ဒါအဆိုပြုလွှာရယူနိုင်မည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး အဆောက်အဦ ဦးစီးဌာန၊ မွန်ပြည်နယ်
(၃) **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက်/အချိန်**
(က) **ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့် စံချိန်စံညွှန်းများ အဆိုပြုလွှာ** - ၁၉-၃-၂၀၁၈ ရက် ညနေ ၄ နာရီ
(ခ) **အဆောက်အဦလုပ်ငန်းတန်ဖိုး အဆိုပြုလွှာ** - ၂၀-၃-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီ
(၄) **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၂၀-၃-၂၀၁၈ရက် မွန်းလွဲ ၁ နာရီ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး မွန်ပြည်နယ်၊ မော်လမြိုင်မြို့

**မှတ်ချက်။** ။ အသေးစိတ်သိလိုပါက မွန်ပြည်နယ်၊ အဆောက်အဦ ဦးစီးဌာန ဖုန်း-၀၉-၇၃၇၉၀၅၄၉၊ ၀၉-၄၅၂၄၉၂၄၅၄ တို့တွင် လေ့လာမေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အဆောက်အဦ ဦးစီးဌာန၊ မွန်ပြည်နယ်**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ဟ/၇၉၄၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (မုံရွာ)**

---

**(ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၈ဃ/၄၁၃၈၉ Star mm-125-2 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ စစ်တွေမြို့၊ ရဲနွယ်စုရပ်ကွက်နေ ဦးကျော်ဇောဦး ၁၁/စတန(နိုင်)၀၀၁၇၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

---

## အမြန်ဆက်သွယ်ပါရန်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီး၊ လမ်းခွကျေးရွာ၊ ညောင်ပင်ရပ်ကွက်၊ အိမ်အမှတ်(၄၉)နေ ဦးလမိုင်လဂေါင် (TGI/၀၁၉၀၉၀) သည် ၂၅-၄-၁၉၉၈ ခန့်က နေအိမ်မှထွက်သွားရာ ယနေ့အချိန်ထိ အဆက်အသွယ်မရပါသဖြင့် အမြန်ဆက်သွယ်ပါရန်။

**အစ်ကိုဖြစ်သူ ဦးလမိုင်နော်လွမ်**
**၁/မကတ(နိုင်)၀၁၈၁၂၂**
**ဖုန်း-၀၉-၂၅၆၂၈၈၆၃၄**

---

## လေလံကြော်ငြာ

ပခုက္ကူခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ပုံစံ(၈)ဝင် အုပ်စု(၂)နှင့် အခြားသစ်လုံး/ခွဲသား/ထင်း/မီးသွေးများအား အောက်ပါအတိုင်း လေလံတင်ရောင်းချပါမည်။

| စဉ် | မြို့နယ် | အခြားသစ် | အခြားခွဲသား | ထင်း | မီးသွေး | လေလံတင် ရောင်းချမည့်ရက် |
|---|---|---|---|---|---|---|
| ၁ | ပခုက္ကူ | ၆၅.၁၉၆၀ | - | - | ၃၅.၂၀၀၀ | ၆-၃-၂၀၁၈ ၀၉း၃၀နာရီ |
| ၂ | ပေါက် | ၈.၄၇၆၈ | ၃၉.၄၅၃၄ | ၁၃.၁၆၇၀ | ၁၆.၆၄၀၀ | |
| ၃ | မြိုင် | ၀.၄၀၅၀ | ၀.၄၁၀၈ | - | ၃.၂၀၀၀ | |
| ၄ | ဆိပ်ဖြူ | ၃.၆၈၀၂ | ၁.၂၀၉၄ | - | ၆၈.၀၀၀၀ | |

လေလံဆွဲဝယ်ယူလိုသူများသည် ၅-၃-၂၀၁၈ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပခုက္ကူခရိုင် သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးသို့ လာရောက်စာရင်းသွင်း လျှောက်ထားပါရန်နှင့် လေလံစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ လာရောက်စုံစမ်းလေ့လာနိုင်ပါကြောင်း ကြေညာအပ်ပါသည်။ (လေလံအောင်ပစ္စည်းများအား တိုင်းကျော်သယ်ယူခွင့်ပြုမည် မဟုတ်ပါ။)

**လေလံတင်ရောင်းချရေးအဖွဲ့**
**ပခုက္ကူခရိုင်သစ်တောဦးစီးဌာန၊ ပခုက္ကူမြို့**

---

## ၂၀၁၈၊ (၆)လ ဘဏ္ဍာရေးနှစ်အတွက် အသားထုတ်လုပ်ခွင့်လိုင်စင်များ လျှောက်ထားနိုင်

၂၀၁၈၊ (၆)လ ဘဏ္ဍာရေးနှစ်(၁-၄-၂၀၁၈ရက်မှ ၃၀-၉-၂၀၁၈)ရက်အထိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနက သတ်မှတ်ထားသော သတ်ရုံနှင့်နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည့် အသားထုတ်လုပ်ခွင့်လိုင်စင် (ကျွဲ၊ နွား၊ သိုး၊ ဆိတ်)ရွာသာကြီး၊ (ဝက်)ရွာသာကြီး၊ (ဝက်)ရွာမ၊ (ကျွဲ၊ နွား၊ သိုး၊ ဆိတ်) မွေးမြူရေးနှင့် မွေးမြူရေးထွက်ကုန်ပစ္စည်းထုတ်လုပ်ရေးဇုန်၊ လှိုင်သာယာ၊ (သိုး-ဆိတ်)ရွှေပြည်သာ၊ မြို့နယ်အတွင်း အသားထုတ်လုပ်ခွင့်(ဒလမြို့နယ်/ကျွဲ၊ နွား၊ ဝက်)နှင့် (ဆိပ်ကြီးခနောင်တို မြို့နယ်/ကျွဲ၊ နွား) လိုင်စင်တို့၏ အသားထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာများကို တစ်စုံလျှင် (၃၀၀၀ိ/-)နှုန်းဖြင့် ၂၇-၂-၂၀၁၈ ရက်မှစ၍ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန(ရုံးချုပ်)၊ (၁၂)ထပ်ခွဲရုံး၊ သတ္တမထပ်၊ (၄၆)လမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းကြား၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ဝယ်ယူ၍ ၉-၃-၂၀၁၈ရက် နောက်ဆုံးထားပြန်လည်တင်ပြလျှောက်ထားရမည်။

**ဌာနမှူး**
**တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန**

---

## ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသို့ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် (PE) နှင့် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်(RSE )များလျှောက်ထားခဲ့ပြီး ကောင်စီကခွင့်ပြုဖြေလျှော့၍ ရေးဖြေစာမေးပွဲကင်းလွတ်ခွင့်ရသော အင်ဂျင်နီယာကြီးများသည် ကောင်စီ၏သက်မှတ်ချက်ဖြစ်သော ပညာရှင်အဆင့်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်သင်တန်းနှင့် အင်ဂျင်နီယာအဆင့် ဖွံ့ဖြိုးရေးအစီအစဉ်သင်တန်းများတက်ခြင်း၊ ပညာရှင်အဆင့်အတွေ့အကြုံနှင့်အရည်အသွေးပြည့်ဝမှု အစီရင်ခံစာ (PECR)၊ အင်ဂျင်နီယာအဆင့်အတွေ့အကြုံနှင့် အရည်အသွေးပြည့်ဝမှုအစီရင်ခံစာ (EECR) များကို တင်ပြမှုများပြုလုပ်ပြီး၊ လူတွေ့စစ်ဆေးအကဲဖြတ်ခြင်း (Assessment) ခံယူပြီးမှ အရည်အသွေးပြည့်မီသူများကို လက်မှတ်အသီးသီးထုတ်ပေးမည်ဖြစ်ပါသည်။ အလုပ်အမှုဆောင်အစည်းအဝေးဆုံးဖြတ်ချက်အရ ရေးဖြေကင်းလွတ်ခွင့်ပြုထားသော PE နှင့် RSE လက်မှတ်လျှောက်ထားသော အင်ဂျင်နီယာကြီးများ၏ Report အစီရင်ခံစာများကို ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) နေ့အထိသာ နောက်ဆုံးထား၍ လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ**

---

**ကွယ်လွန်သူတရားပြိုင်၏**
**တရားဝင်ကိုယ်စားလှယ်ထံသို့ပေးရန်ဆင့်စာ**
**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၂၊ နည်းဥပဒေ-၄)**
**ရှမ်းပြည်နယ်တရားလွှတ်တော်၌**
**၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၇**

| | | |
|---|---|---|
| ၁။ ဒေါ်အေးကြည်(ကိုယ်တိုင်နှင့် ကျန်တရားလိုများ၏ အခွင့်ရကိုယ်စားလှယ်)<br>၂။ ဒေါ်စိမ်းညို<br>၃။ ဦးအုန်းဖေ | **နှင့်** | ၁။ ဒေါ်ကြည်<br>၂။ ဦးအောင်သန့် (၄င်းတို့၏အခွင့်ရကိုယ်စားလှယ် ဒေါ်မြအေး)<br>၃။ ဒေါ်ရွှေသန်း<br>၄။ ဒေါ်ရီရွှေ<br>၅။ ဦးကျော်မြင့် (ကိုယ်တိုင်နှင့် ၃-၄ တရားပြိုင်များ၏ ကိုယ်စားလှယ်)<br>၆။ ဦးတက်ထွန်း<br>၇။ ဒေါ်စောမြိုင်(၄င်း၏ကိုယ်စားလှယ် ဦးတင်အောင်စိုး)<br>၈။ ဒေါ်အုန်းမေ (၄င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်မြအေး)<br>၉။ ဒေါ်မြင့်ဝေ (၄င်း၏ကိုယ်စားလှယ် ဒေါ်နန်းနွယ်နီဝေ) |
| **တရားလိုများ** | | **တရားပြိုင်များ** |

အိမ်အမှတ်(၃/၉၃)၊ ကံ့ကော်မြိုင်လမ်း၊ (ဂ)ရပ်ကွက်၊ ပါရမီ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးကျော်ဇေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် တရားလိုများက ဤရုံး၌ (၁)တရားပြိုင် ဒေါ်ကြည် ကွယ်လွန်သူအပေါ်တွင် တရားစွဲဆိုရာ သင်သည် ဆိုခဲ့သော ကွယ်လွန်သူ ဒေါ်ကြည်၏ တရားဝင်ကိုယ်စားလှယ်ဖြစ်ကြောင်း ၄င်းကွယ်လွန်သူ၏အစား သင့်ကို တရားပြိုင်အဖြစ် ထည့်သွင်းပါမည့်အကြောင်း တရားလိုများက လျှောက်ထားသောကြောင့် ၄င်းအမှုကို ထုချေရန် ဤရုံးသို့ ၂၀၁၈ခုနှစ် မတ် ၃၀ရက် (၁၃၇၉ခုနှစ် တန်ခူးလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီ လာရောက်ရမည်။ အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် ဆိုခဲ့သောအမှုတွင် သင့်မျက်ကွယ်တွင် ဆိုင်ဆိုကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **အမိန့်အရ-**

**(မာမာစိုးရင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်**

---

## ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ ဝိုင်အုပ်စု၊ အလက(ခွဲ) ပတ္တမြားရေတာ သတ္တမတန်း(A)မှ မအိဖြူနှင့် တတိယတန်း(A) မှ မောင်အောင်ဇော်ဖြိုးတို့၏ဖခင်အမည်မှန်မှာ ဦးအောင်မြင့် ၇/အဖန(နိုင်)၀၆၄၂၃၈ ဖြစ်ပါသည်။

**ဦးအောင်မြင့်**

## ဖခင်အမည်မှန်

လေးမျက်နှာမြို့နယ် (ခွဲ)အလက ရှားဖြူကျင်းကျောင်း ပဉ္စမတန်းမှ မောင်နေမင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးစောရွှေထွန်း ၁၄/လမန(နိုင်) ၀၆၃၄၃၈ ဖြစ်ပါကြောင်း။

**ဦးစောရွှေထွန်း**

## အမည်မှန်

လေးမျက်နှာ အထကကျောင်း နဝမတန်း(B)မှ မဆုရွှေရည်၏ အမည်မှန်မှာ မဆုရွှေရည်ဖြိုး ဖြစ်ပါကြောင်း။ **မဆုရွှေရည်ဖြိုး**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ခလိန်ကျေးရွာ အလက(ခွဲ) စတုတ္ထတန်းမှ မင်းကောင်းမွန်၏ဖခင်အမည်မှန်မှာ မင်းဝင်းစိုး ၃/ကကရ(နိုင်)၁၀၈၃၇၁ ဖြစ်ပါသည်။

**မင်းဝင်းစိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်နေ မအိနန္ဒာ၏ဖခင် ဦးထွန်းအေး(ခ)ဦးထွန်းမြင့် TTN ၁၂၅၅၂၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထွန်းအေး(ခ)ဦးထွန်းမြင့်**

---

## မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းသည် တည်ဆဲဥပဒေများအရ တရားဝင်ရပ်တည်လျက်ရှိကြောင်း ကြေညာချက်

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

(က) မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အသင်းမှတ်ပုံတင်အမှတ်(၂၉၄/၁၉၉၃-၁၉၉၄)အရ သီးခြားလွတ်လပ်စွာ တရားဝင်ရပ်တည်လျက်ရှိသောအသင်း (Legal Entity) ဖြစ်ပြီး မည်သည့်အသင်းအဖွဲ့၏ လက်အောက်ခံအဖွဲ့အစည်း/တွဲဖက်အဖွဲ့အစည်း/ဆက်စပ်အဖွဲ့အစည်းမဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(ခ) မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းနှင့်ပတ်သက်၍ အသင်း၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အများပြည်သူနှင့် ဌာနဆိုင်ရာများ အထင်အမြင်လွဲမှားစေရန် ပြောဆိုရေးသားပြုမူဆောင်ရွက်ခြင်းများ ဆောင်ရွက်မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြင့်လွင်** | **ဦးသက်နိုင်ထွန်း** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၇၄၄)** | **အထက်တန်းရှေ့နေ (စဉ်-၄၃၆၆၉)** |
| **LL.B, DBL** | **LL.B, DBL** |
| **Post Graduate Diploma inLegal,** | **Phone 09-5005967** |
| **Aspects of Marine Affairs (Cardiff)** | |
| **Phone 09-5001976** | |

**No.162,1st Floor, 35th Street, Kyauktada Township, Yangon.**

“ စေ့စပ်ကြောင်းလမ်းခြင်းမင်္ဂလာကျေးဇူးတင်လွှာ ”

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဗဟိုလမ်း၊ ခြံအမှတ်(၃၁)နေ
ဒေါက်တာဝင်းမြင့် (Managing Director, Business Development Co.,Ltd) +သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ဝါဝါ(Director, ASIA EXPRESS Co.,Ltd)တို့၏
တစ်ဦးတည်းသောသား

**မောင်အာကာဝင့်ကို** (Managing Director, Rich Asia Co.,Ltd)
Diploma In Architectural Technology(Malaysia),Bachelor of Applied Science in Architecture (Australia)
Bachelor of Architecture(Australia),Master of Architecture(Australia) နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဝင်ဒါမီယာ၊ အောင်မင်းခေါင်ဘုရားလမ်း၊ ခြံအမှတ်(၃၆/စီ)နေ
(ဦးဝင်းနိုင်)+ သီဟသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်း(Chairman, Win & San Diamonds and Fine Jewelry and Win & San Global Co.,Ltd)တို့၏ သမီးကြီး

**မချမ်းငြိမ်းဆု(ခ)မချမ်းဆုနိုင်**
Managing Director(Win & San Global Co.,Ltd), Co-founder of CKC Jewelry by Win & San
